# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသော ပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်သို့ ရောက်ရကုန်၏။ ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 5 January 2017 (၈၇၉၇)


## အသက်ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

### သီဟသူရ ဘွဲ့တံဆိပ်ရရှိသူတစ်ဦးနှင့် သူရဘွဲ့တံဆိပ်ရရှိသူ ၁၄ ဦးတို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၄**

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဘွဲ့တံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ယနေ့ပြုလုပ်သည့် အခမ်းအနားမှာ နိုင်ငံတော်တည်ဆောက်ရေးတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ထူးထူးချွန်ချွန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတာဝန်ကို မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရဲဝံ့စွန့်စားစွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းမည့် ထူးခြားလေးနက်သော အခမ်းအနားပင်ဖြစ်ပါကြောင်း။

ယခုလို ထူးခြားလေးနက်သည့် အခမ်းအနားကို မိမိတို့ မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံ၏ လွတ်လပ်ရေး ပြန်လည်ရရှိရန် အသက်၊ သွေး၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့**




နိုင်ငံတော်သမ္မတ ဦးထင်ကျော် သူရဘွဲ့ရရှိသည့် အမှတ်(၄) ခြေလျင်တပ်ရင်းမှ ကြည်း-၃၁၄၈၀ ဒုတိယဗိုလ်မှူးကြီးဇော်မျိုး(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်နွဲ့ရီဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## အင်ဒိုနီးရှားနိုင်ငံက ရခိုင်ပြည်နယ်ရှိ နစ်ဖက်လူ့အဖွဲ့အစည်းများအတွက် လုံချည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နှင့် ကလေးများအတွက် အစားအသောက်များပါသည့် ကွန်တိန်နာ ၁၀ လုံး ပေးပို့မည်

**နေပြည်တော် ဇန်နဝါရီ ၄**

"အင်ဒိုနီးရှားနိုင်ငံက ရခိုင်ပြည်နယ်မှာရှိတဲ့ အကူအညီလိုအပ်နေတဲ့သူတွေကို အကူအညီပေးဖို့ လုံချည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နဲ့ ကလေးငယ်တွေအတွက် အစားအသောက်တွေပါတဲ့ ကွန်တိန်နာ ၁၀ လုံးကို ပို့ဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာရှိတဲ့ မြန်မာသံရုံးရဲ့ အစီရင်ခံစာအရ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ကွန်တိန်နာလေးလုံး ပထမဦးဆုံးသင်္ဘောတင်တဲ့ အခမ်းအနားကို တန်ဂျုံပရီးယော့ (TANJUMGPRIOK) ဆိပ်ကမ်းမှာ ကျင်းပခဲ့တယ်လို့ သိရပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ပြောသည်။

ရခိုင်ပြည်နယ်ရှိ အကူအညီလိုအပ်နေသည့်သူများအား အင်ဒိုနီးရှားနိုင်ငံမှ အကူအညီအထောက်အပံ့ပေးအပ်မည့် အစီအစဉ်သည် တရားဝင်သံတမန် လမ်းကြောင်းမှ တရားဝင်ဆက်သွယ် အဆိုပြုချက်များအပေါ် အခြေပြုပြီး မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ အစိုးရနှစ်ရပ်အကြား ညှိနှိုင်းဆောင်ရွက်သည့် အစီအမံတစ်ခုဖြစ်ကြောင်း သိရသည်။

ဦးကျော်မိုးထွန်းက "ကွန်တိန်နာလေးလုံး ပထမဦးဆုံး သင်္ဘောတင်တဲ့ အခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ


**စာမျက်နှာ ၈ ကော်လံ ၁ သို့**





# ကြေးမုံ

## လောဘဒေါသကို မေတ္တာဖြင့်ကုစား

နှစ်ဟောင်းကုန်၍ နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်ဖြင့် ကောင်းမွန်သောဘဝများကို တည်ဆောက်ရန် လူတိုင်းလူတိုင်း၌ ဆန္ဒရှိကြမည်ဖြစ်သည်။ သို့ရာတွင် ပုထုဇဉ်လူသားများပီပီ သမုဒယကိလေသာကို ပါးလျားအောင် အားထုတ်ဖို့ ခဲယဉ်းမည်ဖြစ်သည်။ ထိုသို့ခဲယဉ်းသောကြောင့် လူ့ဘောင်လောကတွင် မငြိမ်းအေးနိုင်သောပဋိပက္ခများ အရှင်းမပြတ်သလို ရှင်သန်နေသည်ဟု ဆိုနိုင်သည်။

မျက်မှောက်လူ့ဘောင်လောကတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အမုန်းတရားများ ကြီးထွားလျက်ရှိသည်။ အခန့်မသင့်သော သာမန်အမှုကိစ္စငယ်များ၊ ဆန့်ကျင်ဘက်သဘောတရားငယ်များမှအစ အမြင်မတူ၊ အယူအဆကွဲလွဲပြီး ငါမှငါဟူသော ငါဟူသည့် မာန်မာနများ ကြီးထွားကာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ နောက်မဆုတ်တမ်း ပဋိပက္ခလမ်းသို့ တစ်သွားတည်းသွားနေသော ဒေါသမီးမှာ ငြိမ်းသတ်ရန်ခက်လှသည်။

အမှန်တကယ်တွင် ဒုက္ခဆင်းရဲဖြစ်စေနိုင်သည့် ပဋိပက္ခများကို မည်သူမျှလိုလားမည်မဟုတ်ချေ။ မိမိတို့၏ လောဘ၊ ဒေါသ၊ မောဟများကို အရှင်းမသတ်နိုင်၍သာ သိလျက်နှင့် မိုက်နေခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ စိတ်နေစိတ်ထားများကို အကောင်းဘက်သို့ ရောက်အောင် ပြုပြင်အားထုတ်သင့်သည်။ လူသာခုခေါ်၊ နတ်သာခုခေါ်နိုင်လောက်အောင် မိမိတို့၏စိတ်ထား ဖြူစင်ကောင်းမြတ်အောင် ပြုပြင်ထိုက်သည်။

သူတော်ကောင်းတို့ချီးမွမ်းဖွယ်၊ လူအများတို့အားကျဖွယ် မိမိစိတ်ကို ထိန်းသိမ်းစောင့်စည်းနိုင်အောင် ကျင့်ကြံအားထုတ်ခဲ့သည့် မိလိန္ဒမင်းကြီး၏ အမူအကျင့်မှာ အတုယူစရာဖြစ်သည်။ လောကကိုပိုင်စိုးတော်မူသော မင်းဧကရာဇ်ပင်ဖြစ်သော်ငြားလည်း သူတော်ကောင်းတရားပွားများ မြင့်မြတ်သည့် အထက်တန်းစားသို့ရောက်အောင် အားထုတ်နိုင်မှုမှာ ထူးခြားသည့်ပါရမီကို ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။


မိလိန္ဒမင်းကြီး၏ စောင့်စည်းပုံကား နံနက်စောစောအိပ်ရာထလျှင် ဝတ်ရိုးဝတ်စဉ် အဝတ်တန်ဆာကို မဝတ်ဆင်တော့ဘဲ ရဟန်းအသွင်မဟုတ်သော်လည်း ရဟန်းကဲ့သို့ စင်ကြယ်သောသင်္ကန်းဖြင့် ရှစ်ပါးသော အချက်များကို ခုနစ်ရက်တာပတ်လုံး စွဲမြဲစွာဆောက်တည်ခဲ့သည်။

ယင်းရှစ်ပါးမှာ ခုနစ်ရက်အတွင်း မင်းကိစ္စကိုမပြုတော့ပြီ။ ရာဂစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။ ဒေါသစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။ မောဟစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။ ကျေးတော်၊ ကျွန်တော်၊ အလုပ်သမား၊ အမှုတော်ထမ်းများအပေါ်၌ စိတ်ကိုနှိမ်ချ၍ မာန်မာနမဖြစ်အောင် စောင့်စည်းမည်။ ကိုယ်မှု၊ နှုတ်မှုများ ထူးခြားစွာစောင့်စည်းမည်။ မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရသမျှသော အာရုံများအတွက် အကုသိုလ်မဖြစ်အောင် မျက်စိ၊ နားစသော ဣန္ဒြေများကို စောင့်စည်းမည်။ သတ္တဝါအားလုံးတို့အပေါ်မှာ မေတ္တာစိတ်ထားမည်ဟူ၍ဖြစ်သည်။

မိလိန္ဒမင်းကြီး၏ စိတ်ပြုပြင်ပုံကိုအတုယူလျက် သူတော်ကောင်းဘက် အထက်တန်းသို့ရောက်လိုသော အမျိုးသား၊ အမျိုးသမီးတို့သည် မိမိတို့နေရာဌာနမှာပင် တစ်နေ့ တစ်ရက်၊ တစ်နံနက်စသည်ဖြင့် ရက်ပိုင်းခြား၍ မိမိသန္တာန်၌ ဖြစ်လေ့ရှိသော အကုသိုလ်စိတ်များ မဖြစ်ရလေအောင် တတ်နိုင်သမျှ မကြာမကြာ အထူးစောင့်စည်းသင့်သည်။ ဤသို့ စောင့်စည်းဖန်များလျှင် အကုသိုလ်စိတ်အထူးနည်းပါးသော သူတော်စင်အဖြစ်သို့ တက်ရောက်၍ သဒ္ဓါထူး၊ ပညာထူး ပေါ်ပေါက်လာလိမ့်မည်။ ရက်ပေါင်းအတော်ကြာအောင် နဂိုဖြစ်တတ်သော အကုသိုလ်စိတ်များ မဖြစ်ဘဲ ရှိပေလိမ့်မည်။

ဤလောကကြီးကို စိတ်သည် ဆောင်ကြဉ်းအပ်သည်။ ဤလောကကြီးကို စိတ်သည် ဆွဲငင်အပ်သည်။ သတ္တဝါအားလုံးတို့သည် စိတ်တည်းဟူသော အလိုသို့လိုက်နေရသည်။ ထိုသို့လိုက်ရင်းလိုက်ရင်း ဒေါသ၊ လောဘ၊ မောဟတရားများဖိစီးကာ မလုပ်သင့်သောအလုပ်များ၊ မဖြစ်သင့်သော ပဋိပက္ခများဖြစ်ရသည်။ ယင်းသို့မဖြစ်အောင် ဤသို့ တတ်နိုင်သမျှ ကျင့်ကြံအားထုတ်သင့်သည်။

ဒုက္ခဆင်းရဲနှင့်နှလုံးမတွေ့ဖွယ် ပဋိပက္ခဟူသည် မကြုံတွေ့ချင်ဘဲ ကြုံတွေ့ရမည့်တရားများဖြစ်သည်။ ယင်းတို့ကို ရင်ဆိုင်နိုင်ရန်၊ ပါးလျားနိုင်ရန် မေတ္တာအခြေခံသောတရားများကို ပွားများအားထုတ်သင့်သည်။။




## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်ခန်းစာပို့ချ

**ကျောက်မဲ ဇန်နဝါရီ ၄**

ကျောက်မဲမြို့ အခြေခံပညာ အလယ်တန်းကျောင်းခွဲ အမက(၆) တွင် သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၂၀၀ အား ဇန်နဝါရီ ၃ ရက်မှစတင်၍ အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူး ချစ်စိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို သင်ခန်းစာအဖြစ် ပို့ချပေးသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်ခန်းစာများကို ကျောက်မဲမြို့ပေါ်ရှိ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်းတွင် ပို့ချပေးခဲ့ပြီး အခြေခံပညာ အထက်တန်းကျောင်းများ၌ ဆက်လက်ပို့ချသွားနိုင်ရန် အတွက် ကျောက်မဲခရိုင်နှင့် မြို့နယ်ပညာရေးမှူးတို့ထံ ညှိနှိုင်းအကူအညီ တောင်းခံထားကာ အချိန်ဇယားရရှိသည်နှင့် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

## ရခိုင်ပြည်နယ်သို့ အာဆီယံနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၄**

ရခိုင်ပြည်နယ်သို့ အာဆီယံနိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်သို့ အာဆီယံနိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးရာတွင် လိုက်နာရန် အချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနက ၂-၁-၂၀၁၇ ရက်စွဲဖြင့် အာဆီယံနိုင်ငံများ၏ သံရုံးများအား အကြောင်းကြားခဲ့ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ရခိုင်ပြည်နယ်သို့ အကူအညီများပေးပို့ရာတွင် သံတမန်လမ်းကြောင်းမှ တစ်ဆင့် အကြောင်းကြားပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကူအညီများ ရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်၊ အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များအတွက် သက်ဆိုင်သည့် ဌာနအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သဖြင့် အကူအညီပေးသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ အလေးချိန်တို့ကို ကြိုတင်အကြောင်းကြားရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အကူအညီများကို ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်း နှစ်ခုလုံးအား ခွဲခြားမှုမရှိဘဲ ပေးရန်လိုအပ်ပြီး ကူညီရေးပစ္စည်းများ ရန်ကုန်လေဆိပ်နှင့် ဆိပ်ကမ်းများသို့ ရောက်ရှိချိန်တွင် ထိုပစ္စည်းများကို ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရေးအတွက် သက်ဆိုင်သည့်ဌာနများနှင့် အလှူရှင်နိုင်ငံများကို နိုင်ငံခြားရေးဝန်ကြီးဌာနက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အစိုးရက ထိုအကူအညီများကို အသိုင်းအဝိုင်း နှစ်ခုလုံးသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကာ အလှူရှင်နိုင်ငံအနေဖြင့် ဒေသတစ်ခု၊ သို့မဟုတ် ရွာတစ်ရွာသို့ အလှူပစ္စည်းများ ဖြန့်ဖြူးပေးလိုပါက ထိုနေရာများသို့ ရောက်ရှိရေးအတွက် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလှူရှင်နိုင်ငံအနေဖြင့် ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား လုပ်လိုပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် အကူအညီပစ္စည်းများ ပေးအပ်နိုင်မှုအခြေအနေကို သက်ဆိုင်ရာ သံရုံးများအား နိုင်ငံခြားရေးဝန်ကြီးဌာနက အကြောင်းကြားသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

အာဆီယံနိုင်ငံများအနေဖြင့် ငွေသားဖြင့် လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ငွေစာရင်းသို့ ပေးပို့လှူဒါန်းနိုင်ပြီး ရခိုင်ပြည်နယ်သို့ လှူဒါန်းလိုသူများအနေဖြင့် ထိုအချက်များကို အလေးအနက်လိုက်နာရန် လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ရခိုင်ပြည်နယ်သို့ အကူအညီများပေးရာတွင် ထိုအချက်များကို အလေးအနက်ထားလိုက်နာရန် နိုင်ငံခြားရေးဝန်ကြီးဌာနက အသိပေးအကြောင်းကြားထားကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏မူဝါဒနှင့်အညီ အင်ဒိုနီးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများပေးအပ်ရန် တရားဝင်အဆိုပြုကမ်းလှမ်းထားပြီး လိုအပ်သလို ဖြန့်ခွဲပို့ဆောင်နိုင်ရေး နှစ်နိုင်ငံ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြူစန္ဒာမြင့်၊ သီသီမင်း
အလယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၅၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၁)ခြေလျင်တပ်ရင်းမှ ကြည်း-၃၈၃၂၆ ဗိုလ်ကြီးနေလဝင်း(ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူဒေါ်မြိုင်အား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၁၀၉) ခြေမြန်တပ်ရင်းမှ ကိုယ်ပိုင်အမှတ်-၅၉၇၃၈၅ ဒုတိယအရာခံဗိုလ်ဝင်းနိုင်(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူဒေါ်မိမိစန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**ရှေ့ဖုံးမှ**

ချွေးပေါင်းများစွာ ရင်းနှီးပြီး နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြရပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာတစ်မျိုးသားလုံး ဖွဲ့ လုံ့လ၊ သတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ် ကြိုးစားခဲ့သည့်အတွက် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

အမျိုးသားခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်များ စွန့်လွှတ်စွန့်စားအားထုတ်ကြိုးပမ်းရယူခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ အစဉ်ထာဝရ တည်တံ့စေရန်အတွက် လွတ်လပ်ရေးအရယူခဲ့သည့် အချိန်ကကဲ့သို့ မြန်မာတစ်မျိုးသားလုံး ညီညီညွတ်ညွတ် လက်တွဲကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း၊ (၆၉)နှစ်တိုင်ခဲ့ပြီဖြစ်သည့် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် လွတ်လပ်သည့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် တာဝန်သည် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

ယခုလို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရန် ရည်မှန်းချက်ထားပြီး ဘက်စုံထောင့်စုံက တည်ဆောက်ရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များတွင် တိုင်းကျိုးပြည်ကျိုးကို အများထက် ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ပြုချီးမြှင့်ခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတစ်ပါးပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့၏ အသက်ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြချက်အရ ယခုလိုဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကျင်းပပြီး သီဟသူရဘွဲ့တံဆိပ်ရရှိသူတစ်ဦးနှင့် သူရဘွဲ့တံဆိပ်ရရှိသူ ၁၄ ဦးတို့အား ဂုဏ်ယူစွာဖြင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

ယနေ့ ရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များသည် မိမိတို့ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသည့်ဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့၏စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံရသည့် သင်္ကေတအမှတ်အသားတစ်ခုဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်းမပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက်ဂုဏ်ယူစရာပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူကိုယ်စားလေးစားဂုဏ်ယူပါသည်ဟုလည်း အလေးအနက် ပြောကြားလိုပါကြောင်း။

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့် အညီဆောင်ရွက်ခြင်းဖြစ်ပြီး မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ထိုက်ထိုက်တန်တန် မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်း ခံရခြင်းဖြစ်ပါကြောင်းနှင့် ဆက်လက်ပြီး နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမျိုးစွဲ၊ ဝါဒစွဲမထားဘဲ၊ စိတ်ဝမ်းမကွဲကြဘဲ သမိုင်းကြောင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း မိမိတို့နိုင်ငံ၊ မိမိတို့၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါ၊ မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ မိမိတို့လို ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ လက်ဆင့်ကမ်းပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၆ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သီဟသူရဘွဲ့ရရှိသူ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းမှ ကြည်း-၅၃၀၉၈ ဗိုလ်ကြီးစွမ်းရည်အောင် (ကျဆုံး) ကိုယ်စား ဖခင်ဖြစ်သူ ဦးခင်မောင်ဝင်း၊ သူရဘွဲ့ရရှိကြသည့် အမှတ်(၄) ခြေလျင်တပ်ရင်းမှ ကြည်း-၃၁၄၈၀ ဒုတိယဗိုလ်မှူးကြီးဇော်မျိုး (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူဒေါ်နွဲ့ရီဝင်း၊ အမှတ်(၆)ခြေမြန်တပ်ရင်းမှ ကြည်း-၃၄၂၂၇ ဗိုလ်မှူးရာဇာမင်းထွန်း (ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူဒေါ်နှင်းပွင့်ဟန်၊ အမှတ်(၁)ခြေလျင်တပ်ရင်းမှ ကြည်း-၃၈၃၂၆ ဗိုလ်ကြီးနေလဝင်း (ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မြိုင်၊ အမှတ်(၁၁)ခြေလျင်တပ်ရင်းမှ ကြည်း -၄၂၆၆၇ ဗိုလ်ကြီးမင်းအောင်၊ အမှတ်(၄)ခြေလျင်တပ်ရင်းမှ ကြည်း-၄၆၉၄၇ ဗိုလ်ကြီးငြိမ်းချမ်းကျော် (ကျဆုံး)ကိုယ်စား ဖခင်ဖြစ်သူဦးမျိုးဝင်း၊ တပ်မတော်ကြည်းဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ကြည်း-၅၄၅၆၁ ဗိုလ်ကြီးစိုးညွန့်နိုင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ)မှ ကြည်း-၅၅၇၀၄ ဗိုလ်ကြီးရန်ကျော်၊ စစ်တက္ကသိုလ်မှ ကြည်း-၆၀၇၇၃ ဗိုလ်ကြီးသက်ခိုင်၊ အမှတ်(၉)ခြေမြန်တပ်ရင်းမှ ကြည်း-၆၁၆၉၀ ဗိုလ်ကြီးပြည့်စုံအောင်၊ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းမှ ကိုယ်ပိုင်အမှတ်-၅၉၇၃၈၅ ဒုတိယအရာခံဗိုလ်ဝင်းနိုင်(ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူဒေါ်မိမိစန်း၊ အမှတ်(၆) ခြေမြန်တပ်ရင်းမှ တ/၃၂၇၁၁၁ ဒုတိယတပ်ကြပ်လှအေး (ကျဆုံး)ကိုယ်စား အစ်ကိုဖြစ်သူ ဦးလှမျိုး၊ အမှတ်(၁၁၉) ခြေမြန်တပ်ရင်းမှ တ/၃၇၂၃၃၅ ဒုတိယတပ်ကြပ်ရဲဇော် (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူဒေါ်ဇီးဖြူမ၊ အမှတ်(၄) ခြေလျင်တပ်ရင်းမှ တ/၄၀၄၀၀၉ ဒုတိယတပ်ကြပ်နေမင်း (ကျဆုံး)ကိုယ်စား မိခင်ဖြစ်သူဒေါ်သန်းမြင့်၊ အမှတ်(၁၁)ခြေလျင်တပ်ရင်းမှ တ/၄၇၇၂၁၅ ဒုတိယတပ်ကြပ်ပိုးလေးတို့အား ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သီဟသူရဘွဲ့၊ သူရဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် သီဟသူရဘွဲ့တံဆိပ်ရရှိသူတစ်ဦးနှင့် သူရဘွဲ့တံဆိပ်ရရှိသူ ၁၄ ဦးတို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇန်နဝါရီ ၄**

Mr. Waldemar Dubaniowski အား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပိုလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Waldemar Dubaniowski အား ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပိုလန်နိုင်ငံ ဝါဆောမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဝါဆောတက္ကသိုလ်တွင် လူမှုသိပ္ပံဘာသာရပ်အား လေ့လာသင်ယူခဲ့ပြီး ဝါဆောစီးပွားရေးတက္ကသိုလ်တွင် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်တို့အား ဘွဲ့လွန်အထိ လေ့လာသင်ယူခဲ့သည်။ Mr. Waldemar Dubaniowski သည် ၁၉၉၃ ခုနှစ်တွင် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး၏ အကြံပေးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဥရောပပေါင်းစည်းရေးနှင့် နိုင်ငံခြား အထောက်အပံ့များဆိုင်ရာ အစိုးရအဖွဲ့ရုံးတွင် ကျွမ်းကျင်ပညာရှင်အဖြစ်လည်းကောင်း၊ ဝန်ကြီးများရုံး၊ စီးပွားရေးကော်မတီတွင် ဝန်ကြီး၏ အကြံပေးအဖြစ်လည်းကောင်း၊ ပိုလန်နိုင်ငံသမ္မတ၏ အ စိုးရအဖွဲ့ရုံးတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ပိုလန်နိုင်ငံ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးနှင့် အစိုးရအဖွဲ့ရုံး အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ စင်ကာပူနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လမှစတင်ကာ Innovative Poland ဖောင်ဒေးရှင်းတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ Mr. Waldemar Dubaniowski သည် အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာနှင့် ရုရှားဘာသာစကားများ တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်ရှင်ဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**(သတင်းစဉ်)**

**ဘင်္ဂလားပင်လယ်အော်မှ**

ဇန်နဝါရီ ၄ ရက်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

လက်ရှိတွင် ရှမ်းပြည်နယ်ဘက်၌ မိုးရွာသွန်းမှုပိုမိုများပြားခဲ့ပြီး နေပြည်တော်၊ မန္တလေး၊ မကွေး၊ ချင်း၊ စစ်ကိုင်းနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုများရှိကြောင်းနှင့် ယင်းသို့မိုးရွာသွန်းမှုဖြစ်ပေါ်ရခြင်းမှာ အရှေ့မြောက်ပိုင်းမှလာသည့် လေဖိအားကြီးရပ်ဝန်းကြောင့် ဖြစ်ကြောင်းလည်း သိရသည်။

**(နိုင်လင်းကြည်)**

**သဘာဝဘေးအန္တရာယ် လျော့ကျစေရေး**
**ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေး**

# တရုတ်နိုင်ငံမှ လန်ဒန်မြို့သို့ ကုန်စည်ရထားပြေးဆွဲမည်



**လန်ဒန် ဇန်နဝါရီ ၄**
တရုတ်နိုင်ငံ ယင်ဝူမြို့မှ လန်ဒန်မြို့သို့ ကုန်စည်ရထားပို့ဆောင်ရေးဝန်ဆောင်မှုကို ပထမဆုံးအနေဖြင့် စတင်လိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

ယင်ဝူမြို့သည် တရုတ်နိုင်ငံ ကျန်ကျန့်စီရင်စုရှိ ဈေးမြို့တော်တစ်ခုဖြစ်သည်။

အဆိုပါကုန်ရထားသည် တရုတ်နိုင်ငံမှ ဗြိတိန်နိုင်ငံသို့ မိုင်ပေါင်း ၇၅၀၀ ကျော် (၁၂၀၀၀ ကီလိုမီတာ) ခုတ်မောင်းရမည်ဖြစ်သည်။ ရက်ပေါင်း ၁၈ ရက်တိုင်တိုင် ကြာညောင်းမည်ဖြစ်သည်။ လမ်းတစ်လျှောက်တွင် ကာဇက်စတန်၊ ရုရှား၊ ဘယ်လာရုစ်၊ ပိုလန်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်နိုင်ငံများကို ဖြတ်သန်းသွားမည်ဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဒေးဗစ်ကင်မရွန်းက တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ အနောက်နိုင်ငံများသို့ စီးဝင်ရောက်ရှိမှုတွင် ဗြိတိန်နိုင်ငံကို ဂိတ်တံခါးတစ်ခုအဖြစ် သတ်မှတ်နိုင်ရန် မဟာမိတ်နိုင်ငံများနှင့် စီးပွားရေးအမြင်များ ဖလှယ်ခဲ့သည်။

ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့မှ နုတ်ထွက်ခဲ့သောကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကိုရရှိရန် ကြိုးပမ်းလျက်ရှိသည့်အတွက် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် ထရီစာမေက ဆိုသည်။

**ရိုက်တာ။**

❑

# မော်တော်ကားပျံယာဉ် ဈေးကွက်တင်နိုင်ရေး အစ္စရေး၌ သုတေသနပြုတည်ဆောက်လျက်ရှိ

**ယာဗင်း ဇန်နဝါရီ ၄**
အစ္စရေးနိုင်ငံရှိ နည်းပညာကုမ္ပဏီတစ်ခုက သုတေသနပြုတည်ဆောက်လျက်ရှိသော "မော်တော်ကားပျံ"ယာဉ်ကို ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ဈေးကွက်တင်ရောင်းချနိုင်မည်ဟုမျှော်လင့်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ကော်မိုရန့်ဟုအမည်ပေးထားသော မော်တော်ကားပျံကို ထုတ်လုပ်နိုင်ရန် မြို့ပြလေကြောင်းအာကာသနည်းပညာကုမ္ပဏီက ၁၅ နှစ်ကြာ သုတေသနပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းမော်တော်ကားပျံကို နိုဝင်ဘာလအတွင်းက ပထမဆုံးအကြိမ် ခရီးစဉ်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း အဆိုပါကုမ္ပဏီထူထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ရာဖီယိုလီက ရိုက်တာသတင်းဌာနသို့ပြောကြားသည်။

ကော်မိုရန့်မော်တော်ကားပျံသည် ကီလို ၅၀၀ (တန်တစ်ဝက်ခန့်မျှ) အလေးချိန်ကို သယ်ယူပို့ဆောင်ပေးနိုင်စွမ်းရှိပြီး တစ်နာရီလျှင် ၁၈၅ ကီလိုမီတာ(၁၁၅ မိုင်)နှုန်းဖြင့် ခရီးသွားလာနိုင်သည်။ မော်တော်ကားပျံတစ်စင်းလျှင် ဒေါ်လာ ၁၄ သန်းခန့် တန်ဖိုးသတ်မှတ်ထားသည်။

မော်တော်ကားပျံသည် မောင်းနှင်အားအတွက် ရဟတ်ယာဉ်ပန်ကာများ အသုံးမပြုဘဲ ကိုယ်ထည်အတွင်း ဒလက်များကို အသုံးပြုကြောင်း၊ ဘေးအန္တရာယ်ရှိနေသော နယ်မြေဒေသအတွင်းရှိ ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ပြီး စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များက ဘေးအန္တရာယ်ပြွမ်းတီးသော နယ်မြေဒေသတစ်ခုသို့ မော်တော်ကားပျံအသုံးပြု၍ ဝင်ထွက်နိုင်မည်ဖြစ်ကြောင်း မြို့ပြလေကြောင်းအာကာသနည်းပညာကုမ္ပဏီ အကြီးအကဲယိုလီက ပြောကြားသည်။




ယိုလီသည် ၂၀၀၁ ခုနှစ်တွင် အစ္စရေးနိုင်ငံ အလယ်ပိုင်းယာဗင်းမြို့ရှိ လေယာဉ်ပျံသိုလှောင်ရုံ တစ်ရုံအား အခြေစိုက်ကာ မော်တော်ကားပျံထုတ်လုပ်ရေးစခန်းကို ဖွင့်လှစ်ခဲ့သည်။

မော်တော်ကားပျံသည် ရဟတ်ယာဉ်တစ်စင်းထက်ပိုမို၍ ဘေးအန္တရာယ်လုံခြုံမှုရှိကြောင်း၊ မောင်းသူမဲ့လေယာဉ်ကဲ့သို့ အဆောက်အအုံများကြားမှ ပျံသန်းနိုင်ပြီး လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ အောက်ဘက်မှ ငုံ့လျှိုးပျံသန်းနိုင်ကြောင်း၊ ယာဉ်၏ပန်ကာ တပ်ဆင်ထားခြင်းမရှိသဖြင့် ပြင်ပအရာဝတ္ထုများနှင့် ဝင်ရောက်တိုက်မိမှုမရှိနိုင်ကြောင်း ယိုလီက ပြောကြားသည်။

**ရိုက်တာ။**

# ဖိလစ်ပိုင်တွင် သူပုန်အဖွဲ့နှင့်ဆက်နွှယ်သူများက အကျဉ်းထောင်ကို စီးနင်းကာ အကျဉ်းသားများ လွှတ်ပေး

**မနီလာ ဇန်နဝါရီ ၄**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ အကျဉ်းထောင်တစ်ခုကို မွတ်စလင်သူပုန်များနှင့်ဆက်နွှယ်မှုရှိသည့် လက်နက်ကိုင်အင်အား ၁၀၀ နီးပါးက ဝင်ရောက်စီးနင်းခဲ့ကြောင်း၊ ထောင်စောင့်တစ်ဦး သတ်ဖြတ်ခံခဲ့ရပြီး အကျဉ်းသား ၁၅၀ ကျော်ကို ၎င်းတို့က လွှတ်ပေးခဲ့ကြောင်း၊ အကျဉ်းသားအချို့မှာ မွတ်စလင်စစ်သွေးကြွများဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

အရှေ့တောင်အာရှတွင် ရိုမန်ကက်သလစ်ခရစ်ယာန်ဘာသာဝင်အများဆုံးနေထိုင်သည့် ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံတောင်ပိုင်းကျွန်းစုများ၌ မွတ်စလင်သူပုန်များ၏ ပုန်ကန်ထကြွမှုနှင့် ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့နေရသည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းကို တာဘာတိုခရိုင် ကီဒါပါဝမ်မြို့ရှိ အကျဉ်းထောင်ကို လက်နက်ကိုင်များက စီးနင်းကာ အစောင့်များကို သေနတ်များဖြင့် တရစပ်ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါအကျဉ်းထောင်တွင် အကျဉ်းသား ၁၅၁၁ ဦးကိုထိန်းသိမ်းထားပြီး ၁၅၈ ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း အဆိုပါထောင်မှ ထောင်မှူး ပီတာဘွန်ဂတ်က ပြောကြားသည်။


အကျဉ်းသားခြောက်ဦးအား ပြန်လည်ဖမ်းမိခဲ့ပြီး နှစ်ဦးမှာ လက်နက်ချခဲ့ကြောင်းနှင့် အခြားခြောက်ဦးမှာ သေဆုံးသွားကြောင်း ဖိလစ်ပိုင်သမ္မတရုံးက ပြောကြားသည်။

ဘန်ဆာမိုရိုအစ္စလာမ့်လွတ်မြောက်ရေးတိုက်ပွဲဝင်သူများ (ဘီအိုင်အက်ဖ်အက်ဖ်)အမည်ရှိ သူပုန်အဖွဲ့က ၎င်းတို့၏အဖွဲ့ဝင်များ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမည့်အစီအစဉ်ကို မိမိတို့ရုံးအနေဖြင့် လွန်ခဲ့သည့်နှစ် ဒုတိယသုံးလပတ်ကာလကပင် တစ်စွန်းတစ်စသိရှိခဲ့ပြီးဖြစ်ကြောင်း မြောက်ကိုတာဘာတိုမြို့၏ယာယီမြို့တော်ဝန် နာဟီယန်မာကာဆာတေက ပြောကြားသည်။

အကျဉ်းသားများထဲတွင် လူသတ်သမားများ၊ ဗုံးပြုလုပ်တတ်သူများပါဝင်ပြီး ၎င်းတို့ကို မိမိတို့က အနီးကပ်စောင့်ကြည့်ခဲ့ကြောင်း ၎င်းက အေအန်စီရုပ်သံသတင်းသို့ ပြောကြားသည်။

ယင်းအကျဉ်းထောင်တိုက်ခိုက်မှုကို ခေါင်းဆောင်သူမှာ တပ်မှူးဒါကိုင်းဟု လူသိများသူဖြစ်ပြီး ၎င်းသည် မိုရိုအစ္စလာမ့် လွတ်မြောက်ရေးတပ်ဦး (အမ်အိုင်အယ်လ်အက်ဖ်)၏ဂိုဏ်းခွဲ(ဘီအိုင်အက်ဖ်အက်ဖ်) နှင့် ချိတ်ဆက်မှုရှိသူဖြစ်ကြောင်း မာကာဆာတေက ပြောကြားသည်။

**ရိုက်တာ။**



**ဝါရှင်တန် ဇန်နဝါရီ ၄**
အမေရိကန်ရွေးကောက်ခံ သမ္မတလောင်း ဒေါ်နယ်လ်ထရန့်က ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ကာရိုလင်းကနေဒီ နေရာတွင် သူ၏နိုင်ငံရေးအသွင်ပြောင်းလဲရေးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဝီလီယံ ဟာဂျာတီအား အစားထိုးခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဝီလီယံ ဟာဂျာတီသည် ဒေါ်နယ်ထရန့်နှင့် အလွန်အမင်း ရင်းနှီးကျွမ်းဝင်သူဖြစ်ပြီး မစ်ရိုနေးအပါအဝင် ရီပတ်ဘလီကန်အမာခံအဖွဲ့ဝင်များနှင့်လည်း ခင်မင်ရင်းနှီးမှုရှိကြောင်း သတင်းများအရ သိရသည်။

ဟာဂျာတီသည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပုဂ္ဂလိကအကြံပေးလုပ်ငန်းတစ်ခုထူထောင်ထားပြီး အခြေချနေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်သည်။

ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်နေရာကို ဂျပန်ဘေ့စ်ဘောအသင်း၏ မန်နေဂျာ ဘော်ဘီ ဗာလင်တင်းအပါအဝင် လူအများအပြားအနက် ရွေးချယ်ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

အကယ်၍ ဟာဂျာတီအား ထရန့်က ဂျပန်သံအမတ်အဖြစ်ရွေးချယ်ပြီး ကွန်ဂရက်က သဘောတူလက်ခံခဲ့ပါက ဟာဂျာတီသည် လက်ရှိ ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ကာရိုလင်းကနေဒီ နေရာကို အစားထိုးဝင်ရောက်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဒေါ်နယ်လ်ထရန့်သည် တရုတ်နှင့် အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်များ ခန့်အပ်ရန် ရွေးချယ်ထားပြီးဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ခန့်အပ်ရန် ဒေါ်နယ်လ်ထရန့်စီစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားစဉ်။ (သတင်းစဉ်)

❖ **(၆၉)နှစ်မြောက်မှ**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

နံနက် ၆ နာရီတွင် အခမ်းအနားသို့တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

နံနက် ၆ နာရီ ၄၅ မိနစ်တွင် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်( ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးမြင့်ဆွေသည် အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့်ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော်အနေဖြင့် အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မည်သည့်အစိုးရ၊ မည်သည့်စနစ်၊ မည်သည့်ခေတ်ကာလတွင်မဆို နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာစောင့်သိပြီး ရဲဝံ့စွန့်စားသည့်စိတ်ထားဖြင့် စွမ်းရည်၊ စွမ်းအားပြည့်ဝစွာဆောင်ရွက်ခဲ့ကြောင်း၊ သူရသတ္တိအပြည့်ဖြင့် ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ကြရာတွင် အချိန်မှန်၊ နေရာမှန်၊ အခြေအနေမှန်တွင် ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ မလိုလားအပ်သည့် ဆုံးရှုံးမှုများကို ရှောင်လွှဲနိုင်မည်ဖြစ်သကဲ့သို့ ပေးအပ်ထားသော ရည်မှန်းချက်တာဝန်ကို ဖော်ဆောင်ရာတွင် အောင်မြင်မှုများ အပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် တိုင်းရင်းသားအချင်းချင်း ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများကိုဖြစ်ပေါ်စေသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရာတွင် စစ်ရေးနည်းလမ်းထက်ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးကို ခေတ်အဆက်ဆက်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ စစ်ရေးဆိုသည်မှာ မိမိ၏ အသက်ခန္ဓာနှင့်ရင်းပြီး တိုက်ခိုက်ရခြင်းဖြစ်သည့်အတွက် မိမိတို့တပ်မတော်သားများအနေဖြင့် ငြိမ်းချမ်းရေးကို အလိုလားဆုံးဖြစ်ကြောင်းကို ရိုးသားစွာထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိတွင်လည်း တပ်မတော်သည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးကြီး တစ်ဦး၊ ဒုတိယ ဗိုလ်မှူးကြီး လေးဦး၊ ဗိုလ်မှူးရှစ်ဦး၊ ဗိုလ်ကြီး ၁၆ ဦး၊ ဗိုလ် သုံးဦး၊ ဒုတိယအရာခံဗိုလ် ခုနစ်ဦး၊ တပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး ခြောက်ဦး၊ တပ်ကြပ် ရှစ်ဦး၊ ဒုတိယတပ်ကြပ် ၁၈ ဦးနှင့် တပ်သား သုံးဦးတို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်မှူး ခြောက်ဦး၊ ဗိုလ်ကြီး သုံးဦး၊ ဒုတိယအရာခံဗိုလ် နှစ်ဦး၊ တပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ် တစ်ဦးနှင့် ဒုတိယတပ်ကြပ် နှစ်ဦးတို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ဗိုလ်ချုပ်နှစ်ဦး၊



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (မသစ/ရသစ)

ဗိုလ်မှူးကြီး လေးဦး၊ ဒုတိယဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်မှူး ခြောက်ဦး ၊ ဗိုလ်ကြီး ရှစ်ဦး၊ အရာခံဗိုလ် သုံးဦး၊ အုပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး ငါးဦး၊ တပ်ကြပ် တစ်ဦး၊ တပ်သားနှစ်ဦးနှင့် ရဲမေတစ်ဦးတို့အားလည်းကောင်း သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်နှင့် လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၇၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၆ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူ ၃၄ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ကျန်သည့်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများက ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် တပ်မတော်သားများ၏ မိသားစုဝင်ရဲမေ ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၃ ဦး ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲမေများ၏ စွန့်လွှတ်အနစ်နာခံသည့် အာဇာနည်စိတ်ဓာတ်ဖြင့် ရဲရင့်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲဆုချီးမြှင့်

**ဖျာပုံ ဇန်နဝါရီ ၄**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျင်းပသည့် စာပေပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းထွတ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဇေယျာဘုန်းမြင့်(စာပေဗိမာန် စာမူဆုများရှင်)က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်း၊ ဦးဘိုဘိုမင်းဇော်နှင့် တာဝန်ရှိသူများက ဝတ္ထုတို(ပထမဆု)ရရှိသူ သပြေထွန်းအပါအဝင် ဝတ္ထုဆောင်းပါးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် စာပေဆုရှင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဆုကြေးငွေများကို လှိုက်လှဲစွာ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ ဖျာပုံမြို့နယ် စာရေးဆရာအသင်းသည် အဆိုပါစာပေပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအပြင် စာပေဟောပြောပွဲနှင့် ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲများပါ ကျင်းပပေးခဲ့ကြောင်း သိရသည်။**(ဝဇ၆)**



## (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲ၊ အားကစားပွဲများပျော်ရွှင်စွာဆင်နွှဲ

**နေပြည်တော် ဇန်နဝါရီ ၄**

(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များတွင် ပျော်ပွဲ၊ ရွှင်ပွဲ၊ အားကစားပွဲများကျင်းပ၍ ပျော်ရွှင်စွာဆင်နွှဲကြသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ ရပ်ကွက်နေပြည်သူများအနေဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ ပျော်ပွဲ၊ ရွှင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ချောတိုင်တက်ပွဲများကို အစုအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက် ပျော်ရွှင်စွာကစားကြသည်။

အလားတူအခြေခံပညာ ကျောင်းများတွင်လည်း အားကစားနည်းများအလိုက် ပြိုင်ပွဲများကိုကျင်းပပြီး ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲအလိုက် ဆုရရှိသူများကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# စာမေးပွဲမေးခွန်းကို မတွန့်ကြ၊ မကွန့်ကြပါနဲ့....တဲ့

## ခင်မောင်ငွေး(ပညာရေး)

မကြာမီကာလအတွင်း စတုတ္ထတန်း ခရိုင်စစ်နဲ့ အဋ္ဌမတန်းတိုင်းစစ် အတန်းတင်စာမေးပွဲတွေ ကျင်းပတော့မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ မေးခွန်းထုတ်ရတဲ့ ဆရာမတွေအနေနဲ့ မေးခွန်းကို မတွန့်နဲ့၊ မကွန့်နဲ့ ရိုးရိုးရှင်းရှင်းလေးသာထုတ်ဖို့လိုကြောင်း ပညာရေးဝန်ကြီးဌာနမှ အကြံပေးပညာရှင် ဒေါက်တာ ဦးသန်းဦးက ပြောကြားလိုက်ခြင်းပါ။

ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့နှစ်တွေ စတုတ္ထတန်း၊ အဋ္ဌမတန်း အတန်းတင်စာမေးပွဲတွေမှာ ရိုးရိုးစင်းစင်းထုတ်ဖို့ မှာကြားခဲ့ပေမယ့် မေးခွန်းထွက်လာတဲ့အခါ မှာကြားချက်တွေနဲ့ လွဲချော်နေကြောင်း၊ တကယ်တော့ သိသင့်သိထိုက်သိအပ်တာလေးတွေကို တတ်အောင်သင်မယ်။ စစ်မေးတဲ့အခါမှာလည်း ရိုးရိုးရှင်းရှင်းလေးစစ်၊ မကွေ့နဲ့၊ မကောက်နဲ့၊ ကလေးတွေကို ဒါလောလောဆယ်ပြောတာဟု ဆရာကြီးက ထပ်လောင်းပြောသွားခဲ့ပါတယ်။

တကယ်တော့ မေးခွန်းထုတ်ရာမှာ သင်ခန်းစာအားလုံးကို လွှမ်းခြုံပြီး ကျောင်းသား ကျောင်းသူတွေ မသိမဖြစ်သိရမယ့် အကြောင်းအရာတွေဆို ၆၀ ရာခိုင်နှုန်း၊ သိသင့်သိထိုက်ခဲ့တဲ့အကြောင်းအရာဆို ၂၀ ရာခိုင်နှုန်း ဝေဖန်ပိုင်းခြားစဉ်းစားမှုကို အခြေခံတဲ့အကြောင်းအရာက ၂၀ ရာခိုင်နှုန်း ထည့်သွင်းမေးခွန်းထုတ်သင့်ကြောင်းလည်း ဆရာကြီးက အကြံပြုထားပါတယ်။

ပထမပြောချင်တာကတော့ မေးခွန်းထုတ်ခွင့်ရတဲ့ ဆရာမတွေကို အသိပေးဖို့ပါ။ ဒါဟာလျှို့ဝှက်တဲ့ကိစ္စဖြစ်လို့ လျှို့ဝှက်စွာအသိပေးနိုင်တဲ့ နည်းလမ်းကို မြို့နယ်ပညာရေးမှူးနဲ့ တိုင်းပညာရေးမှူးတွေက စီစဉ်ပေးဖို့လိုပါတယ်။

ဒုတိယအချက်က မေးခွန်းထုတ်ဖို့တာဝန်ပေးခံရတဲ့ ဆရာ ဆရာမတွေအနေနဲ့ စာသင်လုပ်သက်ရှိရမယ်၊ အတွေ့အကြုံများသူကိုသာ ရွေးချယ်တာဝန်ပေးဖို့ လိုနေပါတယ်။

ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့နှစ်တွေ ကြုံတွေ့ခဲ့ရတာတွေကို ပြန်သုံးသပ်ကြည့်ရင် စတုတ္ထတန်းမေးခွန်းလွှာတွေ နယ်မြေအသီးသီးမှာ အမှားများတာ တွေ့နေရပါတယ်။ တချို့သချာၤပုစ္ဆာတွေက အဖြေမထွက်ဘူး။ တချို့မြန်မာစာစာလုံးပေါင်းသတ်ပုံတွေ ဆိုးဆိုးရွားရွားမှားတာတွေ တွေ့နေရတာတွေ ရှိပါတယ်။

မေးခွန်းတစ်စုံထုတ်တော့မယ်ဆိုရင် မေးခွန်းဆိုင်ရာ စံချိန်စံညွှန်းဆိုတာတွေရှိပါတယ်။ ဒါကိုလည်း အထူးသဖြင့် မေးခွန်းထုတ်မယ့် ဆရာ ဆရာမတွေ ပိုပြီးနားလည်ထားသင့်ပါတယ်။

အထူးစိုးရိမ်တဲ့တစ်ချက်က မေးခွန်းပေါက်မှာကိုပါပဲ။ ဒါပေမယ့်လည်း မေးခွန်းပေါက်ကြားမှုတွေကြုံနေရတာပါပဲ။ အဲဒီလိုမေးခွန်းနဲ့ပတ်သက်ပြီး ပေါက်မှာစိုးလို့ မေးခွန်းထုတ်ဖို့ တာဝန်ပေးတဲ့နေရာမှာ ကျွမ်းကျင်သူကို တာဝန်မပေးမိတာတွေလည်း တွေ့နေရပါတယ်။ ဒီတော့ မေးခွန်းကလုံခြုံမှုရှိပေမယ့် အရည်အသွေး မမီတဲ့မေးခွန်းတွေ၊ အမှားအယွင်းများတဲ့မေးခွန်းတွေ ဖြစ်နေတတ်ပါတယ်။

တစ်ခါ သိပ်ကိုကျွမ်းကျင်ပိုင်နိုင်လှတဲ့ဆရာမကို တာဝန်ပေးတဲ့အခါမှာလည်း မလိုလားအပ်တဲ့ပြဿနာမျိုးနဲ့ ကြုံရတာလည်း ရှိပါတယ်။ ဆရာမကိုယ်တိုင်က သိပ်ပြီးထက်နေတဲ့အခါ မေးခွန်းရဲ့အဆင့်နဲ့ ကလေးရဲ့အဆင့်က သိပ်ကွာဟသွားတတ်ကြပါတယ်။ ဒီအခါမှာ မေးခွန်း ခက်တယ်၊ မေးခွန်းက သတ်ထားတာ စတဲ့ဝေဖန်သံတွေထွက်လာခြင်းပါပဲ။

ဒါဟာဘာကြောင့်လဲဆိုတော့ မေးခွန်းထုတ်တဲ့အခါ တာဝန်ပေးမှုအပေါ်မှာ ပြဿနာနည်းနည်းရှိပါတယ်။ ဘာလဲဆိုတော့ မေးခွန်းထုတ်မယ့်သူဟာ ကလေးနဲ့ သဟဇာတဖြစ်နေဖို့လိုသလားလို့ပဲ။ ဆိုလိုတာက ကလေးရဲ့ အတန်းနဲ့ ကလေးမှာရှိနေတာ စိတ်ဓာတ်အခြေအနေပဲ။ ကလေးတွေကို လက်တွေ့သင်နေတဲ့ ဆရာမလောက်တော့ ဘယ်သူကမှ ပိုမသိနိုင်ဘူးလို့ထင်ပါတယ်။ ဒီတော့ကလေးရဲ့ အခြေအနေအရပ်ရပ်ကို သိနေတဲ့ ဆရာမက မေးခွန်းထုတ်ရင် ပိုမကောင်းပေဘူးလား။ တချို့ သမားဂုဏ်ပြချင်တာတွေကလည်း ရှိသေးတယ် မဟုတ်လား။

ဥပမာတစ်ခုပဲပြောမယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ မေးခွန်းထုတ်သူက အဆင့်မြင့်ကဖြစ်တယ်။ ပိုတော်တာ ပိုတတ်တာမှန်တယ်။ ဒါပေမယ့် ကလေးတွေ (တက္ကသိုလ်)ရဲ့ လက်တွေ့အခြေအနေ၊ ကလေးတွေရဲ့ လပတ်စာမေးပွဲ

**စာမေးပွဲကိစ္စနဲ့ပတ်သက်လာရင် သိသင့်သိထိုက်သူအားလုံးကို ပွင့်လင်းမြင်သာမှုရှိပါစေ။ မိမိပြုမူဆောင်ရွက်တဲ့အမှုကိစ္စပေါ်မှာ တာဝန်ယူ၊ တာဝန်ခံနိုင်တဲ့သူတွေကိုပဲ တာဝန်ပေးပါ။ လူမှန်နေရာမှန်မှ အလုပ်မှန်ပါလိမ့်မယ်။ ဒါမှသာ အပြစ်အနာအဆာတွေနဲ့ရှိနေတဲ့ စာမေးပွဲစနစ်၊ စာမေးပွဲမေးခွန်းစနစ်တွေမှာ စိတ်သက်သာရာရလို့ စိတ်ချမ်းမြေ့စေနိုင်ပါလိမ့်မယ်။**

အခြေအနေတွေနဲ့ လက်တွေ့သင်ကြားပြသနေတဲ့ စာမေးပွဲအခြေအနေတွေနဲ့ ပတ်သက်ရင် လက်တွေ့သင်ကြားပြသနေတဲ့ ဆရာ ဆရာမတွေလောက် မရင်းနှီးလှဘူး။ ဒါကြောင့် ရံဖန်ရံခါမှာ အကြောင်းအရာမှားထုတ်တာတွေ၊ ကလေးတွေမှာ ရှိသင့်၊ သိသင့်တာထက်၊ အခြေအနေတွေထက် ပိုလွန်နေတာတွေ၊ တွန့်တာ၊ ကွန့်တာများတာတွေ တွေ့နေရတာပဲ မဟုတ်ပါလား။ ရံဖန်ရံခါ အခြေခံပညာအဆင့်ကနေ နိုင်ငံတော်အဆင့်စစ်မေးတဲ့ မေးခွန်းတွေမှာတောင် အမှားမကင်းတာ တွေ့နေရတာပဲ။

ဒါကြောင့် စာမေးပွဲနဲ့ပတ်သက်လာရင် အတန်းတိုင်းအတွက် မေးခွန်းတိုင်းဟာ အရေးကြီးတာပါပဲ။ ပထမတန်းမှ ပေါ့ပေါ့ဆဆလုပ်လို့ရမယ်လို့ နိုင်ငံတော်အဆင့်စာမေးပွဲတွေအထိ ဂရုတစိုက်ရှိဖို့ အထူးလိုအပ်လှပါတယ်။ မေးခွန်းတွေ ပိုမိုအရည်အသွေးပြည့်မီဖို့၊ မှန်မှန်ကန်ကန်ဖြစ်ဖို့၊ လုံလုံခြုံခြုံရှိဖို့ဆိုတာ အဆင့်ဆင့် စီမံကွပ်ကဲရတဲ့အခြေအနေရှိပါတယ်။

ဒီနေရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာ ပေါ်ပေါက်လာပါတယ်။ ဘယ်အလုပ်ပဲဖြစ်ဖြစ် တာဝန်ခံမှု တာဝန်ယူမှုရှိရမယ်။ ဆုပေး၊ ဒဏ်ပေးစနစ်မျိုးကျင့်သုံးသင့်ရင် ကျင့်သုံးရပါလိမ့်မယ်။ မေးခွန်းတွေ အမှားမှားအယွင်းယွင်းဖြစ်နေတာ၊ မေးခွန်းတွေပေါက်နေတာ၊ အမှတ်စာရင်းလွဲချော်မှုတွေဖြစ်နေတယ်ဆိုတာ တာဝန်ယူမှု၊ တာဝန်ခံမှု ပျက်ယွင်းနေလို့ပါပဲ။ ဒါကြောင့်လည်း တချို့သော အမှားအယွင်းတွေ ပေါ်မြဲ ပေါ်နေတာပါပဲ။

ဆရာကြီး ဦးသန်းဦးက မေးခွန်းထုတ်တာနဲ့ပတ်သက်ပြီး မတွန့်နဲ့၊ မကွန့်နဲ့၊ အားလုံးသင်၊ သိသင့်တာသင် ရိုးရိုးရှင်းရှင်းမေးခွန်းထုတ်ဆိုပြီး ပြောလိုက်တာ။ ဒါ အချို့အမြင်မှာလည်း တစ်မျိုးရှိနေနိုင်ပါတယ်။ ရိုးရိုးရှင်းရှင်း မေးခွန်းထုတ်တယ်ဆိုတာ အားလုံးအောင်စေတဲ့နည်းမျိုးကို မဆိုလိုပါဘူး။ ဒီနေရာမှာ မေးခွန်းထုတ်သူတွေဟာ ၆း၂း၂ (၆၀း၂၀း၂၀) အချိုးကို နည်းနည်းဂရုစိုက်လိုက်ရင် မေးခွန်းဟာ မျှတ (Fair) အနေအထားတွေနဲ့ အောင်ဖို့လည်း မခက်လှသလို ဂုဏ်ထူးရလိုသူအတွက်လည်း ပြင်ပြင်ဆင်ဆင်လေးရှိမှရမယ့် အနေအထားကို ရောက်သွားမှာပါ။ မေးခွန်းက မျှတသွားပြီး ကျောင်းသား ကျောင်းသူတိုင်းအတွက် ဝန်ထုပ်ဝန်ပိုးကြီး မဖြစ်တော့ရင် အကျအရှုံးလည်း သိပ်များနိုင်မှာမဟုတ်တော့ပါဘူး။ ဒီလိုဆိုရင် နောက်ဆက်တွဲကျင်းပနေရတဲ့ "ကုစား" ဆိုတာကြီးလည်း တဖြည်းဖြည်း ပြေလျော့သွားနိုင်မယ်ထင်ပါတယ်။

ဒါကြောင့် စာမေးပွဲကိစ္စနဲ့ပတ်သက်လာရင် သိသင့်သိထိုက်သူအားလုံးကို ပွင့်လင်းမြင်သာမှုရှိပါစေ။ မိမိ ပြုမူဆောင်ရွက်တဲ့အမှုကိစ္စပေါ်မှာ တာဝန်ယူ၊ တာဝန်ခံနိုင်တဲ့သူတွေကိုပဲ တာဝန်ပေးပါ။ လူမှန်နေရာမှန်မှ အလုပ်မှန်ပါလိမ့်မယ်။ ဒါမှသာ အပြစ်အနာအဆာတွေနဲ့ရှိနေတဲ့ စာမေးပွဲစနစ်၊ စာမေးပွဲ မေးခွန်းစနစ်တွေမှာ စိတ်သက်သာရာရလို့ စိတ်ချမ်းမြေ့စေနိုင်ပါလိမ့်မယ်။ ။



ဇန်နဝါရီ ၄ ရက်(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်၌ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲများအဖြစ် ကံစမ်းမဲငွေသားဖောက်ပေးခြင်း၊ အသုံးအဆောင်ပစ္စည်းများ မဲဖောက်ပေးပြီး အားကစားပြိုင်ပွဲများဆက်လက်ကျင်းပရာ ထုပ်ဆီးတိုးပြိုင်ပွဲ ကျင်းပလျက်ရှိသည်ကို တွေ့ရစဉ်။ **(ကြေးမုံ)**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဇေယျာသိဒ္ဓိမြို့နယ်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမိသားစုများ ပျော်ပွဲရွှင်ပွဲပြုလုပ်နေစဉ်။ **(ဇော်ဝင်း)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်

**လားရှိုး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ် (၁၁၉) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု(လားရှိုး)မှ ရှမ်း/မြောက် အတွင်းရှိမြို့နယ်များသို့ မှုခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အခြားသော ဥပဒေများ လေးစားလိုက်နာရေး အသိပညာပေးဆွေးနွေးပွဲများကို (၆၅)ကြိမ် ပြုလုပ်ခဲ့ပြီး ရဟန်းရှင်လူ ကျောင်းသား ကျောင်းသူပေါင်း ၃၆၁၁၁ ဦးအား ပညာပေးဆွေးနွေးခဲ့ကြသည်။

၂၀၁၇ နှစ်သစ်မှစ၍ ပညာပေးဆွေးနွေးမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအပြင် လမ်းလျှောက်ခြင်း၊ လမ်းဖြတ်ကူးခြင်းဆိုင်ရာ စည်းကမ်းဥပဒေများကို သိရှိလိုက်နာရေးအတွက် ဇန်နဝါရီ ၁ ရက်က လားရှိုးမြို့ မန်ဆူ ပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တနာယကအမှူးပြုသော ရဟန်းသံဃာ ရှင်သာမဏေ ၆၀ နှင့် ယဉ်ကျေးလိမ္မာသင်တန်းသား ၄၀ တို့အား လည်းကောင်း၊ ဇန်နဝါရီ ၂ ရက်တွင် လားရှိုးမြို့ ခေးနင်းပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော သံဃာတော် ၇၅ ပါးတို့အားလည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အမှတ် (၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လားရှိုး) ရဲအုပ်ကျော်ခိုင်က ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၂၄၇)**

## (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထက (၁)ကျောင်း ပရဝဏ်အတွင်းရှိ မြက်ခင်းပြင်စင်မြင့်၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကျင်းပခဲ့ပြီး နံနက် (၇)နာရီတွင် ဧရာဝတီခန်းမဆောင်ကြီး၌ အခမ်းအနားဆက်လက်ကျင်းပရာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခဲ့ကြသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ဖတ်ကြားခဲ့ကြောင်းသိရသည်။ **(၆၈၄)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၉) နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ရန်ကုန်မြို့၌ နေရာအနှံ့တွင် ကျင်းပခဲ့သည်။

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၉) နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို နံနက်မှ ညမိုးချုပ်သည်အထိ မြို့နယ် ရပ်ကွက်များအတွင်း ကျင်းပခဲ့ကြပြီး ရိုးရာအားကစား ပြိုင်ပွဲများအပြင် ဘောလုံးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြသည်။

"လွတ်လပ်ရေးနေ့ဆို ရပ်ကွက်လမ်းတွေအများစု ပိတ်ထားတော့ ဘယ်မှသွားရတာ အဆင်မပြေဘူး။ အရင်ကရှိခဲ့တဲ့ မြို့နယ် ရပ်ကွက်အလိုက် အားကစားကွင်းနေရာတွေက မရှိတော့တဲ့အခါကျတော့ လမ်းတွေပိတ်ပြီး ကစားကြရတာပေါ့။ တကယ်ဆို အားကစားပြိုင်ပွဲတွေ၊ အားကစားကွင်းတွေ ပြန်ဖော်ထုတ်ပေးသင့်တယ်"ဟု ရန်ကုန်မြို့ခံ အငှားယာဉ်မောင်း တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ကျရောက်သည့် (၆၉) နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ဗန္ဓုလမ်းပန်းခြံရှိ လွတ်လပ်ရေး ကျောက်တိုင်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။

**(၀၀၁)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**(ယမန်နေ့မှ အဆက်)**

၁၉။ ဘဒ္ဒန္တကောဝိဒဓဇ၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ (၁၄) ရပ်ကွက်၊ ရန်ကင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တပညောဘာသ၊ ဖလန်းကျောင်းတိုက်၊ သုံးခွကျေးရွာ၊ ကွမ်းခြံကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဝေပုလ္လ၊ ဓမ္မပါလကျောင်းတိုက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တကုမာရ၊ ဓမ္မသုခကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တတေဇဝန္တ၊ နဂါးပွက်ပရိယတ္တိစာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၂၄။ ဘဒ္ဒန္တဝိဇ္ဇောတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုတပ်ဦးကျောင်းတိုက်၊ ပန်ဆန်းမြို့၊ 'ဝ'အထူး ဒေသ(၂)၊ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တကုန္ဒက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အလယ်ကယန်းအထူး ဒေသ(၃)၊ ဆီဘူးကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၆။ ဘဒ္ဒန္တကုသလ၊ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

၂၇။ ဘဒ္ဒန္တဝိမလသာရ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကုဒ္ဒိဇေယျာ ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်၊ သင်ချောင်းကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၈။ Ven.Hyun Myung(ဘဒ္ဒန္တဟွမ်မြောင်)၊ Bo Moon Jung Sa Temple, Achimgil 17-1, Chun Cheon City, Gang Won Do, Republic of Korea

၂၉။ Ven.Samdech Utdom Phanha DOUNG PHANG(ဘဒ္ဒန္တဆမ်ဒက် ဥတ္တမ ပညာဒေါင်ဖန်း)၊ Wat Mohanintiyaneranhchararamnivet (Prek Praing), Kompong Luong commune, Ponhea Leu district, Kandal province, Cambodia

၃၀။ Ven. Phrakhru Warapinyakhun (ဘဒ္ဒန္တဖရခရုဝရပညာခွန်)၊ Wat Mahathatu, No 25, Maharaj Road, Bangkok, 10200, Thailand

၃၁။ ဘဒ္ဒန္တဝိဝေကာနန္ဒ၊ ပဏ္ဍိတာရာမအပြည်ပြည်ဆိုင်ရာသာသနာ့ရိပ်သာ၊ လုမ္ဗိနီဥယျာဉ်၊ နီပေါနိုင်ငံ

၃၂။ Ven.Suddhananda Mahathero(ဘဒ္ဒန္တသုဒ္ဓနန္ဒ)၊ Dharmarajika Buddhist Monastery Complex, Basaboo ရပ်ကွက်၊ Kamalapur မြို့နယ်၊ Dhaka မြို့၊ Bangladesh

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရုံကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တကုသလ၊ ဟိုစဲ့မြို့သစ်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မယ်စဲ့ မြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တတေဇဝန္တ၊ ဘောဂလိထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘောဂလိ မြို့၊ သံတောင်ကြီး မြို့နယ်၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တဉာဏုတ္တရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံလဲရ်ကျေးရွာ၊ ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်

၅။ ဘဒ္ဒန္တပညောဘာသ၊ ကျောဘုတ်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျောဘုတ်ရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တခေမိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တွီဒိန်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တဝါယမ၊ တပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တပ်ဦး ကျောင်းတိုက်၊ သရက်ကုန်းရပ်ကွက်၊ မော်လိုက်မြို့၊ စစ်ကိုင်းတိုင်း ဒေသကြီး

၈။ ဘဒ္ဒန္တလာသန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကချင်စုကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ မင်းကျောင်းပရဟိတပရိယတ္တိစာသင် တိုက်၊ ကျောင်းစုရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကဝိဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ အန်းတား သာသနာပြုဌာန၊ အန်းတားကျေးရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း ဒေသကြီး

၁၁။ ဘဒ္ဒန္တဉာဏိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့်ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၊ ရေလည်ကွေ့ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဆန္ဒာဓိက၊ ရွှေပါရမီတောရကျောင်း၊ ကေလာသတောင်တန်း၊ လိပ်အင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တနန္ဒာစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခွေးသေကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တကုန္ဒောဘာသ၊ သားပုံသာသနာပြုကျောင်းတိုက်၊ သားပုံကျေးရွာ၊ ကျောက်တော် မြို့နယ်၊ ရခိုင်ပြည်နယ်

၁၅။ ဘဒ္ဒန္တကောသလ္လ၊ သရဖီစံပြသာသနာပြုကျောင်း၊ သရဖီ(နတလ)စံပြ ကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တပညာဒီပ၊ ပရိယတ္တိပါရဂူစာသင်တိုက်၊ ဆပ်သွားအလယ်ကျေးရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်

၁၇။ ဘဒ္ဒန္တသီလာနန္ဒ၊ မေတ္တာဝါဒီဟသ်ာတ(ပရဟိတ)ကျောင်းတိုက်၊ မဟာမြိုင်(၁၀)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဥတ္တမသိရိ၊ သဒ္ဓမ္မဝံသကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်၊ အလယ် ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

၁၉။ ဘဒ္ဒန္တအာလောကသာရ၊ ဇေတဝန်ပရဟိတကျောင်းတိုက်၊ မြေနီကုန်း (မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကုန္ဒဓမ္မ၊ တောင်တန်းသာသနာပြုဗဟိုကျောင်း၊ ဝမ်ကောင်း ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

၂၁။ ဘဒ္ဒန္တဝေပုလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ချင်းရွှေဟော်မြို့၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာတာကျောင်းတိုက်၊ သောင်ကြီးကျေးရွာ၊ ကျုံပျော် မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တနန္ဒာစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်ခိုင်ကျေးရွာ၊ ပူတာအို မြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဇဋိလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖဲလျားကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တဥဇုဓမ္မ၊ ထီးပွင့်ကန်ကျောင်း၊ ထီးပွင့်ကန်သာသနာပြုဌာန၊ ဒေါကလိုးခူကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တကုသလ၊ ရွှေယောက်ကော်ကျွန်းကျောင်းတိုက်၊ အာရှလမ်းမကြီး၊ အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုချန်းဖြန်းကျောင်း၊ မတူပီ မြို့နယ်၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တသုစိတ္တ၊ လွယ်ပန်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မနာတာ အုပ်စု၊ မင်းတပ် မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တပညာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လာဝယ်ကျေးရွာ၊ ခန္တီး မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇာနေယျ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မွန်တုံးရှောင် ကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဇနိန္ဒာစာရ၊ ရွှေကြီးမြင့်ကျောင်းတိုက်၊ စိန်ကန့်လန့်ကျေးရွာ၊ မင်းလှ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဇောတိက၊ အမှတ်(၁၃)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုဗ္ဗာရုံကျောင်းတိုက်၊ မြောက်လူးကန်ကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်း ဒေသကြီး

၁၁။ ဘဒ္ဒန္တလက္ခဏဓဇ၊ ရွှေမြင်တင်ဥယျာဉ်ကျောင်းတိုက်၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တသီဟ၊ ပစ္ဆိမာရုံပရိယတ္တိစာသင်တိုက်၊ ရန်ကြီးအောင်ရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တဒါနလင်္ကာရ၊ ရွာလယ်ကျောင်းကြီး၊ ကရုပ္ပိကျေးရွာ၊ သံဖြူဇရပ် မြို့နယ်၊ မွန်ပြည်နယ်

၁၄။ ဘဒ္ဒန္တကုဏ္ဍလ၊ မြင်သာထေရဝါဒပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီး သင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကန်သာယာရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်

၁၅။ ဘဒ္ဒန္တကတညုတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖုံသာခွဆုံကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တကေလာသ၊ ဆယ်သိန်းကျောင်းတိုက်၊ ဆယ်သိန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တသံဝရ၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာတိုက်၊ မြို့မ ကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဓမ္မာစာရ၊ အောင်သီတာပရိယတ္တိစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တကုဏ္ဍလ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကောဏ္ဍည၊ ဥုတ်ဖိုလ်တောရမဟာစည်သာသနာ့ရိပ်သာနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မလစ်အရှေ့ကျေးရွာ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကုန္ဒကသာရ၊ ကာဟန့်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကာဟန့် ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တသုဇာတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဒက္ခိဏာရုံကျောင်းတိုက်၊ ကောင်းခါးမြို့သစ်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်

၂၃။ ဘဒ္ဒန္တပညာသာရ၊ ရတနာဒီပထေရဝါဒဗုဒ္ဓသာသနာပြု(ဟိုလီ) ကျောင်းတိုက်၊ ကွမ်းလုံမြို့၊ ရှမ်းပြည်နယ်

၂၄။ ဘဒ္ဒန္တတေဇောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုစံပြကျောင်းတိုက်၊ စံပြ ကျေးရွာ၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တကုန္ဒောဘာသ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တင်ထပ် သာသနာပြုဌာန၊ တင်ထပ်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၆။ ဘဒ္ဒန္တရေဝတာလင်္ကာရ၊ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်း ကျောင်း၊ ပစ္ဆိမာရုံစာသင်တိုက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း ဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၇။ ဒေါ်သီလစာရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်စာသင်တိုက်၊ ကျင်မွာလ်ရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၂၈။ ဒေါ်ဥတ္တရသိကာ၊ သုဓမ္မာကျောင်းတိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ဒေါ်အဂ္ဂစာရိဏီ၊ သိရိမင်္ဂလာမဟာစည်ရိပ်သာ၊ မြဝတီမင်းကြီး(၁) လမ်း၊ အမှတ်(၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၃၀။ Mr.SANG YOUNG MIN(မစ္စတာစမ်ယောင်မင်း)၊ Room-1305, 118-dong, DMC Park View Xi APT, Namgajwa-dong ရပ်ကွက်၊ Seodaemun-gu မြို့နယ်၊ Seoul, Republic of Korea

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ အောင်သပြေကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကော့ထင်းစံပြ ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၂။ ဒေါက်တာဘဒ္ဒန္တစန္ဒသူရိယ၊ အောင်စကြာမိုးကုတ်ဓမ္မရိပ်သာကျောင်း၊ သရက်တောကျောင်းတိုက်၊ (၁၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသုခမိန္ဒ၊ လွယ်တိန်ခမ်းကျောင်းတိုက်၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၄။ Ven.PHRA PRAJAK SIRIWANNO (ဘဒ္ဒန္တဖရပရာဇာသိရိဝဏ္ဏော)၊ Soon Patibattitham Tanang Laynang Chaleamrat bo pic.91 moo 4, Tambon Soamlanrat, Amphur Dioysageat, Chaingmai, Thailand

**မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသြဘာသ၊အဖွဲ့ခွဲအမှတ်(၃၇၄)၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တပညာဝံသ၊ မဟာဗောဓိမြိုင်မဟာစည်သာသနာ့ရိပ်သာကျောင်း၊ မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တတိလောက၊ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက်၊ အစင်စံပြ ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တဇာနေယျ၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ သစ်ဆိမ့် ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဥက္ကံသ၊ ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၊ သရက်ကုန်း ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တပညာဇောတ၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ မြင်သာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ (၆)ဝိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ရေကြည်စမ်းရေထွက်တောရကျောင်း၊ ကန်ကျေးရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တကုန္ဒက၊ ဓမ္မမာမကသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျွန်းကလေး ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တကေသရ၊ ရွှေမင်းကံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ဩဇာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

**သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဒေါက်တာလှဝင်းအောင်၊ အမှတ်(၆၉)၊ အခန်း(၅၀၇)၊ ယုဇနကွန်ဒိုတာဝါ၊ ကိုယ့်မင်း ကိုယ့်ချင်းလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်မေသက်မော်၊လမ်း(၈၀)၊ ၂၈×၂၉ လမ်းကြား၊ တရုတ်တန်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်အေးအေးအောင်၊ အမှတ်(B-၂၆)၊ ရတနာပုံလမ်း၊ ၆၅×၆၆ လမ်းကြား၊ (၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါ်သိန်းသိန်းနိုင်၊ ဟ-၁၁၊ အမှတ်(၄၅+၅၆)၊ ၆၂လမ်း၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်တင်တင်အေး၊ အမှတ်(၂၂-က)၊ ဗောဓိရိပ်သာလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါ်ခင်သီတာ၊ အမှတ်(၅က/၁)၊ မလိခလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်စမ်းရှင်၊ အမှတ်(၁၀)၊ မန်းဘခိုင်လမ်း၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးကြည်စိုး၊ ဒ/၉၁၊ ဒေါနိုးကူးလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၂။ ဦးချမ်းသာ၊ မြေကွက်အမှတ်(၃၀၀၄၃)၊ ရွှေသပြေ(၁၆)လမ်း၊ ဒက္ခိဏ သီရိမြို့နယ်၊ နေပြည်တော်

၃။ ဒေါက်တာဝင်းဆွေဦး၊ တိုက်(၂၇၃)၊ အကွက်(၅၄၂)၊ ၃၅ လမ်းနှင့် ၈၁ လမ်းထောင့်၊ ရတနာ ဘုမ္မိအရှေ့ကျားလှျာရပ်ကွက်၊ မဟာအောင်မြေ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးမောင်မောင်နိုင်(ခ)ဦးစန်းသီ၊ အမှတ် လ/အ(၂၆၅)၊ လယ်ဦးရပ်၊ မိုးကုတ်မြို့၊ မန္တလေး တိုင်းဒေသကြီး

၅။ ဦးတင်ဝင်းညို၊ အမှတ်(၈၀/အေ)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၆။ ဦးကျော်သူ၊ အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၉ သို့

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့သည် ညနေ ၆ နာရီခွဲတွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနား ကျင်းပမည့် နိုင်ငံတော်သမ္မတ အိမ်တော်ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(သတင်းစဉ်)**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါ်ကိတာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့် ဇနီးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်၎င်းတို့၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် မီးရှူးမီးပန်းများဖြင့် ပစ်ဖောက် ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

---

**✻ အင်ဒိုနီးရှားနိုင်ငံမှ**

သမ္မတနဲ့ မြန်မာသံအမတ်ကြီး ဦးအောင်ထူးတို့ တက်ရောက်တယ်လို့ သိရပါတယ်။ အဲဒီကွန်တိန်နာ လေးလုံးဟာ ဇန်နဝါရီ ၁၁ ရက်လောက်မှာ ရန်ကုန်ဆိပ်ကမ်းကို ရောက်မယ်လို့ သိရပါတယ်။ ဒီပစ္စည်းတွေ ရောက်ရင်လည်း ရခိုင်ပြည်နယ်မှာရှိတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းတွေဆီကို လှူဒါန်းတဲ့နေရာမှာ မြန်မာနိုင်ငံနဲ့အင်ဒိုနီးရှားနိုင်ငံ အစိုးရနှစ်ရပ် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။"

"ပစ္စည်းတွေ ရန်ကုန်ဆိပ်ကမ်းကို ရောက်တဲ့အခါ အင်ဒိုနီးရှားအစိုးရက မြန်မာအစိုးရကို လှူဒါန်းသွားမှာဖြစ်ပါတယ်။ တရားဝင်သံတမန်လမ်းကြောင်းကနေပြီး အဆိုပြုချက်များအပေါ် အခြေပြုပြီး ပစ္စည်းတွေ လှူဒါန်းတဲ့အခါမှာလည်း မြန်မာအစိုးရ အစီအစဉ်နဲ့ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ ဒီလိုချဉ်းကပ်ဆောင်ရွက်မှုများကိုလည်း မြန်မာအစိုးရက ကြိုဆိုပါတယ်"ဟု ပြောသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျကလည်း "ရခိုင်ပြည်နယ်မှာရှိတဲ့ လူ့အဖွဲ့အစည်းနှစ်ခုကို အင်ဒိုနီးရှားနိုင်ငံက ထောက်ပံ့ရေး ပစ္စည်းတွေ ထောက်ပံ့ပေးဖို့ ကမ်းလှမ်းတာ မှန်ပါတယ်။ ပြီးခဲ့တဲ့ လကုန်လောက်ကတည်းက ကမ်းလှမ်းတာပါ။ နှစ်ဖက်အစိုးရအနေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာပါ။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်၊ ၂၃ ရက်လောက်က နှုတ်နဲ့ကမ်းလှမ်းခဲ့ပါတယ်။ ပြီးတော့ စာနဲ့ တရားဝင်ပေးပို့လာပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ စီးပွားရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။



**အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ**



**ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း**

အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက "မလေးရှားသင်္ဘော လာမယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စစပိုင်းကတော့ ဒီမှာရှိတဲ့ သံအမတ်ကြီးက မေးတာပေါ့။ သူလည်း အတိအကျတော့မသိဘူး။ ထောက်ပံ့ရေးပစ္စည်းတွေ လာမယ်ဆိုရင် အသိုင်းအဝိုင်း နှစ်ခုစလုံးကို မျှမျှတတလုပ်ဖို့ ပြောခဲ့ပါတယ်။ ကနဦးမေးကတည်းက တရားဝင်လည်း မလာတော့ ကျွန်တော်တို့ဘက်က နောက်ထပ် မမေးတော့ဘူး။ ပြောရမယ်ဆိုရင် မလေးရှားအစိုးရပိုင်းက တရားဝင် ကမ်းလှမ်းလာတာ တစ်ခုမှ မရှိသေးပါဘူး။"

"နောက်ပိုင်း ကြားနေရတာတွေက သူတို့ ပထမ သင်္ဘောနှစ်စင်းလာမယ် ဆိုတယ်။ နောက်တော့ တစ်စင်းက မလာတော့ဘူးလည်း ကြားတယ်။ ဒါတွေက ကြားရတဲ့ သတင်းတွေပဲ ဖြစ်ပါတယ်။ သူတို့နဲ့ ကျွန်တော်တို့ကြားမှာ တရားဝင် တစ်ခါမှ ပြောလာတာ မရှိပါဘူး"ဟု ပြောသည်။

ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းကလည်း "မလေးရှားနိုင်ငံက လာမယ့် သင်္ဘောကိစ္စနဲ့ ပတ်သက်လို့ မလေးရှားသံအမတ်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဆီ ဖုန်းနဲ့ဆက်သွယ်ပြီး ပစ္စည်းတွေ လာဖို့အစီအမံတွေ ရှိတယ်လို့ ပြောပါတယ်။ အဲဒီလို ပြောတဲ့အခါ အမြဲတမ်းအတွင်းဝန်က သံတမန်လမ်းကြောင်းအတိုင်း တရားဝင်စာနဲ့ အကြောင်းကြားပေးဖို့ ပြောခဲ့တယ်။ ဒီနေ့အထိတော့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကွာလာလမ်ပူမှာရှိတဲ့ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို မလေးရှားအစိုးရအနေနဲ့ရော၊ အခြားအဖွဲ့အစည်းတွေအနေနဲ့ရော အကြောင်းကြားထားတာမျိုး အခုအချိန်ထိ မရှိသေးပါဘူး"ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းပြီး ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများထံ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်က ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများက လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးအကူအညီများ ပံ့ပိုးပေးရန် အသင့်ရှိကြောင်း ပြောကြားခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း လိုအပ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲမှ ဆွေးနွေးချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံက ယခုကဲ့သို့ တရားဝင် သံတမန်လမ်းကြောင်းမှ ဆက်သွယ်အဆိုပြုခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် လုံချည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နှင့် ကလေးငယ်များအတွက် အစားအသောက်များပါသည့် ကွန်တိန်နာ ၁၀ လုံးကို အင်ဒိုနီးရှားနိုင်ငံမှ ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မျိုးမြင့် (သတင်းစဉ်)၊**
**ထွန်းဝင်းနိုင် (သတင်းစဉ်)**

စာမျက်နှာ ၇ မှ

**သုမဟာသီရိဘွဲ့တံဆိပ်**

၁။ ဒေါ်လတ်မျိုးစော၊ အမှတ်(ကက ၇/၄၄)၊ တပင်ရွှေထီးလမ်း၊ ကျီကုန်းရပ်၊ (၇)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်ဆွေဆွေဦး၊ အမှတ်(၁၀၃၆)၊ ညောင်လေးပင်လမ်း၊ ရာဇသင်္ဂဟ အိမ်ရာအမှတ်(၁)၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၃။ ဒေါ်တင်မေလတ်၊ (၃၄)လမ်း၊ ၇၈×၇၉ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ခင်ရွှေ အမှတ်(၁၂၃)၊ ၃၄ လမ်း၊ ၇၇×၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ကြည်မေ၊ အမှတ်(၄၂၆)၊ (၇၆)လမ်း၊ ၃၂×၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်အေးအေးသန့်၊ အမှတ် ၃၅(က) (၅၈)လမ်း၊ ၂၄×၂၅ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်မြနှင်းဝေ၊ အမှတ်(၆၀)၊ အကွက်အမှတ်(တ-၅)၊ (၆၄)လမ်း၊ သဇင်လမ်းနှင့် ငုပြာလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်သူဇာမျိုးမျိုးဝင်း၊ အမှတ်(၆၁)၊ (၁၅)လမ်း၊ ၈၇×၈၈ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဒေါ်မြဝင်း(ခ)ဒေါ်မြမြဝင်း၊ အမှတ်(အေ/၃၉)၊ နောင်ရိုးလမ်း၊ ဘုရင့်နောင်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်ကြည်ခင်၊ အမှတ်(၁၈/စီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ငွေငွေရီ၊ အမှတ်(၁၀၃၂)၊ သုမင်္ဂလာလမ်း၊ ၁၆/၁ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်သန္တာဝင်း၊ အမှတ်(အီး-၁၉-အေ)၊ ဆ/ခ ရပ်ကွက်၊ မေခလမ်းသွယ်(၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်ရင်ရင်ဝင်း၊ အမှတ်(၁၅၂/၁၅၄)၊ (၁၉)လမ်း၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်မေဟန်ခင်၊ ခြံအမှတ်(၂)၊ မလိခအိမ်ရာ၊ မိုးမခလမ်း၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်ဝင်းစိန်၊ အမှတ်(၃)၊ (၇)လမ်း၊ (၃)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ၂၀၁၆ ခုနှစ် လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂/၂၀၁၆ ဖြင့် ထုတ်ပြန်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**"ဂုဏ်ထူးဆောင်ဘွဲ့"**

**သီဟသူရဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း၅၁၀၉၈ | ဗိုလ်ကြီး | စွမ်းရည်အောင် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |

**သူရဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၁၄၈၀ | ဗိုလ်မှူး | ဇော်မျိုး | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၂။ | ကြည်း ၃၄၂၂၇ | ဗိုလ်မှူး | ရာဇာမင်းထွန်း | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၃။ | ကြည်း၃၈၃၂၆ | ဗိုလ်ကြီး | နေလဝင်း | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၄။ | ကြည်း၄၂၆၆၇ | ဗိုလ်ကြီး | မင်းအောင် | အမှတ်(၁၁)ခြေလျင်တပ်ရင်း |
| ၅။ | ကြည်း၄၆၉၇၄ | ဗိုလ်ကြီး | ငြိမ်းချမ်းကျော် | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၆။ | ကြည်း၅၄၅၆၁ | ဗိုလ်ကြီး | စိုးညွှန့်နိုင် | အမှတ်(၅၅)ခြေလျင်တပ်ရင်း |
| ၇။ | ကြည်း၅၅၇၀၄ | ဗိုလ်ကြီး | ရန်ကျော် | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၈။ | ကြည်း၆၀၇၇၃ | ဗိုလ်ကြီး | သက်ခိုင် | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၉။ | ကြည်း၆၁၆၉၀ | ဗိုလ် | ပြည့်စုံအောင် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၁၀။ | အမှတ် ၅၉၇၃၈၅ | ဒုတိယအရာခံဗိုလ် | ဝင်းနိုင် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၁၁။ | တ-၃၂၇၁၁၁ | ဒုတိယတပ်ကြပ် | လှအေး | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၁၂။ | တ-၃၇၂၃၅၅ | ဒုတိယတပ်ကြပ် | ရဲဇော် | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၁၃။ | တ-၄၀၄၀၀၉ | ဒုတိယတပ်ကြပ် | နေမင်း | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၁၄။ | တ-၄၇၇၂၁၅ | တပ်သား | ပိုးလေး | အမှတ်(၁၁)ခြေလျင်တပ်ရင်း |

**"ဂုဏ်ထူးဆောင်တံဆိပ်"**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း၂၃၀၀၄ | ဗိုလ်မှူးကြီး | စိုးပိုင် | အနောက်မြောက်တိုင်းစစ်ဌာနချုပ် |
| ၂။ | ကြည်း ၂၃၉၁၃ | ဒုတိယဗိုလ်မှူးကြီး | ကောင်းမြတ် | အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀) |
| ၃။ | ကြည်း ၂၆၇၈၁ | ဒုတိယဗိုလ်မှူးကြီး | စိုးဦးဟန် | အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် |
| ၄။ | ကြည်း ၃၁၇၅၉ | ဒုတိယဗိုလ်မှူးကြီး | ကျော်စိုးလင်း | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၅။ | ကြည်း ၃၁၇၀၄ | ဗိုလ်မှူး | ရန်နိုင်စိုး | အမှတ်(၃၇၅)ခြေမြန်တပ်ရင်း |
| ၆။ | ကြည်း ၃၂၂၃၂ | ဗိုလ်မှူး | မျိုးသုဝဏ် | အမှတ်(၇၀၁)ခြေမြန်တပ်ရင်း |
| ၇။ | ကြည်း ၃၂၉၆၂ | ဗိုလ်မှူး | အောင်ဟိန်း | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၈။ | ကြည်း ၃၈၁၆၁ | ဗိုလ်မှူး | တေဇာဟန် | ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် |
| ၉။ | လေ၂၄၁၂ | ဗိုလ်မှူး | ဝေမောင်ဦး | အမှတ်(၄၅)ကင်းထောက်လေယာဉ်အုပ် |
| ၁၀။ | လေ၂၄၃၁ | ဗိုလ်မှူး | ကျော်မိုးအေး | အမှတ်(၄၂)တိုက်ခိုက်ရေးအုပ် |
| ၁၁။ | လေ၂၄၄၁ | ဗိုလ်မှူး | အောင်ကျော်စိုး | အမှတ်(၂၅)ကင်းထောက်လေယာဉ်အုပ် |
| ၁၂။ | လေ၂၅၂၄ | ဗိုလ်မှူး | ထိုက်ဝေ | အမှတ်(၂၅)ကင်းထောက်လေယာဉ်အုပ် |
| ၁၃။ | လေ၂၆၁၆ | ဗိုလ်မှူး | ဇော်မြင့်ထွန်း | အမှတ်(၄၂)တိုက်ခိုက်ရေးအုပ် |
| ၁၄။ | ကြည်း ၄၂၂၁၆ | ဗိုလ်ကြီး | မောင်မောင်သက် | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၁၅။ | ကြည်း ၄၂၆၈၆ | ဗိုလ်ကြီး | နေမျိုးဝေ | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၁၆။ | ကြည်း ၄၆၁၀၀ | ဗိုလ်ကြီး | ဇေယျာအောင် | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၁၇။ | ကြည်း ၄၇၉၄၂ | ဗိုလ်ကြီး | ဖွဲ့ရန်နိုင် | အမှတ်(၅၂၂)ခြေမြန်တပ်ရင်း |
| ၁၈။ | ကြည်း ၅၀၂၈၃ | ဗိုလ်ကြီး | စိန်ငွေး | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၁၉။ | ကြည်း ၅၁၁၁၈ | ဗိုလ်ကြီး | ဝေယံ | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၂၀။ | ကြည်း ၅၄၅၆၀ | ဗိုလ်ကြီး | အောင်ဇော်မင်း | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၂၁။ | ကြည်း ၅၆၆၀၄ | ဗိုလ်ကြီး | နောင်ဇေယျာလွင် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၂၂။ | ကြည်း ၅၉၀၈၄ | ဗိုလ်ကြီး | သူရိန်ထွန်း | အမှတ်(၁၂၅)ခြေလျင်တပ်ရင်း |
| ၂၃။ | ကြည်း ၅၉၅၃၄ | ဗိုလ်ကြီး | ပြည့်ဖြိုးမောင် | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၂၄။ | ကြည်း ၅၉၅၄၁ | ဗိုလ်ကြီး | ဇင်ပိုင်ရဲ | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၂၅။ | ကြည်း ၅၉၅၈၉ | ဗိုလ်ကြီး | အောင်ကိုထွန်း | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၂၆။ | ကြည်း ၆၃၆၄၇ | ဗိုလ်ကြီး | လှမျိုးဦး | အမှတ်(၁၂၅)ခြေလျင်တပ်ရင်း |
| ၂၇။ | ကြည်း ၅၆၂၄၄ | ဗိုလ် | ဝေဇင်လတ် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၂၈။ | ကြည်း ၆၁၇၆၁ | ဗိုလ် | ငြိမ်းမင်းဦး | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၂၉။ | ကြည်း ၆၃၂၃၀ | ဗိုလ် | အောင်မြင့်ထူး | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၃၀။ | ကြည်း ၆၃၄၇၈ | ဗိုလ် | အောင်ခန့်ဇော် | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၃၁။ | ကြည်း ၆၄၄၂၀ | ဗိုလ် | အောင်နိုင်ထွန်း | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၃၂။ | ကြည်း ၆၅၈၂၆ | ဗိုလ် | ဇော်မျိုးလွင် | အမှတ်(၁၁)ခြေလျင်တပ်ရင်း |
| ၃၃။ | အမှတ်၊ ၆၄၇၃၂၅ | ဒုတိယအရာခံဗိုလ် | အောင်လှရွှေ | အမှတ်(၈)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း |
| ၃၄။ | အမှတ်၊ ၇၀၈၀၃၃ | ဒုတိယအရာခံဗိုလ် | ချစ်သန်း | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၃၅။ | အမှတ်၊ ၇၁၅၈၀၇ | ဒုတိယအရာခံဗိုလ် | ခင်မောင်ဦး | အမှတ်(၁၄)ခြေလျင်တပ်ရင်း |
| ၃၆။ | အမှတ်၊ ၇၂၄၅၈၀ | ဒုတိယအရာခံဗိုလ် | အေးမောင် | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၃၇။ | အမှတ်၊ ၇၇၆၇၈၅ | ဒုတိယအရာခံဗိုလ် | ဝွေ့ဆောင် | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၃၈။ | အမှတ်၊ ၈၃၇၉၃၉ | ဒုတိယအရာခံဗိုလ် | ဇော်သန်း | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၃၉။ | အမှတ်၊ ၉၀၆၅၅၄ | ဒုတိယအရာခံဗိုလ် | စန်းနိုင် | အမှတ်(၅၀၃)ခြေမြန်တပ်ရင်း |
| ၄၀။ | အမှတ်၊ ၆၃၁၄၈၅ | တပ်ခွဲတပ်ကြပ်ကြီး | သိန်းဝေ | အမှတ်(၁၁)ခြေလျင်တပ်ရင်း |
| ၄၁။ | အမှတ်၊ ၆၀၆၁၆၈ | တပ်ကြပ်ကြီး | အောင်နိုင် | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၄၂။ | အမှတ်၊ ၆၂၅၆၂၆ | တပ်ကြပ်ကြီး | စိုးသိန်း | အမှတ်(၁၁)စစ်အခြေခံလေ့ကျင့်ရေးတပ် |
| ၄၃။ | အမှတ်၊ ၆၄၈၀၆၆ | တပ်ကြပ်ကြီး | စန်းတင့် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၄၄။ | အမှတ်၊ ၇၇၆၉၆၁ | တပ်ကြပ်ကြီး | သိန်းထွန်းဦး | အမှတ်(၁၄)ခြေမြန်တပ်ရင်း |
| ၄၅။ | အမှတ်၊ ၈၀၈၃၅၅ | တပ်ကြပ်ကြီး | လှမြိုင် | အမှတ်(၆၈)ခြေလျင်တပ်ရင်း |
| ၄၆။ | အမှတ်၊ ၉၉၂၀၇၈ | တပ်ကြပ်ကြီး | ကိုမျိုး | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၄၇။ | အမှတ်၊ ၅၅၀၆၂၆ | တပ်ကြပ် | ထွန်းအုံး | အမှတ်(၁၄)ခြေလျင်တပ်ရင်း |
| ၄၈။ | အမှတ်၊ ၆၃၃၉၆၄ | တပ်ကြပ် | ဝင်းကြိုင် | အမှတ်(၆၈)ခြေလျင်တပ်ရင်း |
| ၄၉။ | အမှတ်၊ ၇၁၅၁၉၆ | တပ်ကြပ် | ကျော်စိုးမိုး | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၅၀။ | အမှတ်၊ ၉၉၂၀၉၄ | တပ်ကြပ် | ကျော်မြင့် | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၅၁။ | တ-၉၉၈၄၀ | တပ်ကြပ် | သိန်းထွန်း | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၅၂။ | တ-၁၆၇၂၄၉ | တပ်ကြပ် | အောင်နိုင်ဦး | အမှတ်(၄)ခြေမြန်တပ်ရင်း |
| ၅၃။ | တ-၂၃၃၁၅၄ | တပ်ကြပ် | ဆန်းဝင်းအောင် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၅၄။ | တ-၂၆၄၅၀၉ | တပ်ကြပ် | ဝင်းအေး | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၅၅။ | အမှတ်၊ ၇၃၉၆၅၇ | ဒုတိယတပ်ကြပ် | ထွန်းထွန်း | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၅၆။ | တ-၁၇၁၄၇၃ | ဒုတိယတပ်ကြပ် | ဝင်းသန်းဦး | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၅၇။ | တ-၃၂၄၃၅၅ | ဒုတိယတပ်ကြပ် | ဝင်းထွဋ် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၅၈။ | တ-၃၃၇၅၈၆ | ဒုတိယတပ်ကြပ် | အေးကို | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၅၉။ | တ-၃၅၆၂၉၅ | ဒုတိယတပ်ကြပ် | စန်းဝင်း | အမှတ်(၄)ခြေမြန်တပ်ရင်း |
| ၆၀။ | တ-၃၅၆၃၀၉ | ဒုတိယတပ်ကြပ် | မိုးဝင်း | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၆၁။ | တ-၃၆၁၅၃၁ | ဒုတိယတပ်ကြပ် | သန်းဇော် | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၆၂။ | တ-၃၆၆၅၄၉ | ဒုတိယတပ်ကြပ် | မျိုးသီဟ | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၆၃။ | တ-၃၆၈၈၇၃ | ဒုတိယတပ်ကြပ် | လင်းလင်း | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၆၄။ | တ-၃၇၀၁၈၄ | ဒုတိယတပ်ကြပ် | မြင့်ရွှေ | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၆၅။ | တ-၃၇၉၅၉၅ | ဒုတိယတပ်ကြပ် | လင်းလင်းထွန်း | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၆၆။ | တ-၃၈၄၆၄၃ | ဒုတိယတပ်ကြပ် | အောင်နိုင်ဝင်း | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၆၇။ | တ-၄၀၇၇၀၀ | ဒုတိယတပ်ကြပ် | ရဲမင်းပိုင် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၆၈။ | တ-၄၁၄၁၉၇ | ဒုတိယတပ်ကြပ် | ရဲကို | အမှတ်(၆၈)ခြေလျင်တပ်ရင်း |
| ၆၉။ | တ-၄၃၈၁၉၈ | ဒုတိယတပ်ကြပ် | ဝင်းထွန်းဇော် | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၇၀။ | တ-၄၃၉၅၆၆ | ဒုတိယတပ်ကြပ် | ဇော်လင်း | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၇၁။ | တ-၄၇၀၇၄၅ | ဒုတိယတပ်ကြပ် | မောင်တိုး | အမှတ်(၅၀၃)ခြေမြန်တပ်ရင်း |
| ၇၂။ | တ-၄၈၂၃၁၉ | ဒုတိယတပ်ကြပ် | သန်းဇော်မျိုး | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၇၃။ | တ-၂၇၇၀၁၁ | တပ်သား | ဂျူလိုင်ထွန်းဟန် | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၇၄။ | တ-၃၇၂၁၄၅ | တပ်သား | အောင်မြတ် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၇၅။ | တ-၄၈၃၅၃၁ | တပ်သား | ကမ်းစွင်းမုန် | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |

ယနေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သီဟသူရဘွဲ့နှင့် သူရဘွဲ့ရရှိသူများကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူများနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂၂၂ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၈၉ ဦးရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကြေညာ

(ယမန်နေ့မှအဆက်)

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | လွှတ်တော်ကိုယ်စား လှယ်လောင်းအမည် | | ပါတီ/ တစ်သီးပုဂ္ဂလ | တင်သွင်းရက်စွဲ |
|---|---|---|---|---|---|
| ၁ | ကယားပြည်နယ် | | | | |
| | ဖရူဆိုမဲဆန္ဒနယ် (၁) | ၁ | ဦးဆူရယ် | အမျိုးသားတိုးတက်ရေးပါတီ | ၅. ၁၂. ၂၀၁၆ |
| | | ၂ | ဦးရီးချက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ | ၅. ၁၂. ၂၀၁၆ |
| | | ၃ | ဦးသဲရယ် | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) | ၆. ၁၂. ၂၀၁၆ |
| | | | | | |
| ၂ | ရှမ်းပြည်နယ် | | | | |
| | ကျေးသီးမဲဆန္ဒနယ် (၁) | ၁ | စိုင်းစံမိုင်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄. ၁၂. ၂၀၁၆ |
| | | ၂ | စိုင်းဆိုင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂. ၁၂. ၂၀၁၆ |
| | | ၃ | ဦးစိုင်းရွှေမှုံ(ခ) ဦးစိုင်းလိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ | ၅. ၁၂. ၂၀၁၆ |
| | | ၄ | နန်းနွေးနွေး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ | ၃၀. ၁၁. ၂၀၁၆ |
| | | | | | |
| ၃ | ကျေးသီးမဲဆန္ဒနယ် (၂) | ၁ | ဦးကျာဘို | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ | ၆. ၁၂. ၂၀၁၆ |
| | | ၂ | ဦးခင်မောင်ညွှန့် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄. ၁၂. ၂၀၁၆ |
| | | ၃ | ဦးစိုင်းမိုးကျော်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ | ၅. ၁၂. ၂၀၁၆ |
| | | ၄ | စိုင်းသန့်ဇင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂. ၁၂. ၂၀၁၆ |
| | | ၅ | နန်းမွန်းအောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ | ၃၀. ၁၁. ၂၀၁၆ |
| ၄ | မိုင်းရှူးမဲဆန္ဒနယ် (၁) | ၁ | ဦးကျော်ခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆. ၁၂. ၂၀၁၆ |
| | | ၂ | ဦးစိုင်းစံညွှန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ | ၄. ၁၂. ၂၀၁၆ |
| | | ၃ | စိုင်းလင်းမြတ် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄. ၁၂. ၂၀၁၆ |
| | | ၄ | ဦးဆမ်းဆန် | 'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက် ဖွံ့ဖြိုးရေးပါတီ | ၃. ၁၂. ၂၀၁၆ |
| | | ၅ | နန်းစံဦး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ | ၁. ၁၂. ၂၀၁၆ |
| ၅ | မိုင်းရှူးမဲဆန္ဒနယ် (၂) | ၁ | ဦးစိုင်းကံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ | ၄. ၁၂. ၂၀၁၆ |
| | | ၂ | ဦးစိုင်းဘထွန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ | ၅. ၁၂. ၂၀၁၆ |
| | | ၃ | ဦးဆန်းမွန်(ခ) ဆမ်းမိန်း | 'ဝ'လစ်ဘရယ်ဒီမိုကရက်တစ် တိုးတက်ဖွံ့ဖြိုးရေးပါတီ | ၃. ၁၂. ၂၀၁၆ |
| | | ၄ | ဒေါ်နန်းကောင်ခမ်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄. ၁၂. ၂၀၁၆ |
| | | ၅ | နန်းစင့်ခမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇. ၁၂. ၂၀၁၆ |
| ၆ | ကျိုင်းတုံမဲဆန္ဒနယ် (၂) | ၁ | ဒေါက်တာစိုင်းရွက် ဟောင်(ခ)စိုင်းရွက် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ | ၆. ၁၂. ၂၀၁၆ |
| | | ၂ | ဦးစိုင်းလုံ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄. ၁၂. ၂၀၁၆ |
| | | ၃ | ဒေါ်နာတာလီနာ (ခ)ယာမီ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ | ၁. ၁၂. ၂၀၁၆ |
| | | ၄ | ဦးရှာမွေလရှဲန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ | ၃. ၁၂. ၂၀၁၆ |
| | | ၅ | ဒေါက်တာဝဏ္ဏစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆. ၁၂. ၂၀၁၆ |
| | | ၆ | ဦးအာမုတ် | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ | ၅. ၁၂. ၂၀၁၆ |
| ၇ | ညောင်ရွှေမဲဆန္ဒ နယ်(၁) | ၁ | ဦးခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅. ၁၂. ၂၀၁၆ |
| | | ၂ | ဦးစံရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ | ၆. ၁၂. ၂၀၁၆ |
| | | ၃ | ဦးသော်တာ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ | ၆. ၁၂. ၂၀၁၆ |

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (ရုံးချုပ်)တွင်ပြုလုပ်သည်။




အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက် ဒီမိုကရေစီအရေးတော်ပုံများတွင် အသက်သွေးချွေး စတေးခဲ့ကြသော ရဟန်းရှင် လူ၊ ကျောင်းသား၊ ပြည်သူအပေါင်းအား ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကိုပြုလုပ်ကြသည်။

ထို့နောက် သဘာပတိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နာယက သူရဦးတင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် လူထုခေါင်းဆောင်၏ ဦးဆောင်မှုနှင့်အတူ လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုအားလုံး ဒီမိုကရေစီ နိုင်ငံသစ်ကို အားကြိုးမာန်တက် ထူထောင်နေကြသည့် ပုံရိပ်များကိုကြည့်ပြီး ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ပိုမိုဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ တစ်စပ်တည်းမှာပင် လွတ်လပ်ရေးနေ့ သစ္စာအဓိဋ္ဌာန်ပြုစာတမ်းကို သတိရမိပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအပေါ် အလေးအနက်ထားပြီး ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို အားသွန်ခွန်စိုက် လုံးပမ်းနေသည့် ကာလဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အမျိုးသားရင်ကြားစေ့ရေး မအောင်မြင်ဘဲ မည်သည့် ပြုပြင်ပြောင်းလဲမှုမှ မအောင်မြင်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးကို နိုင်ငံရေးလွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်ဆိုသည့် အခြေခံအုတ်မြစ်ပေါ်တွင် အခိုင်အမာတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ငြိမ်းချမ်းရေးသည် ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းတွင် အမြင့်မြတ်ဆုံး နှုန်းစံတန်ဖိုး ဖြစ်ပါကြောင်း၊ထို့ကြောင့် ၂၀၁၇ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်နိုင်ရန် အားလုံးဝိုင်းဝန်းပြီး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အရံအဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဖတ်ကြားပြီး အခမ်းအနားသို့ပေးပို့လာသော သဝဏ်လွှာများကို ဂုဏ်ပြုမှတ်တမ်းတင်ကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဝါရင့်နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဇော်ကြီး (ပဏီတ)**

■

# လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဇန်နဝါရီ ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မန်ချက်စတာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ရွှေကူ-ငါးဘတ်ကြီး မြေသားလမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ငါးဘတ်ကြီးကျေးရွာ အုတ်ခုံခံသစ်သားတံတား၊ လမ်းကူး-ခေါလဲ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Slab Culvert တံတားအမှတ်(၁)၊ လမ်းကူး-ခေါလဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားအမှတ်(၂)၊ လမ်းကူး-ခေါလဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ Slab Culvert တံတားအမှတ်(၃)၊ လမ်းကူး-ခေါလဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတားအမှတ်(၄)တို့ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့က ဒီဇင်ဘာ ၂၉ ရက်က လုပ်ငန်းအရည်အသွေးစံချိန်စံညွှန်း ပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်း အချိန်မီပြီးစီးဆောင်ရွက်နိုင်ရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်အောင်(ရွှေကူ)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ စစ်ရေးပြမှူး ဗိုလ်မှူးမျိုးကျော်သက် ဦးစီးသည့် ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့က အခမ်းအနားကျင်းပသည့် မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့ဥပစာသို့ ချီတက်နေရာယူကြသည်။

ယင်းနောက် အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ အခမ်းအနားသို့ တက်ရောက်လာသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် နံနက် ၄ နာရီ ၂၅ မိနစ်တွင် ရောက်ရှိလာပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့က ဝန်ကြီးချုပ်အား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသောခေါင်းဆောင်များနှင့် တပ်မတော်သားများအား အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့က သစ္စာလေးချက်ကို အမိဋ္ဌာန်ပြုရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူကာ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့က စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး အခမ်းအနားကို နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။



အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား၊တိုင်းရင်းသူများနှင့် ခရိုင်/မြို့နယ်များမှ ဒေသခံပြည်သူများ အပါအဝင် အင်အား ၃၅၀၀ ကျော် တက်ရောက်ကြသည်။

**သတင်း-ကိုကိုဇော်၊**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ မသင်္ကာသူ ၄ ဦးနှင့် လုပ်သေနတ် ၁၄ လက် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ စစ်သင်တန်းပို့ချသူ တစ်ဦး၊ စစ်သင်တန်းတက်ရောက်ပြီးသူ သုံးဦးနှင့် လုပ်သေနတ် ၁၄ လက်ကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင် ကျေးရွာတွင် စစ်သင်တန်း တက်ရောက်ပြီးသူများနှင့် လက်နက်များ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၄ ရက် နံနက် ၃နာရီခွဲတွင် အဆိုပါကျေးရွာသို့ ရောက်ရှိဖြန့်ခွဲ ပိတ်ဆို့ရှင်းလင်းရာ စစ်သင်တန်းပို့ချသူ မာမက်ကာရက်နှင့် သင်တန်းတက်ရောက်ပြီးသူ ကူမူရူး၊ ဒီမာမွတ်နှင့် မာဒူလားတို့လေးဦးကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂နာရီခန့်တွင် ဒီမာမွတ်၏ ကွမ်းခြံတွင် မြွေရေခွံအိတ်ဖြင့်ထုပ်၍ မြေတွင်မြှုပ်ဝှက်ထားသော လုပ်သေနတ် ၁၄ လက် ဖော်ထုတ်သိမ်းဆည်းရမိသည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**







နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူတစ်ဦးက မိုင်းထိလူနာတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# KIA လက်နက်ကိုင်အဖွဲ့များက အတင်းအဓမ္မ ဆက်ကြေးကောက် ၎င်းတို့ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲသဖြင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၄**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် နန့်ဟိုင်ကျေးရွာ၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ မိုးကောင်း-ကာမိုင်း ကားလမ်းတွင် ဖြတ်သန်းမောင်းနှင်လျက်ရှိသော ခရီးသွားယာဉ်များကို ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီခွဲခန့်တွင် KIA လက်နက်ကိုင်အဖွဲ့အင်အား ၂၀ ခန့်က ဆီကား ၁၅ စီးအား တစ်စီးလျှင် ငွေကျပ် ၁၅၀၀၀၀၊ ယာဉ်ငယ်တစ်စီးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် အတင်းအဓမ္မဆက်ကြေးကောက်ခံခဲ့ပြီး ဆက်ကြေးမပေးနိုင်သည့် ကုန်စိမ်းကားခြောက်ဘီးယာဉ် တစ်စီးပေါ်မှ ဟင်းသီးဟင်းရွက်များအား ယူဆောင်သွားကာ အနောက်ဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့လှကျေးရွာနေ မောင်ဆန်းနှင့် မောင်သိန်းသန်းအောင်တို့နှစ်ဦးသည် ကျွဲပျောက်၍ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခန့်တွင် မော်တော်ဆိုင်ကယ်ဖြင့် လိုက်လံရှာဖွေစဉ် မြို့လှကျေးရွာ၏ အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာသို့အရောက်၌ KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် ဒေသန္တရလုပ် တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် မိုင်းစ ထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ မိုင်းထိလူနာများအား မြို့လှဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိရာ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး လိုအပ်သည့် ထောက်ပံ့မှုများကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံးကိုးမြို့ အနီးမှ လက်နက်၊ ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသည်။

မုံးကိုးမြို့ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် မုံးကိုးမြို့၏ တောင်ဘက် ၅ မိုင်ခန့်အကွာရှိ ပြောင်းခင်းအတွင်းမှ လက်ပစ်ဗုံး နှစ်လုံး၊ အီနာဂါဗုံးသီး သုံးလုံး၊ ၉ ဒသမ ၄၅ ကျည် ၇၄ တောင့်၊ မှန်ပြောင်း တစ်လက်၊ MNDAA ယူနီဖောင်း သုံးစုံ၊ ဘိန်းဖြူအမှုန့် ၁၆ ဂရမ်ခန့်ပါ သုံးထုပ် (ခန့်မှန်းတန်ဖိုး ကိုးသိန်းခန့်)၊ ရီမု နှစ်ခု၊ အီကွေးမန့်တစ်စုံနှင့် ဟန်းကောတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် မူဆယ်မြို့နယ် မူဆယ်-လားရှိုးကားလမ်း နမ့်အွန်ကျေးရွာနှင့် နမ့်ပေါ်တံတားအကြား တပ်မတော်စစ်ကြောင်းက လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိစဉ် နမ့်အွန်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ KIA လက်နက်ကိုင်အဖွဲ့ အင်အား ၁၀ ဦးခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်လာရောက် ပစ်ခတ်ခဲ့သဖြင့် တပ်မတော် စစ်ကြောင်းများက ပြန်လည်ပစ်ခတ်ခဲ့ရာ လက်နက်ကိုင်အဖွဲ့သည် အရှေ့ဘက်သို့ ဆုတ်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီလ ၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁တွင် ဖော်ပြပါရှိသော ၂၀၁၆ ခုနှစ်အတွင်း ရထားခဲပေါက်ခံရမှုသတင်းခေါင်းနှင့် စာကိုယ်ထဲတွင် (၂၆)ကြိမ်အစား(၂၁)ကြိမ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## စေ့စပ်လိုက်ပြီဖြစ်တဲ့ ဆရီနာဝီလျံ



ကမ္ဘာ့တင်းနစ်ချန်ပီယံတစ်ဦးဖြစ်တဲ့ အမေရိကန် တင်းနစ်မယ် ဆရီနာဝီလျံကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၂ ရက်က နယူးဇီလန်လေဆိပ်မှာ သူနဲ့ စေ့စပ်ထားတဲ့ ချစ်သူ အဲလက်ဇက်စ်အိုဟန်းနီယမ်နဲ့အတူ တွဲတွေ့ခဲ့ရာမှာ ဆရီနာက စေ့စပ်လက်စွပ်အသစ် ဝတ်ဆင်ထားတာကိုတွေ့မြင်ခဲ့ရကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အားကစားကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆရီနာနဲ့ စီးပွားရေးသမားတစ်ဦးအဖြစ်သာမက စာရေးဆရာတစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ အဲလက်ဇက်စ် တို့နှစ်ဦးဟာ တရားဝင်စေ့စပ်ခဲ့ပြီးဖြစ်ကြောင်း ဆရီနာဝီလျံက ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း လည်း သိရပါတယ်။ လတ်တလော မှာ စေ့စပ်ပွဲဆင်နွှဲခဲ့တဲ့သူတို့နှစ်ဦးဟာ ကိုယ်ပိုင်ရဟတ်ယာဉ်နဲ့ နယူးဇီလန်ကနေ ထွက်ခွာခဲ့ကြပြီး လေဆိပ်မှာအတူတွဲတွေ့ရတဲ့ သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေကိုလည်း မီဒီယာတွေကို ဓာတ်ပုံရိုက်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။

အဆိုပါကြယ်ပွင့်စုံတွဲဟာ နေ့လယ်စာစားပွဲတစ်ခုမှာ စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး အဲဒီနောက် ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ စေ့စပ်ဖြစ်ခဲ့ပုံနဲ့ပတ်သက်ပြီး ဆရီနာက သူရဲ့ချစ်သူ အဲလက်ဇက်စ်ဟာ သူရှိနေတဲ့ ရောမမြို့ကို ရုတ်တရက်ရောက်လာခဲ့ပြီး သူ့ကိုစေ့စပ်ခွင့်တောင်းခဲ့ရာ သူကလည်း လက်ခံခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။

## ဘရက်ပစ်မပါတဲ့ အန်ဂျလီနာဂျိုလီရဲ့ နှစ်သစ်ကူးပွဲ

ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတွေထဲမှာ ကျော်ကြားတဲ့ စုံတွဲတစ်တွဲဖြစ်တဲ့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ နှစ်ကုန်ပိုင်းမှာ ကွာရှင်းခဲ့ကြပြီးတဲ့နောက် အန်ဂျလီနာဂျိုလီက သူ့တို့ရဲ့ရင်သွေးခြောက်ဦးစလုံးကို ခေါ်ဆောင်ကာ သီးခြားနေထိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ယခု ၂၀၁၇ ခုနှစ်ရဲ့ နှစ်သစ်ကူးပွဲတော်ရက်တွေမှာတော့ ဂျိုလီက ကလေးတွေနဲ့သာ အချိန်ကုန်ဆုံးခဲ့ကာ ဘရက်ပစ်မပါတဲ့ နှစ်သစ်ကူးရက်တွေကို ကုန်ဆုံးခဲ့တာဖြစ်ပါတယ်။

အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ အန်ဂျလီနာဂျိုလီနဲ့ကလေးတွေဟာ အမေရိကန်နိုင်ငံရဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့ ကော်လိုရာဒိုပြည်နယ်မှာရှိတဲ့ ဂျိုလီရဲ့ အိမ်မှာ နှစ်သစ်ကူးအားလပ်ရက်တွေကို ပျော်ပျော်ပါးပါးကျော်ဖြတ်ခဲ့ကြပြီး အဆိုပါခရီးစဉ်မှာ ဘရက်ပစ်ကိုတော့ တွေ့မြင်ခဲ့ခြင်းမရှိကြောင်း သိရပါတယ်။

အန်ဂျလီနာဂျိုလီဟာ ခင်ပွန်းဟောင်းဖြစ်သူ ဘရက်ပစ်နဲ့ လမ်းခွဲပြီးနောက် ဆေးလိပ်တွေအလွန်အကျွံသောက်သုံးခဲ့တာကြောင့် ကျန်းမာရေးထိခိုက်ခဲ့ရကြောင်း သတင်းတွေထွက်ခဲ့ပေမယ့် ယခုသွားရောက်ခဲ့တဲ့ နှစ်သစ်ကူးအားလပ်ရက်ခရီးစဉ်မှာတော့ နှင်းမှုန်ဖွေးဖွေးကြားမှာ ရင်သွေးတွေနဲ့အတူ ကျန်းမာပျော်ရွှင်နေတဲ့ ဂျိုလီကို တွေ့မြင်ခဲ့ရကြောင်းလည်း သိရပါတယ်။



## ဆိုးယွန် ၏ တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ် ယခုလအတွင်း ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆိုးယွန်ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို မကြာမီထုတ်လွှင့်သွားမှာဖြစ်ကြောင်း အောလကေပေ့ါ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

" Girls' Generation " အဖွဲ့ဝင်တွေထဲမှ နောက်ထပ်တစ်ကိုယ်တော်တေးအယ်လ်ဘမ်ထုတ်လုပ်သွားမယ့်အဖွဲ့ဝင်မှာ ဆိုးယွန်ဖြစ်ကြောင်းနဲ့ ဆိုးယွန်ရဲ့ ယခုထွက်ရှိလာမယ့် တေးအယ်လ်ဘမ်ကို ၂၀၁၇ ခုနှစ်အတွက် ပထမဆုံးထုတ်လုပ်ခဲ့တဲ့ တေးအယ်လ်ဘမ်အဖြစ် ထုတ်လွှင့်သွားရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း အဆိုပါတေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က ပြီးခဲ့တဲ့ ဇန်နဝါရီ ၃ ရက်မှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ကို ယခုလအတွင်းထုတ်လွှင့်သွားမှာဖြစ်ပြီး " Girls' Generation "အဖွဲ့ဝင်တွေဖြစ်ကြတဲ့ တေးယွန်၊ တစ်ဖန်နီနဲ့ ဟိုယွန်တို့ဟာလည်း ဆိုးယွန်မတိုင်မီ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွေ ထုတ်လုပ်ခဲ့ကြတာကြောင့် ဆိုးယွန်ဟာ အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ထုတ်လုပ်ခဲ့တဲ့ စတုတ္ထမြောက်အဖွဲ့ဝင်တစ်ဦးဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။ အက်စ်အမ်အန်တာတိန်းမန့်က "ဆိုးယွန်ရဲ့ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်အတိအကျကိုတော့ လတ်တလောအချိန်အထိ မသတ်မှတ်ရသေးပါဘူး။ ဒါပေမယ့် ထုတ်လွှင့်မယ့်ရက်အတွက် ဆုံးဖြတ်ပြီးရင်တော့ ပရိသတ်ကို ချက်ချင်းအသိပေးသွားမှာပါ"လို့ ပြောကြားခဲ့ပါတယ်။

ဆိုးယွန်ဟာ " Ruby, Ruby, Love "ရုပ်ရှင်မှာ ငယ်ရွယ်ထက်မြက်တဲ့ သူတစ်ဦးအဖြစ် ခေါင်းဆောင်နေရာမှာ ပါဝင်သရုပ်သွားမှာဖြစ်ကြောင်းလည်း မကြာသေးမီက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။



## စစ်မှုထမ်းကာလပြီးဆုံးတော့မယ့် ကင်မ်ဟွန်ဂျွန်

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ခုဖြစ်တဲ့ "Boys Over Flower"(F4)ရုပ်ရှင်နဲ့ မြန်မာပရိသတ်တွေနဲ့ စတင်ရင်းနှီးလာခဲ့တဲ့ မင်းသား ကမ်ဟွန်ဂျွန်ဟာ လတ်တလောမှာ စစ်မှုထမ်းလျက်ရှိပြီး လာမယ့် ဖေဖော်ဝါရီလအတွင်းမှာတော့ သူ့ရဲ့ စစ်မှုထမ်းကာလဟာ ပြီးဆုံးတော့မှာဖြစ်ကြောင်း မင်းသားရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း အောလကေပေ့ါ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၃ ရက်မှာ ကမ်ဟွန်ဂျွန်ရဲ့ အေဂျင်စီက မင်းသားဟာ လာမယ့် ဖေဖော်ဝါရီ ၁၁ ရက်မှာ စစ်မှုထမ်းကာလပြီးဆုံးတော့မှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ကမ်ဟွန်ဂျွန်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မေလအတွင်း စတင်စစ်မှုထမ်းခဲ့တာဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ယခင်က သူ့ရဲ့ စစ်မှုထမ်းကာလပြီးဆုံးမယ့်နေ့ကို အေဂျင်စီက အတိအကျ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ယခုအခါမှ အတိအကျ ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SS5O1"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတလောကမှာအောင်မြင်ခဲ့တဲ့ ကမ်ဟွန်ဂျွန်ဟာ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ လူသိများခဲ့သူဖြစ်တာကြောင့် စစ်မှုထမ်းကာလအပြီး ပြန်လည်စတင်လာတော့မယ့် သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကိုလည်း ပရိသတ်တွေက အထူးမျှော်လင့်စောင့်စားလျက်ရှိပါတယ်။ ကမ်ဟွန်ဂျွန်ရဲ့ အနာဂတ်အစီအစဉ်နဲ့ပတ်သက်ပြီး သူ့ရဲ့အေဂျင်စီကတော့ လတ်တလောအချိန်အထိ တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။

အေးပြည့်စု စည်းရေးသားသည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၅-၁-၂၀၁၇(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၀ | "လီဆူးမျိုးနွယ်တို့၏ ရိုးရာအထည်များ ရက်လုပ်ခြင်းအကြောင်း" |
| ၈း၃၀ | NKHအစီအစဉ် "ရေပုတ်သင်များကိုစူးစမ်းလေ့လာခြင်း (ရေပုတ်သင်၏ ဘဝရှင်သန်မှု) |
| ၈း၅၀ | "သံလွင်တစ်ခက်ချိုးဖြူငှက်" |
| ၉း၃၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၀ | ASEAN Spotlight |
| ၁၀း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၃၅ | အထွေထွေသုတနှင့်ကျန်းမာရေး "တမာအကြောင်းသိကောင်းစရာ" |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း- ၁) |
| ၁း၂၀ | သုခုမရင်ခွင်အငြိမ့်သဘင် "မောင်လူချောတို့အဖွဲ့ အငြိမ့်" (မင်းသမီး-ရွှေဝင့်ထယ်ကို၊ လူရွှင်တော် -ကံထူး၊ သားဦး၊ ဗေကြီး၊ အရှည်ကြီး) (ဒါရိုက်တာ - ဖုန်းမြင့်အောင်) |
| ၂း၁၅ | အဆိုပြိုင်ပွဲ |
| ၂း၂၅ | Weekly Sport Info |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်"(အပိုင်း- ၃) |
| ၄း၃၅ | မြန်မာဇာတ်လမ်းတွဲ "နတ်သမီးဒဏ္ဍာရီ" (အပိုင်း-၁) |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၆း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း- ၂) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ချစ်ကြည်ရင်းနှီးမှုကိုဦးတည် အမျိုးသမီးကင်းထောက်များ၏ စွမ်းရည်" |
| ၉း၀၀ | ပြည်တွင်းသတင်း၊ -မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော် " (အပိုင်း- ၄) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီချိုပြုံး) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၅-၁-၂၀၁၇(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၂၀ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၅ | မျိုးချစ်တပ်မတော် |
| ၇း၄၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၁၀ | VOAအင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၂၀ | ရှေးဟောင်းသုတ |
| ၈း၃၅ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၁၅ | လျှပ်တစ်ပြက် |
| ၉း၂၅ | ဒေသန္တရဗဟုသုတ အစုံစုံအလှဖုံဖုံ |
| ၉း၄၀ | ချစ်သူစုံတွဲတူယှဉ်နွှဲ |
| ၉း၅၀ | Casual Talk |
| ၁၀း၁၅ | မေးမြန်းစူးစမ်း |
| ၁၀း၃၅ | Cooking Art |
| ၁၁း၀၀ | နိုင်ငံတကာသတင်း |
| ၁၁း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၁၁း၂၅ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | မောင်မယ်လေးများသိစေချင် |
| ၁၁း၄၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၀၀ | World Wide Web |
| ၁၂း၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂း၂၅ | မြန်မာ့ရှုခင်း |
| ၁၂း၃၅ | သီချင်းလက်ဆောင် |
| ၄း၂၅ | အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ |
| ၄း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | အလှနတ်သမီး |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၁၈) - ဘောလုံးကန်ကြမယ် - အနုပညာရှင်ရဲ့ ဒိုင်ယာရီတစ်မျက်နှာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လျှို့ဝှက်ဆန်သောကျောင်း အပိုင်း(၈) |

# ချယ်လ်ဆီးကို ပြိုင်ဘက်အသင်းများ မနာလို ဖြစ်နေကြသည်ဟု ကွန်တီ တုံ့ပြန်ပြီ



ပရီမီယာလိဂ် အမှတ်ပေးဇယား ရေးဆွဲမှုက ချယ်လ်ဆီးအသင်းကို အသာရအောင် ဖန်တီးပေးနေသည်ဟူသော ဝေဖန်ချက်များမှာ ချယ်လ်ဆီးအသင်း၏ အမှတ်ပေးဇယားထိပ်ကို လွတ်လွတ်ကျွတ်ကျွတ်ဦးဆောင်နေသည့် အနေအထားအပေါ် ပြိုင်ဘက်အသင်းများ မနာလို၍သာဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ ကွန်တီက တုံ့ပြန်ပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ပွဲတော်ကာလ( ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလပထမပတ်ကြား) အတွင်း ကစားရသည့် ပွဲစဉ်များဖြစ်သော ဘုန်းမောက်၊ စတုတ်နှင့် စပါးအသင်းတို့နှင့် ပွဲစဉ်များ ကြား ၂၂၃ နာရီ အနားရခဲ့ပြီး အဆိုပါပွဲစဉ် သုံးပွဲအနက် နှစ်ပွဲမှာ အိမ်ကွင်း၌ ကစားခဲ့ရခြင်းဖြစ်သည်။

ကွန်တီက “ကျွန်တော်လည်း ပွဲစဉ်ဇယားကို ဆွဲထားတာမဟုတ်ပါဘူး။ အခွင့်အရေးလို့ ရှာကြံပြောကြကြေးဆိုရင်တော့ ကျွန်တော်တို့က စပါးထက် တစ်ရက်ပို အနားရထားတယ်။ ဒါပေမယ့် ဒါမျိုး ဝေဖန်နေတာတွေက အီတလီမှာလည်းပဲ ကြုံခဲ့ရပြီးပါပြီ။ ဘာလို့လည်းဆိုတော့ ခင်ဗျားက အမှတ်ပေးဇယားထိပ်ကိုရောက်နေလို့ပါ”ဟု ပြောကြားခဲ့သည်။

လက်ရှိ မန်ယူနည်းပြ မော်ရင်ဟိုက ပရီမီယာလိဂ် အသင်းများကြားထဲတွင် ချယ်လ်ဆီးအသင်း အခွင့်ထူးခံစားနေရသည်ဟု ဇန်နဝါရီ ၂ ရက်တွင် ပြောကြားခဲ့သလို အာဆင်နယ်နည်းပြ ဝင်းဂါးကလည်း ဇန်နဝါရီ ၃ ရက်တွင် အဆိုပါ ကိစ္စရပ်ကိုပင် ထပ်မံဝေဖန်ခဲ့သေးရာ နောက်တစ်ရက်အကြာတွင် ကွန်တီက အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ထို့ပြင် ကွန်တီက ယခု အချိန်တွင် စပါးသာမက ကျန်အသင်းတိုင်းက ချယ်လ်ဆီးအသင်း၏ နိုင်ပွဲဆက်နေမှုအနေအထားကို ရပ်တန့်စေချင်ကြပြီး အဆိုပါ ကိစ္စရပ်မှာ အမှတ်ပေးဇယားထိပ် ရပ်တည်နေသည့် အသင်းတိုင်းကြုံတွေ့နေရသည့် ဖြစ်စဉ်ပင်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ပရီမီယာလိဂ် ဇယားထိပ် အသင်း ခြောက်သင်းအနက် မန်ယူအသင်းဆိုလျှင် ဒီဇင်ဘာ ၃၁ ရက်တွင် မစ်ဒယ်ဘရော့နှင့် ကစားပြီးနောက် ဇန်နဝါရီ ၂ ရက်မှာပင် ဝက်စ်ဟမ်းကို ထပ်မံရင်ဆိုင်ခဲ့ရသည်။ ■



## ပရီမီယာလိဂ်ဖလားကို အာဆင်နယ်အသင်း ရယူလိုပါက ဘုန်းမောက်ကဲ့သို့သော အသင်းမျိုးကိုအနိုင်ရသင့်ဟု အွန်နရီပြောကြား

ပရီမီယာလိဂ်ပွဲစဉ်(၂၀)၏ လက်ကျန်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘုန်းမောက်အသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင် ဘုန်းမောက်အိမ်ကွင်း၌ အာဆင်နယ်အသင်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း အာဆင်နယ်အသင်း၏ ခြေစွမ်းမှာ အံ့သြစရာမရှိကြောင်း အာဆင်နယ်အသင်း ကစားသမားဟောင်း သီယာရီအွန်နရီက ပြောကြားလိုက်သည်။

ယင်းပွဲစဉ်တွင် ဘုန်းမောက်အသင်းက ပထမပိုင်းသွင်းဂိုးနှစ်ဂိုး၊ ဒုတိယပိုင်း သွင်းဂိုးတစ်ဂိုးတို့ဖြင့် အာဆင်နယ် အသင်းကို သုံးဂိုးပြတ်ဦးဆောင်ကစားနိုင်ခဲ့ပြီး မိနစ် ၇၀ နောက်ပိုင်းမှသာ ဆန်းချက်ဇ်နှင့် ဗီရက်ဇ်တို့၏ သွင်းဂိုးများကြောင့် ချေပဂိုးနှစ်ဂိုး ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် အဆိုပါ ပွဲစဉ်၌ သရေတစ်မှတ်ရရှိရန်ပင် အခက်တွေ့ခဲ့ပြီး ပွဲကစားချိန် ၈၂ မိနစ်တွင် ဘုန်းမောက်ကစားသမား ဖရန်ဆစ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးနောက် တစ်ယောက်လျော့ အနေအထားသို့ ရောက်ရှိမှသာလျှင် ဂီရော့ဒ်၏ သွင်းဂိုးရရှိခဲ့ခြင်းကြောင့် သရေတစ်မှတ်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သီယာရီအွန်နရီက အာဆင်နယ်အသင်း၏ ဘုန်းမောက်နှင့် ပွဲစဉ်ခြေစွမ်းကို အားမရဖြစ်ခဲ့ရခြင်းဖြစ်သည်။

“အာဆင်နယ်အသင်းရဲ့ ခြေစွမ်းက ပွဲကစားချိန်မိနစ် ၇၀ အတွင်း အားရစရာမကောင်းခဲ့ဘူး။ ပွဲပြီးဖို့ နောက်ဆုံးမိနစ် ၃၀ အတွင်းရောက်မှသာ သူတို့ရဲ့ခြေစွမ်းက အားရစရာဖြစ်လာခဲ့တယ်။ ဒါပေမယ့် အစပိုင်းမှာ ဘာကြောင့် ခြေစွမ်းပိုင်း မကောင်းမွန်ခဲ့သလဲဆိုတာကတော့ မေးခွန်းထုတ်စရာပါ”ဟု သီယာရီအွန်နရီက ဆိုသည်။

ထို့ပြင် သရေရလဒ်ရရှိခဲ့မှုအပေါ် ကျေနပ်မှုရှိခဲ့သော်လည်း နည်းပြ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်း အနေဖြင့် ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးလိုပါက ဘုန်းမောက်ကဲ့သို့သော အသင်းမျိုးကို အနိုင်ရရှိသင့်ကြောင်းလည်း အာဆင်နယ်ကစားသမားဟောင်း သီယာရီအွန်နရီက ပြောကြားခဲ့သည်။

(ငွေကြယ်)

## မီဒီယာများကြောင့် ဂွါဒီယိုလာ စိတ်အနှောင့်အယှက်ဖြစ်

အသက်(၄၅)နှစ်အရွယ်သာ ရှိသေးသည့် မန်စီးတီးနည်းပြ ဂွါဒီယိုလာက သူ၏နည်းပြဘဝ အဆုံးသတ်ချိန် နီးကပ်လာပြီဟု ပြောကြားခဲ့ခြင်းမှာ မီဒီယာများနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းကြောင့်သာ ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လီဗာပူးကို ရှုံးနိမ့်အပြီး ဂွါဒီယိုလာနှင့် အားကစား ဒါရိုက်တာ ဘက်ကီရက်စတိန်းတို့ အွန်လိုင်းမှတစ်ဆင့် ပြောကြားခဲ့မှုကို မီဒီယာများက ဖွင့်ချခဲ့ရာ အဆိုပါ လုပ်ဆောင်ချက်မှာ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ထိခိုက်သည်ဟု ဂွါဒီယိုလာက ယူဆခဲ့ခြင်း ကြောင့် ဒေါသထွက်နေခြင်းဖြစ်သည်။

ဂွါဒီယိုလာက“ ကျွန်တော် နည်းပြ ဘဝ ကုန်ဆုံးချိန်နီးကပ်လာပြီလို့ ခံစားရပါတယ်။ အသက်(၆၀)၊ (၆၅)နှစ် လောက် အထိ နည်းပြဘဝနဲ့ ဆက်ရှိနေဖို့တော့ စိတ်ကူးမရှိပါဘူး”ဟု အန်္ဂလိပ်ဘီစီ သတင်းဌာနသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဂွါဒီယိုလာနှင့် ဘက်ကီရက်စတိန်းတို့ ပြောစကားများ ပေါက်ကြားခဲ့ခြင်းကြောင့် ဂွါဒီယိုလာ ဒေါသထွက်နေပြီး နည်းပြဘဝအဆုံးသတ်ချိန် နီးကပ်လာပြီဟု မီဒီယာများကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အားကစားသတင်းထောက် ဂျွန်ရစ်ချက်ဆန်က သူ၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ ဘန်လေနှင့် ပွဲစဉ်တွင် ဖာနန်ဒင်ဟို ထုတ်ပယ်ခံရခြင်းနှင့် ပတ်သက်၍ ထင်မြင်ချက်ပေးရန် တောင်းဆိုခဲ့ရာ ဂွါဒီယိုလာက “ ခင်ဗျားတို့က ဂျာနယ်လစ်တွေလေ။ ကျွန်တော်က ဟုတ်မှမဟုတ်တာ”ဟု ဖြေခဲ့သလို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲစဉ်တိုင်းကစားနိုင်သော်လည်း တိုက်ရိုက်အနီကတ်ထိသည့် ကစားသမားများပြားနေမှုနှင့် ပတ်သက်၍လည်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူရင် အထုတ်ခံရမည် ဆိုသည်ကို သိထားကြောင်း မေးမြန်းသမျှ မေးခွန်းတိုင်းကို ကန့်လန့်တိုက် ဖြေကြားခဲ့သည်။



## ရှနိုက်ဒါလင် ကို ခေါ်ယူလိုသည့်အသင်းများတွင် မာဆေးလ်အသင်း ပါဝင်လာ



မန်ယူကွင်းလယ်လူ ရှနိုက်ဒါလင်ကို ပရီမီယာလိဂ်အသင်းများဖြစ်သည့် အဲဗာတန်၊ ဝက်စ်ဟမ်းတို့မှ ကမ်းလှမ်းထားသလို ယခုအခါ ပြင်သစ် ပထမတန်းကလပ် မာဆေးလ်သည်လည်း ရှနိုက်ဒါလင် ရရှိရေး ပြိုင်ပွဲအတွင်း ဝင်ရောက်လာသည်ဟု The Sun သတင်းဌာနက ဖော်ပြသည်။ ရှနိုက်ဒါလင်သည် မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသောကြောင့် ဇန်နဝါရီဈေးကွက်ကာလဖွင့်လှစ်ချိန်အတွင်း အသင်းပြောင်းရန် သေချာနေသည့် ကစားသမားဖြစ်သည်။ သို့သော် မန်ယူက ၎င်းကို ခေါ်ယူစဉ် ပေးချေခဲ့ရသည့် ပြောင်းရွှေ့ကြေး ပေါင် ၂၄ သန်းရရှိမှသာ ပြန်လည်ရောင်းချလိုကြောင်း သိရသည်။ ရှနိုက်ဒါလင်သည် ယခုနှစ်ဘောလုံးရာသီအတွင်း စုစုပေါင်း ပွဲချိန် ၁၅ မိနစ်နီးပါးသာ ဝင်ရောက်ကစားခွင့် ရခဲ့သူဖြစ်သည်။

လက်ရှိအဲဗာတန်အသင်းကိုတာဝန်ယူကိုင်တွယ်နေသည့် ရော်နယ်ကိုးမန်းက ဆောက်သမ်တန်အသင်းတွင် လက်တွဲခဲ့ဖူးသည့် ရှနိုက်ဒါလင်ကို ပြောင်းရွှေ့ကြေး ပေါင်၁၉သန်းဖြင့် ကမ်းလှမ်းခဲ့ရာ မန်ယူအသင်းဘက်မှ ပယ်ချခဲ့ပြီးဖြစ်သည်။ မာဆေးလ်အသင်းသည်လည်း ငွေသုံးကြွမ်းသည့် ပြည်တွင်းလိဂ်ပြိုင်ဘက်များဖြစ်သည့် ပီအက်စ်ဂျီ၊ မိုနာကိုတို့ကို ယှဉ်နိုင်ရန် ကစားသမားသစ်များ ထပ်မံအားဖြည့်ရန် လိုလားနေပြီး ရှနိုက်ဒါလင်နှင့် ဝက်စ်ဟမ်းကွင်းလယ်လူ ပါယက်တို့ကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

သို့သော် မန်ယူအသင်းသည် ရှနိုက်ဒါလင်ကို ဝက်စ်ဘရွန်းအသင်း ( သို့မဟုတ်) စီးရီးအေကလပ် အင်တာမီလန် တို့သို့သာ ရောင်းချရန် လိုလားနေသည်ဟု အင်္ဂလန်မှလာသော သတင်းရင်းမြစ်များအရ သိရသည်။မာဆေးလ်အသင်း ရှယ်ယာရှင်သစ်ဖြစ်သူ ဖရန့်မက်ကော့က နည်းပြ ဂါစီယာလိုချင်သည့် ကစားသမားကို ခေါ်ယူပေးမည်ဟု ကတိပြုထားပြီး ရှနိုက်ဒါလင်မှာ အဆိုပါစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေသူဖြစ်သည်။

မေလှဲ့သင်း
ရေးသားသည်

## ဒယ်လီအယ်လီနှင့် ဟယ်ရီကိန်းတို့အား စပါးရောင်းချမည် မဟုတ်ဟုဆို

စပါးအသင်းသည် အသင်း၏ အားထားရသည့် ကစားသမားနှစ်ဦးဖြစ်သည့် ဒယ်လီအယ်လီနှင့် ဟယ်ရီကိန်း တို့နှစ်ဦးအား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် အင်္ဂလန်လူငယ် ကစားသမားနှစ်ဦးဖြစ်သည့် ဒယ်လီအယ်လီနှင့် ဟယ်ရီကိန်းတို့အား ခေါ်ယူရန် စိတ်ဝင်စားနေခြင်း ဖြစ်သည်။

သို့ရာတွင် စပါးအသင်းအနေဖြင့် ရောင်းချမည်မဟုတ်သည့်အပြင် ဒယ်လီအယ်လီနှင့် ဟယ်ရီ ကိန်းတို့သည်လည်း စပါးအသင်းမှထွက်ခွာရန် ဆန္ဒမရှိကြောင်း သိရသည်။

ဒယ်လီအယ်လီသည် စပါးအသင်း၌ ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကိုလည်း စက်တင်ဘာလအတွင်းက ချုပ်ဆိုထားခဲ့သည့်အပြင် ဟယ်ရီကိန်းသည်လည်း စပါးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုထားသည်။

(ငွေကြယ်)

## လယ်၊ တံတားနှင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ အရည်အသွေးပြည့်မီရေး ကွင်းဆင်းကြည့်ရှု

**ယင်းမာပင် ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု လက်ပံကျေးရွာတွင် တော်ဝင်အင်းဝ ကုမ္ပဏီက ငွေကျပ် ၁၁ ဒသမ ၂ သန်းဖြင့် ရွာအဝင် ကွန်ကရစ်တံတားဆောက်လုပ်ခြင်းလုပ်ငန်းနှင့် တောင်ပုအုပ်စု တရော်ကျင်းကျေးရွာတွင် Tech United Power ကုမ္ပဏီက ငွေကျပ် ၁၈ ဒသမ ၅ သန်းဖြင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ လုပ်ငန်းများအား တိုင်းဒေသကြီးလွှတ်တော် ယင်းမာပင်မဲဆန္ဒနယ် အမှတ် (၁) ကိုယ်စားလှယ်ဒေါ်ခင်နှင်းရီ သည် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်းနှင့် ဝန်ထမ်းများလိုက်ပါကာ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက အရည်အသွေးပြည့်မီစေရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

"ကျွန်တော်တို့ကျေးရွာမှာ ယခင်ကရှိတဲ့ လက်ငင်ရေတွင်းတွေဟာ နွေရာသီဆိုရင် သောက်ရေသုံးရေ အခက်အခဲများနှင့် နှစ်စဉ်ကြုံတွေ့ခဲ့ရပါတယ်။ အခုဆိုရင် တစ်နာရီမှာ ဂါလန် ၁၈၀၀ ထွက်ရှိတဲ့စက်ရေတွင်း တူးဖော်ရရှိပြီးလို့ ကျွန်တော်တို့ ကျေးရွာရဲ့သောက်ရေသုံးရေအခက်အခဲများလည်း အဆင်ပြေသွားပြီဖြစ်တဲ့အတွက် ကျေးရွာသူ၊ ကျေးရွာသားများ ဝမ်းသာနေကြပါတယ်"ဟု တရော်ကျင်းကျေးရွာနေ ဦးကျော်စိုးလင်းက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ယင်းမာပင်မြို့နယ်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ငွေကျပ် ၂၆၅ ဒသမ ၇၄ သန်းနှင့် ရေပေးဝေရေးလုပ်ငန်းတွင် ငွေကျပ် ၈၉ ဒသမ ၂ သန်း သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်ပြန်/ဆက်**

# စီမံကိန်းများရေးဆွဲရာတွင် ပြည်သူများပါဝင်ရေးဆွဲသည့် ပြည်သူ့ဗဟိုပြု စီမံကိန်းများ ဖြစ်ရန်လို

**နေပြည်တော် ဇန်နဝါရီ ၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဧရာဝတီတိုင်းဒေသကြီး လှျပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းငွေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး ဒေသခံပြည်သူများက လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုအပ်ချက်များ ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားတိုင်း လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွယ်ကူအဆင်ပြေစွာလုပ်ကိုင်နိုင်ရန် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဘက်ညီစွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍ အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် ပြည်သူများ ပါဝင်ရေးဆွဲသည့် ပြည်သူ့ဗဟိုပြု စီမံကိန်းများ ဖြစ်ရန်လိုကြောင်း၊ မြို့မိမြို့ဖများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းပါဝင် ရေးဆွဲစေလိုကြောင်းဖြင့် ပြောကြားခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လပွတ္တာမြို့ ကျောက်မော်ကျေးရွာ ၃ မိုင်စက်မှုဇုန် လျာထားမြေနေရာရှိ MEF International Company Limited ၏ အအေးခန်းနှင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကာ ကဏန်းပျော့ မွေးမြူထားရှိမှု အခြေအနေ၊ ကဏန်းပျော့များ နိုင်ငံခြားသို့ တင်ပို့ရန် ထုပ်ပိုးနေမှုများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ၃ မိုင်မြို့သစ်မြို့နှင့် စက်မှုဇုန်တို့သို့ ရေပေးဝေလျက်ရှိသည့် ၆၆ ဧက သောက်သုံးရေကန်သို့ သွားရောက်ကာ သောက်သုံးရေ ဖြန့်ဝေပေးနေမှု အခြေအနေများကိုလည်းကောင်း၊ စက်မှုလက်မှု ပညာသင်ကျောင်းသို့ သွားရောက်ပြီး အသက်မွေးဝမ်းကျောင်းပညာသင်ကြားနေမှုများကို လည်းကောင်း၊ လပွတ္တာကမ်းနားလမ်းရှိ သဘော်ဆိပ်ခံတံတားအား လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နွေရာသီသောက်သုံးရေပြတ်လပ်မှုများမရှိစေရန် စိမ့်စမ်းရေရရှိရေးလုပ်ငန်းများဆောင်ရွက်



**အင်းတော် ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု ဂဟဲကျေးရွာတွင် နွေရာသီ သောက်သုံးရေပြတ်လပ်မှုများ မရှိစေရန်ရည်ရွယ်ပြီး စိမ့်စမ်းရေရှိရေးလုပ်ငန်းများကို ဇန်နဝါရီ ၂ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက နွေရာသီရောက်ရင် သောက်သုံးရေပြတ်လပ်မှုတွေနှစ်တိုင်းကြုံတွေ့နေရပါတယ်။ ရွာဘေးကချောင်းမှာ လက်ယက်တွင်းတွေတူးပြီး သောက်သုံးရေအဖြစ် အသုံးပြုနေရပါတယ်။ ချောင်းရေက နွေရာသီဆိုခန်းခြောက်ပြီး သောက်သုံးရေ ပြတ်လပ်မှုတွေ ဖြစ်ပေါ်ပါတယ်။ ရွာအတွင်းမှာလည်း လက်နှိပ်တုံကင်တွင်းတွေ တူးပြန်ရင်လည်း ၁၄ တောင်၊ ၁၅ တောင်အနက်ဝန်းကျင်ဆိုရင် ကျောက်ဖျာခံနေတော့ တူးလို့မရဘူး" ဟု ဂဟဲရွာ၌ နေထိုင်သူ ဦးအောင်မြင့်က ပြောသည်။

ဂဟဲရွာ စိမ့်စမ်းရေရရှိရေးလုပ်ငန်းမှ ဦးကျော်အေးက "စိမ့်စမ်းရေရရှိရေးအတွက် ဂဟဲရွာ အနောက်တောင်ဘက် တစ်မိုင်ခွဲခန့်တွင်ရှိသော ကညင်ချောင်းကိုပိတ်ပြီး ရေကိုသွယ်တန်းယူမှာပါ။ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ကျပ်သိန်း ၂၀ ချထားပေးပါပြီ။ စုစုပေါင်းကုန်ကျမှာကတော့ ကျပ်သိန်း ၆၀ ခန့်ကုန်ကျမယ်လို့ခန့်မှန်းထားပါတယ်။ ရွာက ကျပ်သိန်း ၄၀ လောက် စိုက်ထုတ်ရမှာပါ။ ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၆၅ အိမ် လူဦးရေ ၃၀၀ ကျော်နေထိုင်ပြီး စိမ့်စမ်းရေရရှိလာပါက နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိဘဲ အသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

**မောင်ချစ်လင်း**

## ကာကွယ်ဆေးထိုးလုပ်ငန်းများ လူအုပ်စုတိုင်းသို့ ရောက်ရှိစေရေး အသိပေးရှင်းလင်းပွဲကျင်းပ

**ဟားခါး ဇန်နဝါရီ ၄**

ကာကွယ်ဆေးထိုးလုပ်ငန်းများ လူအုပ်စုတိုင်းသို့ ရောက်ရှိစေရန် ပြည်နယ်အစိုးရအဖွဲ့သို့ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဒေါက်တာကြည်လွင်က တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးစားပေး လုပ်ငန်း(၅)ရပ်တွင် ပါဝင်ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လမှစတင်၍ ရောဂါပိုး ၁၀ မျိုးမှ ကာကွယ်နိုင်ရန် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိရာကာကွယ်ဆေး အသစ်များဖြစ်သည့် ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (Rota) နှင့်သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ( HPV)များကို ဆက်လက်တိုးချဲ့ ထည့်သွင်းသွားမည်ဖြစ်ပြီး ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများမှ ဖြစ်ပွားသေဆုံးမှု လျော့နည်းပပျောက်၍ ငါးနှစ်အောက်ကလေးများ သေဆုံးနှုန်းကို လျှော့ချနိုင်ရန် ရည်မှန်းထားကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ပြောသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ရဲတပ်သားသစ်သင်တန်းကျောင်းသို့ ရဲလေ့ကျင့်ရေးအရာရှိချုပ်လာရောက်စစ်ဆေး

**မကွေး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် အမှတ်(၂၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင်ဖွင့်လှစ်ထားသော ရဲတပ်သားသစ်သင်တန်းကျောင်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ်ဇော်မိုးသန်းသည် ဇန်နဝါရီလ ၁ ရက် မွန်းလွဲ ၁နာရီခွဲတွင် ရောက်ရှိလာပြီး ရဲတပ်သားသစ်များ၏အိပ်ဆောင်များ၊ သင်တန်းသားများ၏ လေ့ကျင့်မှုများနှင့် စားဖိုဆောင်အားကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ပါသည်။

ဆက်လက်၍ရဲမှူးချုပ်သည်အမှတ်(၂၅)ရှိစာသင်ဆောင်ခန်းမတွင် အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့တပ်ရင်းမှူး ဒု-ရဲမှူးကြီးညီညီလင်း၊ ယာယီရဲမှူးကြီးလှသန်း၊သင်တန်းမှူးနှင့်နည်းပြအရာရှိ ၂၃ ဦးတို့နှင့်တွေ့ဆုံပြီး ယာယီရဲမှူးကြီးလှသန်းကလက်ရှိသင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ရာရဲချုပ်မှလိုအပ်သည်များရှင်းလင်းပြောကြားခဲ့ကြောင်းသိရှိရပါသည်။

**မေသူလွင်**

## ပွင့်ဖြူမြို့တွင် ပဲနောက်ရိတ်သိမ်းစဉ် ရှေးဟောင်းပစ္စည်းများတွေ့ရှိ

**ပွင့်ဖြူ ဇန်နဝါရီ ၄**

ပွင့်ဖြူမြို့နယ် ရေပုတ်ကလေးကျေးရွာတွင် ဇန်နဝါရီ ၁ ရက်က တောင်သူ ဦးစန်းငွေ၏ ပဲနောက်စိုက်ခင်းမှ ပဲနောက်များ ရိတ်သိမ်းစဉ် တံစဉ်ဖြင့် ချိပ်ပါလာသော ရှေးဟောင်းပစ္စည်းများကို တွေ့ရှိခဲ့သည်။

အဆိုပါပစ္စည်းများမှာ ငွေထည်ပစ္စည်းများဟု ယူဆရသော အရှည် လက်မ ၃၀ အုန်းဆံကြိုးအပွပုံကြိုး တစ်ကုံး အလေးချိန် ၃ ကျပ် ၅ ပဲသား၊ အရှည် ခြောက်လက်မခန့်ရှိ သံကွင်းဆက်တစ်ခု အလေးချိန် ၃ ပဲ ၇ ရွေး၊ အသဲပုံ လက်ကောက်နှစ်ကွင်း ၂ ကျပ် ၂ ပဲ၊ အဝိုင်းပုံလက်ကောက် နှစ်ကွင်း ၁ ကျပ် ၁ ပဲ၊ အရုပ်ရေးဆွဲထားသည့် လက်စွပ်တစ်ကွင်း ၆ ပဲ၊ မောင်းကွင်းပုံ လက်စွပ် ငါးကွင်း ၉ ပဲ၊ ရွှေထည်ဟုယူဆရသော အချင်း တစ်လက်မခန့်ရှိ ကျောက်သုံးလုံးပါ ဆွဲပြားအဝိုင်း ၁၃ ပဲ ၆ ရွေး ခန့် တို့အား တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြ၍ ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း (ပွင့်ဖြူ)**



# မြောက်ဦးသို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးများ ပိုမိုလာရောက်



**မြောက်ဦး ဇန်နဝါရီ ၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီပုထိုးများ၊ ရှေးဟောင်းရခိုင်လူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ၊ ရခိုင်ဒေသရှိ သဘာဝအလှတရားရှုခင်းများ၊ ရခိုင်ဒေသအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နေထိုင်မှုရိုးရာဓလေ့များကို လေ့လာနိုင်ရန် မြောက်ဦးမြို့သို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီနှစ်ဦးပိုင်းမှစတင်ကာ ပြည်တွင်း၊ ပြည်ပဘုရားဖူးခရီးသွားဧည့်သည်များပိုမိုလာရောက်လျက်ရှိကြောင်း သိရသည်။

ရှေးဟောင်း ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ ရခိုင်အနုပညာယဉ်ကျေးမှုဗိသုကာလက်ရာများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်သိမ်၊ အံတော်သိမ်၊ မာန်ငါးပါးနှင့် ရခိုင်ဒေသရှိ အထင်ကရနေရာများသို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ ပိုမိုလာရောက်လျက်ရှိသည်။ ယခု မြောက်ဦးမြို့သို့ လာရောက်ကြသော ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များက ရခိုင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရခိုင်အနုပညာဗိသုကာလက်ရာများကို အနီးကပ်တွေ့ရှိလေ့လာရသည့်အတွက် အလွန်ပျော်ရွှင်ကြည်နူးမိကြောင်းနှင့် များစွာအံ့သြမိကြောင်း ပြောကြားသည်။

မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

**မြောက်ဦးခရိုင်(ပြန်/ဆက်)**

# ဘောလခဲမြို့၌အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

**ဘောလခဲ ဇန်နဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အခြေခံကွန်ပျူတာသင်တန်း (၆/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲက ဘောလခဲမြို့ ကက်သလစ်ဘုန်းတော်ကြီးကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစောဒီးဒီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက် လမ်း၊ တံတား၊ မီး၊ ရေ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို တစ်ဖက်တစ်လမ်းကလည်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသည့်သင်တန်းများလည်း ကျေးရွာအရောက် လိုက်လံဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ယခုသင်တန်းမှာ ကာလအားဖြင့် တစ်လကြာမြင့်မည်ဖြစ်ရာ သင်တန်းကာလအတွင်း ကြိုးကြိုးစားစားသင်ယူစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းသားတစ်ဦးက "ယခင်က ကွန်ပျူတာပညာရပ်ကို သင်ကြားလိုသော်လည်း ကွန်ပျူတာရှားပါးသဖြင့် သင်ကြားနိုင်ခြင်း မရှိခဲ့ပါဘူး။ ယခုအခါ ကျေးရွာအရောက် လာရောက်ပြီး ကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ပေးတဲ့အတွက် ကျွန်တော်တို့ကျေးရွာရှိ လူငယ်မောင်မယ်များမှာ ဒီပညာကို သင်ယူပြီးမြောက်ပြီးပါက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက်လည်း အထောက်အကူပြုစေတယ်။ ဒါမှမဟုတ် ဌာနဆိုင်ရာဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ကွန်ပျူတာဆိုင်မှာလည်း ဒီပညာနဲ့ အလုပ်ဝင်လျှောက်လို့ရပြီဖြစ်လို့ သင်တန်းသားများကိုယ်စား များစွာကျေးဇူးတင်ရှိပါတယ်" ဟုပြောကြားသည်။ သင်တန်းသို့ ဘောလခဲမြို့ပေါ် ရပ်ကွက်နှင့် အနီးတစ်ဝိုက်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားသို့ ဘောလခဲမြို့နယ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောဒီးဒီ၊ မြို့နယ်ဦးစီးမှူး ဦးလှခေးနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**

# နွေစပါး ရေပေးဝေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇန်နဝါရီ ၄**

ယခုနှစ် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ နွေစပါး စိုက်ပျိုးမြေများအတွက် ရေပေးဝေရန် အုတ်တွင်းမြို့နယ် မင်းရဲရေလှောင်တမံမှ ၃၇၅ ဧက၊ ရေသိုးရေလှောင်တမံမှ ၁၃၁၆ ဧက၊ ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ ၂၁၀၈၁ ဧက စိုက်ပျိုးရေပေးဝေမည် ဖြစ်သည်။

တောင်ငူခရိုင်အတွင်းတွင် တောင်သူများဆန္ဒအရ ဆည်ကန်ရေတံခါးများမှ ၅၉၉၈၆ ဧက၊ ချောင်းပိတ်တမံများမှ ၂၅၃၇ ဧက၊ အခြားနည်းလမ်းများမှ ၇၉၂၄ ဧက စုစုပေါင်းလျာထားဧက ၇၀၄၄၇ ဧက စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရန် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်၊ ကန်၊ တမံများနှင့် ချောင်းပိတ်မြောင်းပိတ်များမှ စိုက်ပျိုးရေ စတင်ပေးဝေလျက်ရှိရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရေပေးဝေနေမှု၊ ရေသောက်စနစ်ရေပေးမြောင်းများ ပြုပြင်ဆောင်ရွက်နေမှုများအား ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးသည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်နှင့်အတူ အုတ်တွင်းမြို့နယ် မင်းရဲရေလှောင်တမံ၊ ရေသိုးရေလှောင်တမံနှင့် ၎င်းတို့၏ ဆည်ရေသောက်ရေပေးမြောင်းများမှ နွေစပါးစိုက်ပျိုးရေပေးဝေနေမှု၊ လယ်ကွက်များအတွင်း ရေဝင်ရောက်ရှိမှုအခြေအနေများ၊ ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေပေးဝေရန် မြောင်းမကြီးများနှင့် လက်တံမြောင်းများ ကြိုတင်ပြင်ဆင်နေမှုများ၊ တောင်သူများ နွေစပါးစိုက်ရေ ပြည့်ဝစွာရရှိနိုင်ရေး လုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း**

# သောက်သုံးရေ လုံလောက်စွာ ရရှိရေး ဆောင်ရွက်

**လွိုင်ကော် ဇန်နဝါရီ ၄**

တတိယအကြိမ် ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းအောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (လွိုင်ကော်)မှ ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး ဘက်စုံသားဖွားဒီပလိုမာအောင်လက်မှတ်များအား အပ်နှင်းရာ အမှတ်စဉ် (၃) မှ သင်တန်းသူ ၄၇ ဦးတို့က လက်ခံရယူကြသည်။ ထို့နောက် သင်တန်းသူများမှ သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လွိုင်ကော်) သို့ သွားရောက်ပြီး ကျောင်းအတွက်လိုအပ်နေသော သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် ကျောင်းဝင်းအတွင်း လမ်းများပြုပြင်ဆောင်ရွက်ပေးနိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လွိုင်ကော်)သည် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၃ ခုနှစ် ဇူလိုင် ၁ ရက်က အစပြုသည့် အပတ်စဉ် (၁) မှ အပတ်စဉ် (၂၁) အထိ သူနာပြုနှင့်သားဖွားဒီပလိုမာအောင်လက်မှတ်ရရှိသူပေါင်း ၉၈၁ ဦးနှင့် ဘက်စုံသားဖွားအောင်လက်မှတ်နှင့် ဘက်စုံသားဖွားဒီပလိုမာအောင်လက်မှတ်ရရှိသူပေါင်း ၄၈၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ပြည်သူကိုဗဟိုပြုရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့တွင် ဖွင့်လှစ်သည့် ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ၃ နာရီက ကျင်းပရာ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေး အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(၁၁၈)**

# အရေးပေါ်လျှပ်စစ်မီးပြုပြင်မှုများကို အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရန် လျှပ်စစ်မန်နေဂျာရုံးသစ် ဖွင့်

**လှိုင်သာယာ ဇန်နဝါရီ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းမြို့ လျှပ်စစ်မန်နေဂျာရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာနောက်ဆုံးပတ်က အဆိုပါရုံးသစ်ရှေ့၌ ကျင်းပသည်။

ရွှေလင်ပန်းမြို့ စက်မှုဇုန်အတွင်းရှိ ပြည်သူများအနေဖြင့် မိမိတို့ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ ရွှေလင်ပန်းမြို့အတွင်း ရပ်ကွက်ကြီးသုံးခု၊ အလယ်ကျေးရွာ၊ ရွှေလင်ပန်းစက်မှုဇုန်၊ ငွေပင်လယ်စက်မှုဇုန်တို့ရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား အိမ်သုံးမီတာ၊ လုပ်ငန်းသုံးမီတာများနှင့် စက်ရုံသုံး Transformer တပ်ဆင်မှုကိစ္စများနှင့် လျှပ်စစ်မီတာခပေးဆောင်မှုကိစ္စများ၊ အချိန်ကုန်သက်သာစေရန် အရေးပေါ်လျှပ်စစ်မီးပျက်ပါက ပြုပြင်မှုများအား အချိန်နှင့် တစ်ပြေးညီ လျှင်မြန်စွာဆက်သွယ်ဆောင်ရွက်နိုင်စေရန်၊ အများပြည်သူများကို One Stop Service ဝန်ဆောင်မှုပေးနိုင်စေရန် ရည်ရွယ်၍ ရွှေလင်ပန်းမြို့ လျှပ်စစ်မန်နေဂျာရုံးသစ်အား ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ခွဲထွက်ပြီး သီးခြားဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ပြောကြားသည်။

ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းအေးက ယခုလို လျှပ်စစ်မန်နေဂျာရုံးသစ် သီးခြားဖွင့်လှစ်ပေးသဖြင့် လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများမှ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများအား အနီးကပ် ထိရောက်စွာဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်၍ ရွှေလင်ပန်းမြို့ မိဘပြည်သူများနှင့် စက်မှုဇုန်ရှိ လုပ်ငန်းရှင်များကိုယ်စား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။


လျှပ်စစ်မန်နေဂျာရုံးသစ်ဖွင့်ပွဲသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ ဦးညိုမြင့်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိချုပ်၊ အထွေထွေမန်နေဂျာများ၊ ခရိုင်လေးခရိုင်မှ လျှပ်စစ်မန်နေဂျာများ၊ နေရာဇာကုမ္ပဏီလီမိတက်၊ လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များ၊ ရပ်ကွက်အတွင်း ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(၆၀၄)**

လာလီဂါရင်ခုန်သံ-၁၇

# အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်ဖို့သေချာနေတဲ့ ရီးယဲလ်

စပိန်လာလီဂါပွဲစဉ် ၁၇ ကိုလာမယ့် ဇန်နဝါရီလ ၇၊ ၈၊ ၉၊ ၁၀ နေ့တွေမှာ ပြန်လည်ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာက ဗီလာရီးရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရဖို့ရှိနေတဲ့အတွက် ပွဲကြပ်တစ်ပွဲကြုံတွေ့နေပြီး ရီးယဲလ်ကတော့ ဂရန်နာဒါနဲ့သာ ရင်ဆိုင်ရ ဖို့ရှိနေပါတယ်။



## ရှိုင်း မင်း မင်း

### ထိပ်တန်းဂိုးသွင်းရှင်များ

| | | |
|---|---|---|
| မက်ဆီ(ဘာစီလိုနာ) | - | ၁၂ဂိုး |
| ဆွာရက်ဇ်(ဘာစီလိုနာ) | - | ၁၂ဂိုး |
| စီရိုနယ်လ်ဒို( ရီးယဲလ်) | - | ၁၀ဂိုး |
| အက်စ်ပတ်(ဆယ်လ်တာဗီဂို) | - | ၁၀ဂိုး |
| ဝီလျံဂျို့စ်( ဆိုစီဒက်) | - | ၉ဂိုး |

### စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၅ | ၁၁ | ၄ | ၀ | ၄၀ | ၁၄ | ၂၆ | ၃၇ |
| ၂ | ဘာစီလိုနာ | ၁၆ | ၁၀ | ၄ | ၂ | ၄၁ | ၁၆ | ၂၅ | ၃၄ |
| ၃ | ဆီဗီလာ | ၁၆ | ၁၀ | ၃ | ၃ | ၃၂ | ၂၁ | ၁၁ | ၃၃ |
| ၄ | ဗီလာရီးယဲလ် | ၁၆ | ၈ | ၅ | ၃ | ၂၅ | ၁၁ | ၁၄ | ၂၉ |
| ၅ | ရီးယဲလ်ဆိုစီဒက် | ၁၆ | ၉ | ၂ | ၅ | ၂၈ | ၂၁ | ၇ | ၂၉ |
| ၆ | အက်သလက်တီကို | ၁၆ | ၈ | ၄ | ၄ | ၂၉ | ၁၄ | ၁၅ | ၂၈ |
| ၇ | ဘီဘာအို | ၁၆ | ၈ | ၂ | ၆ | ၂၂ | ၁၉ | ၃ | ၂၆ |
| ၈ | အီဘား | ၁၆ | ၆ | ၅ | ၅ | ၂၂ | ၂၀ | ၂ | ၂၃ |
| ၉ | အက်စ်ပန်ညို | ၁၆ | ၅ | ၇ | ၄ | ၂၀ | ၂၂ | -၂ | ၂၂ |
| ၁၀ | လက်စ်ပါးမက်စ် | ၁၆ | ၅ | ၆ | ၅ | ၂၆ | ၂၄ | ၂ | ၂၁ |
| ၁၁ | မာလာဂါ | ၁၆ | ၅ | ၆ | ၅ | ၂၅ | ၂၆ | -၁ | ၂၁ |
| ၁၂ | အလာဗက်စ် | ၁၆ | ၅ | ၆ | ၅ | ၁၅ | ၁၇ | -၂ | ၂၁ |
| ၁၃ | ဆယ်တာဗီဂို | ၁၆ | ၆ | ၃ | ၇ | ၂၅ | ၃၁ | -၆ | ၂၁ |
| ၁၄ | ဘက်တစ် | ၁၆ | ၅ | ၃ | ၈ | ၁၈ | ၂၉ | -၁၁ | ၁၈ |
| ၁၅ | ဒီပို့တီဗို | ၁၆ | ၄ | ၄ | ၈ | ၂၂ | ၂၇ | -၅ | ၁၆ |
| ၁၆ | လီဂါနက်စ် | ၁၆ | ၄ | ၄ | ၈ | ၁၃ | ၂၇ | -၁၄ | ၁၆ |
| ၁၇ | ဗလင်စီယာ | ၁၅ | ၃ | ၃ | ၉ | ၂၁ | ၂၉ | -၈ | ၁၂ |
| ၁၈ | စပို့တင်းဂီဂျွန် | ၁၆ | ၃ | ၃ | ၁၀ | ၁၇ | ၃၃ | -၁၆ | ၁၂ |
| ၁၉ | ဂရန်နာဒါ | ၁၆ | ၁ | ၆ | ၉ | ၁၄ | ၃၃ | -၁၉ | ၉ |
| ၂၀ | အိုဆာစူနာ | ၁၆ | ၁ | ၄ | ၁၁ | ၁၃ | ၃၄ | -၂၁ | ၇ |

### အက်စ်ပန်ညို - ဒီပို့တီဗို
**နံနက် ၂း၁၅ (၇-၁-၁၇)**

အက်စ်ပန်ညိုဟာ ပထမရာသီဝက်မရပ်နားခင် နောက်ဆုံး ကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့တဲ့အထိ ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့ပါတယ်။ အိမ်ကွင်းပွဲစဉ်တွေမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်မှုရှိ တတ်ပြီး အိမ်ကွင်းအရှုံး နှစ်ပွဲသာရှိထားပါတယ်။ ဒီပို့တီဗိုကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းတတ်ပြီး အဝေးကွင်းမှာအခုအချိန်ထိနိုင်ပွဲမရသေးပါဘူး။ ဒါကြောင့် အက်စ်ပန်ညိုပဲအနိုင်ရဖို့ရှိတယ်။

### အီဘား - အက်သလက်
**ည ၉း၄၅ (၇-၁-၁၇)**

အက်သလက်တီကိုဟာ ဒီရာသီမှာခြေစွမ်းပိုင်းတည်ငြိမ်မှုအား နည်းနေပါတယ်။ပထမအကျော့မရပ်နားခင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့ပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာလည်း ၈ ပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရခဲ့တာတွေ့ရတယ်။ အီဘားကတော့ အိမ်ကွင်းအရှုံးတစ်ပွဲသာရှိခဲ့သလို ဒီပွဲမှာလည်းအိမ်ကွင်းအားနဲ့ ခံကစားလာမှာသေချာတယ်။ အက်သလက်တီကို အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်ခဲလွန်းတယ်။

### ဆိုစီဒက် - ဆီဗီလာ
**နံနက် ၂း၁၅ (၈-၁-၁၇)**

ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်ကိုဖိအားပေးနိုင်ဖို့အတွက် ဆီဗီလာတို့နိုင်ပွဲရရှိအောင် အားစိုက်လာမှာပါ။ နောက်ပိုင်းပွဲစဉ်တွေမှာလည်း ဆီဗီးလ်ခြေစွမ်းပိုင်းကကောင်းမွန်မှုရှိခဲ့ပြီး နောက်ဆုံး ငါးပွဲမှာ လေးပွဲ တိတိအနိုင်ရရှိခဲ့တာ တွေ့ရတယ်။ ဒါပေမယ့် ဆီဗီးလ်ဟာ အဝေးကွင်းပွဲစဉ်တွေမှာတော့ ခြေကျတတ်လို့အိမ်ကွင်းကောင်းတဲ့ ဆိုစီဒက်တို့သရေ လောက်ရမှာပါ။

### ဘက်တစ် - လီဂါနက်စ်
**ည ၉း၄၅ (၈-၁-၁၇)**

ဘက်တစ်က တန်းမဆင်းရဖို့အတွက် အာမခံချက်မရှိသေးတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာဖြစ်ထယ် နောက်ဆုံး ငါးပွဲမှာ နှစ်ပွဲသာရှုံးခဲ့တဲ့ ဘက်တစ်ခြေကလည်း ကောင်းမွန်သလို အိမ်ကွင်းပွဲစဉ်တွေမှာလည်း အရှုံး နှစ်ပွဲသာရှိသေးတယ်။ လီဂါနက်စ်ကတော့အဝေးကွင်းပွဲစဉ်တွေမှာ နိုင်ပွဲပိုရထားပေမယ့်လည်း တိုက်စစ်ပိုင်းအားနည်းမှုတွေရှိတယ်။ ဒါကြောင့် ဘက်တစ်တို့ နိုင်ပွဲကပ်ရနိုင်တယ်။

### ဗီလာရီးယဲလ် - ဘာစီလိုနာ
**နံနက် ၂း၁၅ (၉-၁-၁၇)**

ဘာစီလိုနာဟာ ရီးယဲလ်ကိုဖိအားပေးနိုင်ဖို့ နိုင်ပွဲရယူနိုင်ရေးအား စိုက်ကစားလာမှာပါ။ ဘာစီလိုနာရဲ့ ခြေစွမ်းပိုင်းက မတည်ငြိမ်ဘူးဆိုပေမယ့် ဒီပွဲစဉ်မှာလူစုံထုတ်ကစားလာမှာဖြစ်လို့ ဗီလာရီးယဲလ်ကို ဖိအားပေးသွားနိုင်မှာပါ။ ဒါပေမယ့် ဗီလာရီးယဲလ်ကလည်း အိမ်ကွင်း ရှစ်ပွဲမှာ ခြောက်ပွဲအနိုင်ရပြီးတစ်ပွဲသာရှုံးတဲ့အထိခြေစွမ်းပိုင်းကောင်းမွန် ခဲ့ပါတယ်။ ဒါကြောင့်ပဲ ဘာစီလိုနာတို့မထင်မှတ်ဘဲအခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်ချေရှိတယ်။

### ရီးယဲလ် - ဂရန်နာဒါ
**ည ၆း၃၀ (၇-၁-၁၇)**

တန်းဆင်းဇုန်အတွင်းက ဂရန်နာဒါဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း တိုးတက်လာပါတယ်။ ပထမအကျော့မရပ်နားခင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲသာရှုံးခဲ့ပါတယ်။ ဒါပေမယ့်လည်း ဂရန်နာဒါဟာ အဝေးကွင်းပွဲစဉ်တွေမှာတော့ နိုင်ပွဲလုံးဝမရသေးပါဘူး။ ဒါကြောင့် ရီးယဲလ်ရဲ့ အိမ်ကွင်းဖိအားကို ထိန်းချုပ်နိုင်ဖို့ခက်ခဲနေပြီး ရီးယဲလ်ကသာ ဂိုးပြတ်အနိုင်ရသွားနိုင်ပါတယ်။

### လက်စ်ပါးမက်စ် - ဂီဂျွန်
**နံနက် ၀၀း၀၀ (၈-၁-၁၇)**

တန်းဆင်းဇုန်အတွင်းက ဂီဂျွန်ဟာ တန်းမဆင်းရဖို့အားစိုက် ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းအရတော့ အားနည်းမှုတွေရှိနေဆဲဖြစ်ပါတယ်။ နောက်ဆုံး ငါးပွဲမှာ လေးပွဲတိတိရှုံးနိမ့်ခဲ့ရတယ်။ လက်စ်ပါးမက်စ်ကတော့ အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိပြီး အခု အချိန်ထိ အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမကြုံသေးသလို ခံစစ်ပိုင်းကလည်း အိမ်ကွင်းပွဲစဉ်တွေမှာပိုမိုပြီး ကျစ်လျစ်တတ်ပါတယ်။

### ဘီဘာအို - အလာဗက်စ်
**ညနေ ၅း၃၀ (၈-၁-၁၇)**

ဘီဘာအိုဟာ အိမ်ကွင်းကစားပုံ ကောင်းမွန်မှုရှိပါတယ်။ လက်ရှိအချိန်ထိ အိမ်ကွင်း စုစုပေါင်း ရှစ်ပွဲကစားပြီးရာမှာ တစ်ပွဲသာရှုံးပြီး ခြောက်ပွဲတိတိအနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲမှာလည်း ဥရောပဝင်ခွင့်ရယူနိုင်ဖို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါပေမယ့်လည်း နောက်ဆုံး လေးပွဲမှာ ရှုံးပွဲမရှိခဲ့တဲ့ အလာဗက်စ်ခြေစွမ်းကလည်း ကောင်းမွန်ခဲ့တာကြောင့် ဘီဘာအိုတို့မထင်မှတ်ဘဲ အခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်ချေရှိတယ်။


### ဆဲလ်တာဗီဂို - မာလာဂါ
**နံနက် ၀၀း၀၀ (၉-၁-၁၇)**

ဆဲလ်တာဗီဂိုဟာ အိမ်ကွင်းပွဲစဉ်တွေမှာ အသင်းလိုက်ကစားပုံ ပိုမိုကောင်းမွန်တတ်ပြီး တိုက်စစ်ပိုင်းကလည်း ပိုမိုတည်ငြိမ်မှုရှိပါတယ်။ အိမ်ကွင်း ရှစ်ပွဲမှာ ငါးပွဲထိအနိုင်ကစားထားနိုင်ပါတယ်၊ ဆဲလ်တာဗီဂိုအနေနဲ့ ပထမအကျော့မရပ်နားခင် နောက်ဆုံး သုံးပွဲဆက်အနိုင်မရခဲ့လို့လည်း အိမ်ကွင်းမှာအားစိုက်စားမှာဖြစ်ပြီး မာလာဂါကလည်း အဝေးကွင်းနိုင်ပွဲမရှိသေးပါဘူး။ ဆဲလ်တာဗီဂိုတို့အိမ်ကွင်းနိုင်ပွဲရသွားမှာပါ။

### အိုဆာဆူနာ - ဗလင်စီယာ
**နံနက် ၂း၁၅ (၁၀-၁-၁၇)**

အိုဆာဆူနာဟာ အမှတ်ပေးဇယားအောက်ဆုံး ရောက်ရှိနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် တန်းမဆင်းရဖို့အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း လက်ရှိအချိန်ထိ အိမ်ကွင်းမှာအနိုင်မရ သေးပါဘူး။ ဗလင်စီယာကတော့ ဒီရာသီမှာခြေစွမ်းပျက်ယွင်းနေ ပေမယ့် တန်းမဆင်းရဖို့အားစိုက်လာမှာဖြစ်သလို ကစားပုံမှာလည်း အိုဆာဆူနာထက်ပိုမိုကောင်းမွန်ပါတယ်။ အဝေးကွင်းမှာ ဗလင်စီယာ ကပ်နိုင်ခြေရှိတယ်။

## ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် ဒိုင်ဘာလာ သဘောတူညီခဲ့ပြီးဖြစ်ဟု သတင်းများထွက်ပေါ်လာ



လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာအား ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေပြီး အခုအခါ သဘောတူညီချက်ပင် ရရှိခဲ့ပြီးဖြစ်သည်ဟု စပိန်သတင်းဌာန မန်ဒိုဒီပို့တီဗိုက ဖော်ပြခဲ့သည်။

ဒိုင်ဘာလာသည် ဗဟိုတိုက်စစ်တွင်သာမက ဘယ်ညာတောင်ပံ တိုက်စစ်နှစ်ဖက်စလုံးတွင် ကစားနိုင်သူဖြစ်ရာ ဥရောပအသင်းကြီးအတော်များများက ခေါ်ယူရန် ကြိုးပမ်းနေသူဖြစ်သည်။

ဒိုင်ဘာလာနှင့် ဂျူဗင်တပ်တို့အကြား ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၀ ခုနှစ်အထိ ဖြစ်သော်လည်းရီးယဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်က ဒိုင်ဘာလာအားခေါ်ယူရန် နည်းပြ ဇီဒန်းကို တိုက်တွန်းထားသည်ဟု သိရသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဒိုင်ဘာလာကို ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်အတွင်း ခေါ်ယူနိုင်မည်မဟုတ်သော်လည်း နွေဈေးကွက်တွင် အပြီးသတ်ခေါ်ယူနိုင်အောင် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဒိုင်ဘာလာဘက်ကလည်း ရီးယဲလ်သို့ ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေးအရ သဘောတူခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ သတင်းရင်းမြစ်ကပင် ဖော်ပြသည်။

ဒိုင်ဘာလာသည် ယခု နှစ်ဘောလုံးရာသီတွင် စီးရီးအေပွဲစဉ်၁၀ပွဲဝင်ရောက် ကစားပြီး သွင်းဂိုးသုံးဂိုး သွင်းယူထားနိုင်သူဖြစ်သည်။

**မေလွဲသင်း**

## စေတီတော်ရင်ပြင်တော် သမံသလင်းခင်းခြင်းအား လုပ်အားဒါနပါဝင်ကူသိုလ်ယူ

**မိုင်းယု ဇန်နဝါရီ ၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ တာကြွန့်ကျေးရွာအုပ်စု ခါဆမ်မိန်းကျေးရွာတွင် ခါဆမ်မိန်းထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းအတွင်း အများပေါင်းစုမြတ်ကောင်းမှုဖြင့် တည်ထားကိုးကွယ်တော်မူအပ်သော 'ဝိမုတ္တိရသလွတ်ငြိမ်းချမ်းသာစေတီတော်" ရင်ပြင်တော် သမံသလင်းခင်းခြင်းကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ခါဆမ်မိန်းထေရဝါဒကျောင်းတိုက်ဆရာတော် အရှင်ဇောတိက၏ ဦးဆောင်မှုဖြင့် ခါဆမ်မိန်းကျေးရွာနေပြည်သူများက လုပ်အားဒါနကုသိုလ်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## သာသနာဝင်အသိအမှတ်ပြုကတ်ပြားများထုတ်ပေး

**လဟယ် ဇန်နဝါရီ ၄**
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ဗဟိုသာသနာပြုကျောင်း သာသနာ့ပါလဓမ္မဗိမာန်တော်ကြီးတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက သာသနာနွယ်ဝင်အသိအမှတ်ပြုကတ်ပြားနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သာသနာပြုလက်ထောက်ဆရာတော်ထံမှ ခန္တီးခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဇင်လတ်၊ လဟယ်မြို့နယ်ဦးစီးမှူး ဦးစိုးတင့်အောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက ငါးပါးသီလ ခံယူဆောက်တည်ပြီး မြို့နယ်ဦးစီးမှူးက သာသနာဝင်အသိအမှတ်ပြုကတ်ပြားများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခန္တီးခရိုင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ လဟယ်မြို့နယ်ဦးစီးမှူးတို့က ရှင်သာမဏေ သုံးပါး၊ သီလရှင် ၁၇ ပါးတို့အား သာသနာနွယ်ဝင်အသိအမှတ်ပြုကတ် ပြားများနှင့် မိဘပြည်သူ ၁၆ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## ဂျုံးမြစ်ဈေးကောင်း၍ စိုက်ပျိုးသူတောင်သူများအဆင်ပြေလျက်ရှိ

**ပင်းတယ ဇန်နဝါရီ ၄**
ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ဂျုံးမြစ်စိုက်ပျိုးလျက်ရှိသော တောင်သူများမှာ ယခုနှစ်တွင် ဂျုံးမြစ်များ ဈေးကောင်းမွန်၍ ဂျုံးမြစ်စိုက်တောင်သူများ အဆင်ပြေစွာရောင်းချလျက်ရှိ ကြောင်း သိရသည်။

ယခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလအတွင်း ဂျုံးမြစ်ဈေးသည်တစ်ပိဿာလျှင် ငွေကျပ်၉၀၀ မှ ကျပ် ၁၀၀၀ ထိရှိပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလတွင် ငွေကျပ် ၅၀၀ မှ ကျပ် ၆၀၀ အထိသာရရှိသောကြောင့်၃၀၀၊ ၄၀၀ ကျပ်အထိ ဈေးပိုရောင်းရကြောင်း၊ ဖေဖော်ဝါရီနှင့် မေလတွင် ဂျုံးမြစ်ဈေး တစ်ပိဿာကို ငွေကျပ် ၁၄၀၀ မှ ၁၅၀၀ ထိ ဈေးတက်မည်ဟုမျှော်မှန်းထားကြောင်း ဒေသခံဂျုံးမြစ်စိုက် တောင်သူတစ်ဦးက ပြောသည်။

၎င်းဂျုံးမြစ်မျိုးများကို မေလနှင့် ဇွန်လတို့တွင် စိုက်ကျင်းမှမျိုးများတူးဖော်ရယူ၍ ဇွန်၊ ဇူလိုင်လတွင် စိုက်ပျိုးကြပြီး အောက်တိုဘာလမှတင်ကာ မေလအထိ တူးဖော်ယူပြီး မန္တလေး၊ မိတ္ထီလာစသောမြို့များနှင့် တခြားမြို့များသို့လည်း တင်ပို့ရောင်းချကြသည်။ ဂျုံးမြစ်များကို ပင်းတယမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများဖြစ်သော အင်းခေါင်း၊ ဒုဒယ်ရေ၊ တောင်ပေါ်ကြီး၊ ပါးမဲ၊ ဝါးပြား၊ကူးကော်၊ ဒရယ်အင်း၊ ကျေးတွင်းကုန်း စသောကျေးရွာများ၌ အများအပြားစိုက်ပျိုးကြပြီး ကျန်ရှိသော တောင်ပေါ်ကျေးရွာများ၌လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**



## ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ် ထီးတော်အသစ် တင်လှူနိုင်ရေး စည်းဝေး

**ပွင့်ဖြူ ဇန်နဝါရီ ၄**
ပွင့်ဖြူမြို့နယ် ကျွဲထိကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးဟောင်း သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ထီးတော်အသစ်တင်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုဇန်နဝါရီ ၂ရက် နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ အာရုံခံတန်ဆောင်းတော်တွင် ကျင်းပသည်။

ထီးတော်အသစ် တင်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဦး၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။ ဇန်နဝါရီ၁၄ရက် နံနက် ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ထီးတော်အသစ်တင်လှူနိုင်ရေးအတွက် အစည်းအဝေးတွင် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခဲ့ပြီး ကော်မတီများအလိုက် တာဝန်များခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေမုဋ္ဌောစေတီတော်သည် သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့သော စေတီပေါင်းရှစ်သောင်းလေးထောင်တွင် တစ်ဆူအပါအဝင်ဖြစ်ပြီး မြတ်စွာဘုရား၏ ဓာတ်တော်များဌာပနာ၍ တည်ထားခဲ့ခြင်းဖြစ်သည်။

သက္ကရာဇ် ၄၂၄ ခုနှစ်တွင် စောလူးမင်း တိုင်းခန်းလှည့်လည်ရာ စေတီတော်အားတွေ့ရှိ၍ ဖူးမြော်ပြုပြင်ခဲ့သည်။ သက္ကရာဇ် ၄၅၆ ခုနှစ်တွင် အလောင်းစည်သူမင်းကလည်းကောင်း၊ သက္ကရာဇ် ၅၄၁ ခုနှစ်တွင် နရပတိစည်သူမင်းကလည်းကောင်း တွေ့ရှိ ဖူးမြော်ကာ တိုးချဲ့ပြုပြင်ခဲ့ကြောင်း စလင်္ကာသမန္တဝိသော ခနိကျမ်းတွင် ရေးသားဖော်ပြထားခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ငလျင်လှုပ်ခဲ့ရာမှ စေတီတော်ကြီး၏လုံးပတ်တော် ကွဲအက်ခြင်း၊ ထီးတော် မြေ ခပျက်စီးခဲ့သဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက စေတီတော် ပြန်လည်ပြုပြင်နိုင်ရန် အလှူငွေကျပ်သိန်း ၆၅၀ လှူဒါန်းခဲ့ရာ ရှေးဟောင်းသုတေသနဌာနနှင့်ဆက်သွယ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်ပြီး ထီးတော်အားအသစ်တင်လှူပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း (ပွင့်ဖြူ)**

# ကိုင်းဆက်မျိုးကူးထားသော စက္ကူပန်းအိုးများ မန္တလေး၌ တွင်ကျယ်စွာပျိုးထောင်ရောင်းချ



**မန္တလေး ဇန်နဝါရီ ၄**
'သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ'ဟုဆိုကာ လှပသောကမ္ဘာဖြစ်ရေး သတိပေး ရေးသားထားသည်။ လူတစ်ဦးစီတာဝန်သိစွာ သစ်ပင်တစ်ပင်နှုန်း စိုက်ပါက ပျက်စီးနေသော သဘာဝဂေဟစနစ်ကို ပြန်လည်ထိန်းသိမ်းနိုင်သည်ဟု ဆိုထားသည်။ လက်ရှိကာလတွင် လူသားတို့၏ လောဘနှင့် သစ်တော၊ သစ်ပင်ပြုန်းတီးမှုများသည် ရာသီဥတုကို ဖောက်ပြန်စေပြီး လူနှင့်ပတ်ဝန်းကျင်ကို ပြန်လည်ဆိုးကျိုးပေးနေပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သစ်တောသစ်ပင်များ ပြုစုပျိုးထောင်ရေးကို ပြုလုပ်နေကြသည်။

သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုးဟုပင်ဆိုထားသည်။ လက်တွေ့သဘောအရ သစ်ပင်စိုက်ပျိုးသူမှာ ကိုယ်တိုင်စိုက်ပျိုးထားသော သစ်ပင်ကို ရှင်သန်ကြီးထွားစေရေးအတွက် ရေလောင်းခြင်း၊ ပေါင်းနုတ်ခြင်း၊ မြေဆွခြင်းမှအစအရိပ်တကြည့်ကြည့် ပြုလုပ်နေရသည့်အတွက် စိတ်တို့လန်းဆန်းကြည်နူးမှုကို ရရှိစေသည်။

မြန်မာနိုင်ငံတွင်လည်း တောကြိုးဝိုင်းများ ထိန်းသိမ်းခြင်း၊ အစိမ်းရောင်မြို့တော်ဖြစ်အောင် စိုက်ပျိုးခြင်း၊ ကြီးမြန်သစ်ပင်စိုက်ပျိုးခြင်းများကို ပြုလုပ်လာကြသည်။ သစ်ပင်စိုက်ပျိုးမှုကို အစုအဖွဲ့လိုက် စိုက်ခြင်း၊ တစ်ဦးတည်းစိုက်ခြင်းများနှင့် ပရဟိတအသင်းများမှ ဦးဆောင်ကာ စိုက်ပျိုးခြင်းများ ပြုလုပ်လေ့ရှိသည်။ အထူးသဖြင့် အထိမ်းအမှတ်သစ်ပင်စိုက်ပွဲများမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ် နေသည်။ အိမ်တိုင်းတွင်ပန်းအိုးစိုက်ထားမှုများမှာလည်း တင့်တယ်လှသည်။

မန္တလေးမြို့ ပတ်ဝန်းကျင်တွင် နေအိမ်များ၌ အလှဆင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးဥယျာဉ်၊ ခြံများစွာပျိုးထောင်ရောင်းချပေးလျက်ရှိသည်။ တန်ဖိုးနည်းနှင့်းဆီပန်းပင်များမှစကာ တန်ဖိုးမြင့် ဘွန်ဆိုင်းပန်းအိုးများ၊ သက်တမ်းရင့် သစ်ပင်ကြီးပန်းအိုးများကိုပျိုးထောင်ရောင်းချကြသည်။ ထိုအပင်များထဲတွင် စက္ကူပန်းပင်ပန်းအိုးများလည်း ပါဝင်သည်။စက္ကူပန်းပင်ပန်းအိုးတွင်မူလက ရိုးရိုးစက္ကူပန်းအိုး၊ ယိုးဒယားမျိုးနှင့် ကိုင်းဆက်ကူးနည်းဖြင့်ကူးကာ လှပအောင်ပေါင်းစပ် ပျိုးထောင်လေ့ရှိသည်။ အပင်ပုံသဏ္ဌာန်ကို လိုသလိုပြုလုပ်ပြီးသည်နှင့် ယိုးဒယားစက္ကူပန်းမျိုးကို ကိုင်းဆက်ကာ တိတ်ပတ်ခြင်း၊ စက္ကူဖြင့်ကာခြင်း၊ မိုးဒဏ်လေဒဏ်ခံနိုင်ရန် ပလတ်စတစ်အုပ်ခြင်းတို့ပြုလုပ်ကြသည်။ ၇ ရက်မှ ၁၀ ရက်အတွင်း အတက်ထွက်လာလေ့ရှိသည်။ ယိုးဒယားစက္ကူပန်းမျိုးဖြင့်ကိုင်းကူးပါက အရွက်ဖြူကြားထွက်ကာ အပွင့်အဖြူနှင့် မရမ်းရောင်တို့ပွင့်သည်။ လက်ရှိကာလတွင် ကိုင်းဆက်မျိုးကူးထားသော စက္ကူပန်းအိုးများ တွင်ကျယ်စွာ ပျိုးထောင်ရောင်းချလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ဇလွန် ဇန်နဝါရီ ၄**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇလွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးခိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းတို့က ယခုပေးအပ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေများသည် ပြည်သူများ၏ လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရေးအတွက် ပေးအပ်ခြင်းဖြစ်ပြီး ၎င်းငွေများမှ နိုင်ငံတော်အတွက် အခွန်ပေးဆောင်နိုင်ရန် လိုအပ်ကြောင်းနှင့် ပြည်သူများ ရေကောင်းရေသန့်သုံးစွဲနိုင်ရေး၊ အများပြည်သူများအတွက် လမ်း၊ တံတားများ တည်ဆောက်နိုင်ရေး၊ ပြည်သူများအတွက် အထူးလိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်များများတွင်အဓိကသုံးစွဲရန်ဖြစ်ပြီး မိမိကိုယ်ကျိုးမပါ ပွင်လင်း မြင် သာစွာဆောင်ရွက်ပေးနိုင်ရန်နှင့် လုပ်ငန်းများ ကို ဇန်နဝါရီလမှစပြီး ဖေဖော်ဝါရီ ၂၅ရက်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရန်နှင့်စာရင်းဇယားများကို တိကျမှန်ကန်စွာဆောင်ရွက်ထားနိုင်ရေးတို့ကို အသီးသီးပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် ကျေးရွာအုပ်စု (၃၃) အုပ်စုအတွက် ငွေသားကျပ် ၄၆၃၅၀၀၀၀ နှင့် ဘိလပ်မြေ ၈၇၈၅ အိတ် စုစုပေါင်း တန်ဖိုးငွေကျပ် ၉၈၆၂၀၇၅၀ ကို ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအား နေ့ချင်းပြီး ပေးအပ်ခဲ့ကြောင်းသိရသည်။

**ငွေသန်း(ပြန်/ဆက်)**

# ဓနိဖက် ဈေးကျသည့်အပြင် အလုပ်သမားရှားပါးလာသဖြင့် ဓနိခြံပိုင်ရှင်များ ယခင်နှစ်ကထက် အမြတ်အစွန်းနည်းပါးလာ

**ချောင်းဆုံ ဇန်နဝါရီ ၄**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ယခုနှစ်အတွင်း ဓနိဖက်ဈေးကျဆင်းလာသည့်အပြင် ဖက်ခုတ်သည့်အလုပ်သမားရှားပါးလာခြင်းကြောင့် ဓနိခြံပိုင်ရှင်များ ယခင်နှစ်ထက် ဝင်ငွေအမြတ်အစွန်းနည်းပါးလာကြောင်း ကွမ်သဲကျေးရွာ ဓနိခြံပိုင်ရှင်များထံမှ သိရသည်။

ဓနိဖက်များကို ယခင်နှစ်က ထိုးပြီးသားဓနိဖက် ဆယ်ပျစ် တစ်စည်းကို ၃၅၀ ကျပ်ထိ ရောင်းချရပြီး ယခုနှစ်တွင် ၂၆၀ ကျပ်အထိသာ ရောင်းချနေရကာ ဓနိဖက်ခုတ်အလုပ်သမားများလည်း ရှားပါးလာသည့်အတွက် ဓနိခြံပိုင်ရှင်များအနေဖြင့် အမြတ်အစွန်းအနည်းငယ်သာရရှိကြကြောင်း ဓနိဖက်ခြံပိုင်ရှင် ဒေါ်မတင်ဝင်းထံမှ သိရသည်။

"ဓနိခြံရှင်တွေကတော့ ကိုယ်တိုင်လုပ်တာတွေရှိသလို လူငှားပြီး လုပ်ကိုင်တာတွေလည်းရှိတယ်။ ဖက်ပေါ (မထိုးခင်ဓနိဖက်) ခုတ်သမားကလည်းမရှိတော့ ကိုယ်ကိုယ်တိုင် လုပ်နေရတယ်။ ဖက်ပေါသမားတွေကိုတော့ တစ်ပေါ ၈၀၀ ကျပ်ပေးပြီး ဟင်္သာကျွန်းမှာ သွားခုတ်ရတယ်။ ခြံရှင်တွေကလဲ ကျွန်းကခုတ်လို့ရလာတာတွေကို ဒိုင်တွေပေးတာလည်းရှိသလို ကိုယ်တိုင်ဖက်ထိုးသမားငှားပြီး ထိုးရတာလည်းရှိတယ်။ ဒီနှစ်ဈေးနဲ့ဆိုတော့ အရင်ကထိုးပြီး ဖက်အစည်း ၁၀၀၀ မှာ ငွေ ကျပ်၃၀၀၀၀ ရတယ်။ ခုတော့ ၁၀၀၀ မှာ ငွေကျပ် ၂၆၀၀၀ ပဲရတော့ ခြံရှင်တွေအနေနဲ့ အလုပ်သမားခတွေနုတ်လိုက်ရင် သုံးပုံတစ်ပုံပဲရတယ်" ဟု ခြံရှင် ဒေါ်မတင်ဝင်းက ပြောသည်။

ဓနိဖက်များကို နေအိမ်အဆောက်အအုံများတွင် ယခင်ကအသုံးများသော်လည်း ယခုအခါ ဓနိဖက်အစား ကြာရှည်ခံသွပ်များ အစားထိုးလာသည့်အတွက် ရောင်းအားလည်း အနည်းငယ်ကျဆင်းရခြင်းဖြစ်ပြီး နွေရာသီတွင် ဓနိဖက်များ အရောင်းထိုင်းနေရခြင်းဖြစ်သည်။

ဖက်ခုတ်အလုပ်သမားတစ်ဦးက "ခုမှသာ လုပ်ငန်းကိုင်ခန်း အနည်းငယ်အဆင်ပြေတယ်။ တချို့က နိုင်ငံခြားတွေထွက်ကြတာများတော့ အလုပ်သမားတွေကရှားကုန်တယ်။ ဒါကြောင့်ဈေးပိုပေးတယ်။ ခြံရှင်တွေကလည်း ဖက်ခြံတွေဝယ်တာကများတော့ အလုပ်သမားတွေလည်း ပိုလိုလာတယ်။ အရင်နှစ်က တစ်ပေါင်ကို ၅၀၀ကျပ်ရတယ်။ ခုတော့ ၈၀၀ ကျပ်ရတယ်။ ဟု ပြောကြားသည်။

ဓနိဖက်များကို ရောင်းချရာတွင် ချောင်းဆုံမြို့နယ်ရှိ ကျေးရွာများမှ လာရောက်ဝယ်သူများ၊ ပြန်လည်ရောင်းချသည့် အရောင်းဆိုင်များရှိသည့်အပြင် မွန်ပြည်နယ်တွင် မုဒုံမြို့နယ်၊ ရေးမြို့နယ်၊ ပေါင်မြို့နယ် အလုပ်ကျေးရွာများမှလည်း အဓိကထား ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ထူးအိမ်(ချောင်းဆုံ)**



# နွေသီးနှံများရေပေးဝေနိုင်ရန် ဆီမီးခုံ (၂) လျှပ်စစ်မြစ်ရေတင်မှုဆောင်ရွက်



**မြင်းခြံ ဇန်နဝါရီ ၄**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံ (၂) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် ဒေသ၏စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကအရေးပါသောအစိတ်အပိုင်းဖြစ်ပြီး မိုးနည်းရေရှားဒေသ တောင်သူဦးကြီးများ၏ အားထားသော ရေရရှိရာတစ်ခုဖြစ်သည်။

ထိုသို့ အရေးပါသောဆီမီးခုံ (၂) လျှပ်စစ်မြစ်ရေတင်သည် နွေရာသီတွင် နွေသီးနှံအတွက် ရေပေးဝေနိုင်ရန် ရေဝင်လမ်းကြောင်းများကို တူးဖော်လျက်ရှိသည်။ ဆီမီးခုံ (၂) လျှပ်စစ်မြစ်ရေတင် ပင်မရေတင်စက်ရုံ ရေစုပ်ကျင်းသို့စီးဝင်သော ရေဝင်လမ်းကြောင်းမှာ ဧရာဝတီမြစ် ရေဝင်လမ်းကြောင်းပြောင်းလဲမှုကြောင့် နှစ်စဉ်သဲသောင်ထွန်းခြင်းများဖြစ်ပေါ်လေ့ရှိပြီး အဆိုပါရေဝင်လမ်းကြောင်းအားဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ (Deposit Work) လုပ်ငန်းအပ်နှံစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ နွေသီးနှံအတွက်လည်း ရေပေးဝေနိုင်ရန် တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၅၂ သန်းဖြင့် ရေဝင်လမ်းကြောင်းများဖွင့်ခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုနှစ်နွေသီးနှံတွင် ပဲတီစိမ်း ၃၇၃ ဧက၊ နွေနှမ်း ၁၅ ဧက စုစုပေါင်း ရေအနည်းလိုသီးနှံ ၃၈၈ ဧကအား စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးဇော်မင်းနိုင်(မြင်းခြံ)**

# ဒေသခံတောင်သူများ နေ့စဉ်သွားလာအသုံးပြုနေရသည့်လမ်း ပျက်စီးနေသည့်အတွက် သွားလာမှုအဆင်ပြေစေရေး ပြုပြင်ဆောင်ရွက်ပေးစေလို

**ငါးသရောက် ဇန်နဝါရီ ၄**
ညောင်ဦးခရိုင် ငါးသရောက်မြို့နယ် ဖြူကြီးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့်ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် နေ့စဉ်သွားလာအသုံးပြုနေရသည့် လှည်းလမ်းမကြီးတစ်ခုဖြစ်သည့် ရွာတောင်ဖျားရှိ လှည်းလမ်းမကြီးမှာ ရေစီးမြောင်း(ချောက်)နှင့် အလွန်နီးစပ်နေသည့်အတွက် ယခုနှစ်တွင် မိုးရေတိုက်စားမှုဒဏ်ကြောင့် လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံတောင်သူများ သွားလာမှုအခက်အခဲများ ကြုံတွေ့ရဖွယ်ရှိနေသည့်အပြင် ယင်းလှည်းလမ်းမကြီးအနီး နေထိုင်လျက်ရှိသည့်နေအိမ်အချို့အတွက်လည်း တဖြည်းဖြည်း မိုးရေတိုက်စားမှုများလာပါက စိုးရိမ်ရသည့်အခြေအနေများရှိနေကြောင်း သိရသည်။

ဖြူကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက "ကျွန်တော်တို့ ဖြူကြီးကျေးရွာမှာရှိတဲ့ ဒေသခံပြည်သူတွေဟာ မြေယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်း ပြုနေကြတာပါ၊ အိမ်ထောင်စုအားဖြင့် ၃၀၀ နီးပါးရှိပြီး လူဦးရေက ၂၀၀၀ ကျော်ရှိပါတယ်။ ဒီလှည်းလမ်းမကြီး ပျက်စီးမှုဖြစ်ရတဲ့အကြောင်းကတော့ အဲဒီလှည်းလမ်းမကြီးရဲ့အနီးက ရေစီးမြောင်း(ချောက်)ကြောင့် မိုးရေတိုက်စားမှုတွေဖြစ်ပြီး လမ်းပျက်စီးမှုတွေ ဖြစ်နေရတာပါ။ ပြီးခဲ့တဲ့နှစ်ကလည်း ဒီလှည်းလမ်းမကြီး မိုးရေတိုက်စားမှုကြောင့် ပျက်စီးခဲ့လို့ ကျွန်တော်တို့ ရွာသူရွာသားတွေ စုပေါင်းပြုပြင်ဆောင်ရွက်ခဲ့ကြပါတယ်။

ဒါ့ကြောင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ ကျွန်တော်တို့တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် နေ့စဉ်သွားလာအသုံးပြုနေရတဲ့ ရွာတောင်ဖျားရှိ လှည်းလမ်းမကြီး ရေစီးမြောင်း(ချောက်) ကြောင့် ရေတိုက်စားမှုဖြစ်ပြီး လမ်းပျက်စီးနေမှုအား ဒေသခံတောင်သူများ သွားလာမှုအဆင်ပြေစေရန်နှင့် လှည်းလမ်းမကြီးအနီးရှိ လူနေအိမ်များ ရေတိုက်စားမှုအန္တရာယ်ကင်းဝေးစေရန် လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အခိုင်အမာ ပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြပါတယ်" ဟု ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# အချိန်အခါမဟုတ်မိုးကြောင့် တောင်သူများ ဖျက်ပိုးကျရောက်မည်ကိုစိုးရိမ်နေ

**ရေတာရှည် ဇန်နဝါရီ ၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဇန်နဝါရီ ၂ ရက် ညပိုင်းနှင့် ၃ ရက်နံနက်ပိုင်းက ရွာသွန်းခဲ့သော အချိန်အခါမဟုတ်မိုးကြောင့် လက်ရှိပဲစိုက်ပျိုးသည့်တောင်သူများအနေဖြင့် ဖျက်ပိုးများကျရောက်မည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

နွေစပါးပြီးလျှင် အများဆုံးစိုက်ပျိုးလျက်ရှိသော ပဲအမျိုးမျိုးစိုက်ခင်းများမှာ ငမြောင်တောင်ပိုး၊ မိုပိုး၊ ပြပိုးနှင့် ရွက်ဖောက်ပိုးများ နေရာအနှံ့အပြား၌ ကျရောက်လျက်ရှိရာ ပဲစိုက်တောင်သူများအနေဖြင့် သွင်းအားစုဖြစ်သည့် ပိုးသတ်ဆေးမျိုးစုံကို ဝယ်ယူသုံးစွဲနေကြရသဖြင့် ငွေကုန်ကြေးကျ များပြားလျက်ရှိကြောင်း ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ ဒေသခံများကပြောကြားသည်။

"ပိုးတွေက တော်တော်ကျတယ်၊ ဒီဆေးဖြန်းဟိုပိုးကျဖြစ်ပြီးဆေးတွေဖျန်းလေ ပိုးတွေကျလေများဖြစ်နေသလားလို့တောင်ထင်ရတယ်။ ပဲပေါ်ချိန် ပဲဈေးကောင်းမကောင်းတော့ မပြောနိုင်သေးဘူး။ ဆေးဖိုးကအတော့်ကို ကုန်နေပြီ" ဟု ဒေသခံတောင်သူများကပင်ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်း အသိပညာပေး

**ပေါက် ဇန်နဝါရီ ၄**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်တို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများအသက်အိုးအိမ် စည်းစိမ်များပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပေါက်မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဈေးသူ၊ ဈေးသားများ မီးသတိရှိစေရေးအတွက် မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းထားရှိမှုများကို လိုက်လံစစ်ဆေးကာ အကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ အလွယ်တကူ အလျင်အမြန် ဝင်ရောက်နိုင်ရေးအတွက် လမ်းကြောင်းများ ရှင်းလင်းခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုခြင်းနှင့် အသင့်ချိတ်ဆွဲထားရှိနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြစိမ်းရောင်ကော်မတီဝင်များအား သင်တန်းပို့ချ

**ရန်ကုန် ဇန်နဝါရီ ၄**
ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့ဆောင်ရွက်သည့် ဘိုးနတ်ပေးကျေးရွာအား ဒီဇင်ဘာလနောက်ဆုံးပတ်က မြို့နယ်ဦးစီးမှူး၊ ဒုဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းပေးခဲ့ပြီး ကော်မတီဝင် ခုနစ်ဦးအား စီမံကိန်းဆိုင်ရာ သင်တန်းများပို့ချပေးခဲ့သည်။ အဆိုပါ ဘိုးနတ်ပေးကျေးရွာသည် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ကျေးရွာတစ်ရွာဖြစ်ပြီး မြစိမ်းရောင်စီမံကိန်း ငွေကျပ်သိန်း ၃၀၀ ရရှိလာခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အရင်းအနှီးရရှိလာခြင်းတို့ကြောင့် ကျေနပ်ဝမ်းမြောက်ဖြစ်နေကြကြောင်း သိရသည်။ **(ကြေးမုံ)**

# အောင်မြင်မှုလမ်းပြ ဗုဒ္ဓအဆုံးအမများ

သရက်တန်းစိုးရွှေ(စိတ်ပညာ)



နေထိုင်ခြင်းတို့ရှိနေသမျှ ဘဝတွင် အဆိုးအကောင်း အဖြစ်အပျက်များဖြင့် ဆက်စပ်ခံစားကြရပေမည်။ အတ္တကိုအခြေပြုသမျှ နေမှုက လှပပြီးမြောက်ခြင်းရှိသည်ဟု မဆိုနိုင်ပါချေ။ အတ္တအတွေးနှင့် အနာဂတ်ကို မျှော်လင့်ခြင်းထက် ယခုလက်ရှိကာလကို လှပအောင် ဆောင်ရွက်သင့်လှပေသည်။

အတ္တဝါဒအကြား လှပသောတရားတစ်ခုလည်းရှိနေခဲ့ပေသည်။ ထိုတရားသည် လူသားများနှင့် အသက်ဆိုင်ဆုံးဖြစ်သည့် မေတ္တာတရားသာလျှင်ဖြစ်ပေသည်။ မေတ္တာဟူသောတရားသည် ဘဝခရီးအတွက် လက်တွေ့ဆောင်အပ်သည့် အရာသာလျှင်ဖြစ်ပေသည်။ မေတ္တာ၏ အမြင်တွင် အလှမြင် အကောင်းတွေး စိတ်ကောင်းကလေးဖြင့် ရှုကြည့်သည့် အလှခေတ်တို့ပါဝင်နေပေသည်။ မေတ္တာ၏ သင်္ကေတသည် အေးချမ်းမှုကိုပြနေ၏။ မေတ္တာအမြင်ကိုတွေးမိသမျှ မြတ်ဗုဒ္ဓ၏တရားအား မှတ်သားမိသည်ကို သတိရမိပေသည်။

သူတစ်ပါးတို့၏ မသင့်မလျော် အတော်သော အရာတို့ကို မရှုကြည့်ရာ၊ ပြုအပ်မပြုအပ်သော အရာတို့ကိုလည်းကောင်း ရှုကြည့်ရာ၏ဟူ၍ပင်ဖြစ်ပေသည်။

**အပြစ်မယူ စိတ်ထားဖြူဖြင့်**
**ငြူစူမှုကင်း သန့်စင်ခြင်းဖြင့်**
**လက်ငင်းဘဝ လွန်လှပရေး**
**မှန်စွစိတ်ကောင်းမွေးရေး ညွှန်ပြထားပေသည်။**

ဒေါသကို အခြေပြုသမျှ ပူလောင်မှုက ခန္ဓာကိုယ်အား နှိပ်စက်ထားတတ်ကြပေသည်။ တစ်ယောက်တည်းမဟုတ်၊ အများနှင့်အလုပ်လုပ်သော လူသားဘဝတွင် အစဉ်အလေးထားရမည့် တံခါးတစ်ခုကို ကောင်းစွာဖွင့်ပိတ်မှုပြုကြရပေမည်။ ထိုတံခါးသည်ကား နှုတ်တံခါးသာလျှင်ဖြစ်ပေသည်။ နှုတ်တံခါးနှင့် ပတ်သက်သမျှ တရားအဆုံးအမကိုလည်း ဦးထိပ်ပန်ဆင် မှတ်သားထားသင့်လှပေသည်။ အကြင်စကားသည် သတ္တဝါတို့အား မပူပန်စေရာ၊သူတစ်ပါးကိုလည်း မထိပါးစေရာ၊ ထိုစကားကိုသာလျှင် ပြောဆိုရာ၏။ စင်စစ် ထိုစကားသည် ကောင်းစွာဆိုအပ်သော စကားမည်၏ဟုပင် ဟောကြားထားခဲ့ပေသည်။

အလိုဆန္ဒများဖြင့် ခရီးသွားဆဲကာလတွင် အချိန်သည် ဘဝကို ကန့်သတ်မှုဖြင့် စိုးမိုးထားတတ်ပေသည်။ ရောက်လိုကသွား နားနေသမျှ လုံးဝရှေ့သို့ရောက်မည်မဟုတ်ပေ။ တောင်သို့သွားလိုသမျှ မြောက်ကိုကျောခိုင်းရကြရပေမည်။ အရေးကြီးသောအရာ အဓိကကျသော အလုပ်များတွင် ကောင်းသည့်စိတ်နှော၍ လက်တွေ့သဘောဆောင်ကာ လုပ်ကြရပေမည်။ လောက၌ ကြီးပွားချမ်းသာသူဟူသမျှတို့သည် မိမိတို့လုပ်ကိုင်ဆောင်ရွက်ရန်ဝတ္တရားများကို နောက်မကျစေဘဲ စောစောစီးစီး ကြိုတင်၍ ပြီးစီးသူများဖြစ်ကြပေသည်။

**ဘဝရလာ၊ ခဏတာဟု**
**မှတ်ကာယူစွဲ၊ အချိန်လည်းသုံး**
**စိတ်မြဲဖုံးစေ၊ ကောင်းမှုတွေနှော**
**လှလေသောလူ၊ ဖြစ်ထိုက်သူမို့**
**ထူထူဝီရိယရှိရမည်ဟုပင် မှတ်ကြရပေမည်။**

ဗုဒ္ဓလမ်းပြ အဆုံးအမများတွင် ရှင်းနေသော တရားတစ်ခု အမြဲပါလေ့ရှိပေသည်။ထိုအရာသည်ကား သည်းခံခြင်းသာလျှင်ဖြစ်ပေသည်။ အောင်မြင်ခြင်း၏ နိယာမတွင် သည်းခံကျင့်သုံးကြိုးစားခြင်း၏ သင်္ကေတတို့ လွှမ်းမိုးနေပေသည်။ သည်းခံခြင်းနှင့် အတွဲညီစွာ လိုက်ပါရမည့်အရာသည် ဝီရိယသာလျှင်ဖြစ်ပေသည်။ ထိုနှစ်ခုအတွဲညီသမျှ အောင်မြင်ခြင်းက မုချရရှိနိုင်ပေသည်။

ပြုဖွယ်ကိစ္စ ပြီးခြင်းသည် လုံ့လပြုခြင်းကြောင့်ဖြစ်၏။ ပြီးစီးခြင်းဟူသည် တင့်တယ်ခြင်းမည်၏။ သည်းခံခြင်းတရားထက် အလွန်မြတ်သောကိစ္စသည်မရှိ၊ သမုဒ္ဒပြင်ကျယ် မြစ်ပင်လယ်၌ တက်ကင်းသောလှေသူကြီးသည် လိုရာဆိပ်ကမ်းသို့ မရောက်နိုင်သကဲ့သို့ ထို့အတူ ဤလူ့ဘုံ၌ တက်မနှင့်တူသော လုံ့လဝီရိယကင်းသူသည်လည်း လိုအပ်သောအကျိုးသို့ မရောက်နိုင်ဟုပင် ဆိုထားခဲ့ပေသည်။

ကျားကုတ်သလို အားထုတ်မှ အောင်ပန်းက လက်တစ်ကမ်းသို့ ရောက်လာပေမည်။ လူတိုင်းလှမ်းနေသော ဘဝလမ်းတွင် အောင်ပန်းမလိုချင်သူဟူ၍ မရှိလှပါချေ။ အောင်မြင်မှုကို ညွှန်ပြပေးသောအချက်များသည် မြတ်ဗုဒ္ဓ၏တရားများထဲတွင် အထင်အရှားရှိနေပေသည်။ ဤလောက၌ အကြင်သူသည် အချမ်းကိုလည်းကောင်း၊ အပူကိုလည်းကောင်း မြက်တစ်ပင်လောက်မျှပင် ပမာမထားဘဲ၊ ပြုအပ်သောကိစ္စကို ပြုသောသူသည် ချမ်းသာခြင်းမှ မဆုတ်ယုတ်။ အကြင်သူသည် ရှေ့နောက်မြင်သိပညာရှိ၏။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၏။ နူးညံ့သိမ်မွေ့ ကောင်းသောအလေ့အထရှိ၏။ နှစ်သက်ဖွယ်ရာ ချိုသောစကားလည်းပြောလေ့ရှိ၏။ မာန်မာနကို နှိမ့်၍ ပြောဆိုလေ့ရှိ၏။ ခက်ထန်ကြမ်းတမ်းခြင်းမရှိ။ ထိုသူသည် စည်းစိမ်ဥစ္စာ အခြွေအရံ အကျော်အဇောကိုရ၏ဟုပင် ဟောကြားထားခဲ့ပေသည်။ တတ်လိုကသင်၊ မြင့်လိုကကျင့်၊ မြင်တတ်မှ အမြင့်ရောက်သောခေတ်တွင် အောင်မြင်မှုရရှိရေး နည်းလမ်းကလေးများကို စိတ်ကောင်းဖြင့် ရှာဖွေကြရမည်ဖြစ်ပေသည်။

ယူတတ်သမျှ ပညာ၊ သင်ကြားမှသာ တတ်၊ လောကရဟတ်သည် ရပ်နေရိုးထုံးစံ မရှိခဲ့ပါပေ။ အသုံးချတတ်မှ အသုံးကျမြဲပင်ဖြစ်ပေသည်။ ဘဝခရီးသည် ရှည်လျား၍ ထွေပြားသည်က မှန်ပါပေသည်။ သို့တစေ အောင်မြင်မှုကို ဆောင်စေသော အကျင့်သည် ရိုးရှင်းလှပါပေသည်။ သို့အတွက် ဘဝထဲမှာ နေထိုင်သမျှ အမြတ်တို့ ရရှိရေး မြတ်ဗုဒ္ဓ၏ အဆုံးအမများကို အလေးပေး နာခံကျင့်သုံးသင့်လှပါပေသည်။

## မန္တလေးမြို့တွင် ကလေးစာပေပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်(မန္တလေး) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် (MIIT) ၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကျင်းပမည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သိရှိလိုသည်များအား အကြံပြုဆွေးနွေးခဲ့သည်။

အဆိုပါကလေးစာပေပွဲတော် (မန္တလေး)ကို ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်တို့တွင် မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် (MIIT) တွင် ကျင်းပသွားမည်ဖြစ်သည်။ ကလေးစာပေပွဲတော်သို့ မည်သူမဆို လွတ်လပ်စွာလာရောက်လေ့လာနိုင်ပြီး ကလေးစာပေပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်နှင့် ပြပွဲပြိုင်ပွဲများ၊ ကလေးများ ပျော်ရွှင်ဖွယ်ဖျော်ဖြေရေးအစီအစဉ်များ၊ ကလေးများအနေဖြင့် ကာတွန်းရေးဆွဲခြင်း၊ ပန်းချီရေးဆွဲခြင်း၊ အရုပ်ဆက်ခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ပုံပြောပြိုင်ပွဲ၊ မြန်မာ့ရိုးရာရုပ်သေးပွဲအစီအစဉ်များ၊ မျက်လှည့်အစီအစဉ်များ၊ ဖျော်ဖြေပွဲများ၊ ကလေးများအတွက် ပျော်ရွှင်ဖွယ်ကစားနည်းများ စုံစုံလင်လင်ပါဝင်မည်ဖြစ်ပြီး ကဏ္ဍအလိုက်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ကလေးစာပေပွဲတော် နောက်ဆုံးနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဈေးကွက်ဝင်အဆင့်မြင့်ရော်ဘာပြားများထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာခြံမြေဆီလွှာပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

**ဘားအံ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ဈေးကွက်ဝင်အဆင့်မြင့်ရော်ဘာပြားများ ထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာခြံမြေဆီလွှာပြုပြင်ထိန်းသိမ်းရေးသင်တန်းကို ဘားအံမြို့နယ် တောင်ကလေးကျေးရွာရှိ ခြံရှင်ဦးစံလှ၏ရော်ဘာခြံ၌ ဇန်နဝါရီ ၃ ရက်က သင်တန်းဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးတာဝန်ခံ ဦးဝင်းဇော်က အစေးလှီးခြင်း၊ သဘောသဘာဝနှင့် မြေဆီလွှာခတ်ခွဲ၍ မြေဩဇာနှုန်းထားများသိရှိရန်လိုအပ်ကြောင်း၊ ရော်ဘာဈေးနှုန်းများ ပြန်လည်ဈေးကောင်းရရှိလာပြီး ဝင်ငွေကောင်းစေသည့်လုပ်ငန်းတစ်ခုဖြစ်သည့်အတွက်ကြောင့် ရော်ဘာစိုက်တောင်သူများ၊ အစေးလှီးအစေးခြစ်လုပ်ကိုင်လိုသူများအတွက် အကျိုးရှိစေမည့်အတတ်ပညာများ ပြည့်စုံအောင် သင်ကြားစေလိုကြောင်း ပြောကြားခဲ့သည်။

ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးဧက ၂၆၈၂၇၄ ဧကတွင် ၁၅၂၇၂၈ ဧကမှာ စီးပွားဖြစ်ထုတ်လုပ်လျက်ရှိရာ ဘားအံမြို့နယ်အနေဖြင့် စိုက်ပျိုးဧက ၅၆၀၇၇ ဧကတွင် အစေးလှီးဧက ၁၀၁၇၂ ဧကရှိပါကြောင်း၊ ရော်ဘာဈေးမှာ တစ်ပေါင်ကို ငွေကျပ် ၁၀၀၀ ခန့် ရရှိလာသောကြောင့် ရော်ဘာစိုက်တောင်သူများ၏ စိတ်ဝင်စားမှုမြင့်လာသလို အစေးခြစ်လုပ်သားလိုအပ်ချက်မှာလည်း မြင့်တက်လာလျက်ရှိသောကြောင့် နည်းပညာများပေးခြင်းဖြင့် ရော်ဘာစိုက်သူများနှင့် အစေးခြစ်လုပ်သားများအတွက် အကျိုးရှိစေမှာဖြစ်ကြောင်း ဘားအံမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးတင်မောင်စိန်က ပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား ဘားအံမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ခြံပိုင်ရှင်များ၊ ရော်ဘာအစေးခြစ်လုပ်ငန်း လုပ်ကိုင်လိုသူလူငယ်လူရွယ် သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးအား သင်တန်းကာလ ငါးရက်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်အပြင် အဓိကရော်ဘာအစေးလှီး အစေးခြစ်ခြင်းနည်းစနစ်နှင့် အရည်အသွေးပြည့်မီသော ဈေးကွက်ဝင် ရော်ဘာအစေးပြားများ ထုတ်လုပ်နိုင်ရေးအတွက် စာတွေ့လက်တွေ့များ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## မီးရထားပေါ်ကျန်ခဲ့သည့် ခရီးဆောင်အိတ်တစ်လုံး သက်သေများရှေ့တွင် ပိုင်ရှင်ထံပြန်လည်အပ်နှံ



**ရန်ကုန် ဇန်နဝါရီ ၄**

ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်ဘူတာကြီး အမှတ် (၄) စင်္ကြံသို့ ဆိုက်ရောက်လာသော အမှတ် (၇၂) အစုန် ပြည်-ရန်ကုန်ရထား၏ ရိုးရိုးတန်းတွဲ အမှတ် (၅) ပေါ်ရှိ ပစ္စည်းတင်စင်တွင် ခရီးဆောင်အိတ်တစ်လုံး ကျန်ရှိခဲ့ကြောင်း ရထားလုံခြုံရေးလိုက် အမှတ် (၁၉) တပ်ခွဲ တပ်စု (၃) ပေါင်းတည်မှ ဒုတပ်ကြပ်နေလင်းအောင်ဦးစီးအဖွဲ့မှ စစ်ဆေးတွေ့ရှိသဖြင့် ပိုင်ရှင်အားစုံစမ်းရှာဖွေခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့မှ မချစ်စုဝေဖြစ်ကြောင်းသိရသဖြင့် စခန်းမှူး ရဲအုပ်သန်းဇော်က သက်သေများရှေ့တွင် ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# ၂၀၁၇ ခုနှစ်တွင် ဘာတွေလုပ်ကြမှာလဲ

မောင်သောင်းဝင်း(တမန်ဟောင်း)



စဉ်ဆက်မပြတ် လည်ပတ်နေသောအချိန်စက်ဝန်းကြောင့် ၂၀၁၇ ခုနှစ်ဆိုသော နှစ်သစ်ကို ချဉ်းနင်းဝင်ရောက်လာသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ပြောင်းသည်မှာ မဆန်းလှပေ။ သို့သော်နှစ်သစ်တွင်ဘာတွေလုပ်သွားမလဲဆိုသော မေးခွန်းအားဖြေဆိုနိုင်ရန်သည် ရိုးရှင်းလွယ်ကူမည်မဟုတ်ချေ။ လွယ်လွယ်ဖြေလိုက်မည်ဆိုလျှင် လွယ်လွယ်သာဖြစ်နေကြမည်ဖြစ်သည်။ လူတစ်ဦးချင်းစီတွင် လုပ်ဆောင်ဖွယ်ရာများစွာရှိကြသည်။ ထိုလုပ်ဆောင်ဖွယ်ရာများ၊ စိတ်ကူးအိပ်မက်များကို ရုပ်လုံးပေါ်လာသည်အထိ လက်တွေ့အကောင်ထည်ဖော်နိုင်ခြင်းရှိ၊ မရှိသည်လူတစ်ဦးချင်းစီ၏ခံယူချက်နှင့် ကြိုးပမ်းမှုအပေါ်တွင်သာမူတည်နေမည်ဖြစ်သည်။

အဆွေစာရှုသူအနေဖြင့်လည်း တိုးတက်အောင်မြင်လိုပါက ၂၀၁၇ ခုနှစ်တွင်လုပ်ဆောင်သွားလိုသည့် စိတ်ကူးအိပ်မက်များကို ဦးစားပေးအလိုက်ရေးထားသင့်ပါသည်။ သာဓကအနေဖြင့် ကျန်းမာရေးလှုပ်ရှားမှု၊ စာဖတ်ခြင်း၊ ပရဟိတလူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းများစသည်ဖြင့်အသက်အရွယ်အလိုက် မတူညီသောလုပ်ငန်းများရှိနေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လူတစ်ဦးအတွက် အခြေခံအကျဆုံးသော လုပ်ငန်းများကိုသာ မလစ်ဟင်းအောင်အာရုံစိုက်ဆောင်ရွက်သွားမည်ဆိုလျှင် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာသောဘဝများကို ဧကန်မုချပိုင်ဆိုင်နိုင်ကြလိမ့်မည်ဟု ယူဆမိပါသည်။ လူတစ်ဦးချင်းစီတွင် မတူညီသော စိတ်ကူးအိပ်မက်များရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဦးစားပေးလုပ်ဆောင်သင့်သည့် အချို့သောလုပ်ငန်းများကို အကြံပြုတင်ပြလိုပါသည်။ ထိုအရာများကိုသာ စတင်လုပ်ဆောင်နိုင်မည်ဆိုလျှင် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဟု ရိုးသားစွာယုံကြည်မိပါသည်။

### ကျန်းမာရေးလှုပ်ရှားမှု

၂၀၁၇ ခုနှစ်တွင် ပထမဆုံးနှင့်မပျက်မကွက်လုပ်သင့်သောအလုပ်သည် ကျန်းမာရေးလှုပ်ရှားမှုဖြစ်သည်။ "ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး"ဖြစ်သည်ဆိုသောဆောင်ပုဒ်သည် ထာဝရမှန်ကန်လျက်ရှိသည်။ လူတို့သည်ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသည့်အချိန်မှသာသိကြသည်။ ငွေကြေးမည်မျှပင် ကြွယ်ဝနေစေကာမူ ကျန်းမာရေးကို ဝယ်ယူရရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်မည်ဖြစ်သည်။ ထိုသို့ကျန်းမာကြံ့ခိုင်နေစေရန်အတွက်ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို ပုံမှန်လုပ်ဆောင်သင့်သည်။ သာဓကအနေဖြင့် မိနစ်သုံးဆယ်ခန့် လမ်းလျှောက်ခြင်းဖြစ်သည်။ တတ်နိုင်ပါက ချွေးထွက်အောင် အနည်းငယ်ပြေးသင့်သည်။ အထူးသဖြင့် အသက် ၃၀ ကျော်လာပြီဆိုလျှင် ကိုယ်ခန္ဓာတွင် အဆီများပိုလာမည်ဖြစ်သည်။ အရပ်အမြင့်နှင့်ကိုယ်ခန္ဓာအလေးချိန်အချိုးအဆ (BMI) မကိုက်ညီလျှင် ကျန်းမာရေး ချို့ယွင်းနေပြီဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်မျှတသောအစားအသောက်များ၊ အာဟာရဖြစ်စေသောအစားအသောက်များကိုသာ ရွေးချယ်စားသုံးခြင်းသည်လည်း ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ မည်သို့ပင်ဆိုစေကာမူ နှစ်သစ်တွင်ကျန်းမာရေးလိုက်စားနိုင်ရန်အတွက် အားကစားဝတ်စုံ၊ ဦးထုပ်နှင့်ဖိနပ်များ အမြန်ဝယ်ထားသင့်ပေသည်။

### စာဖတ်ခြင်း

လူတစ်ဦးသည် အသိပညာဗဟုသုတများ တိုးပွားနေစေရန်အတွက် နေ့စဉ်စာဖတ်သွားရန် လိုအပ်မည်ဖြစ်သည်။ စာပေ၏အကျိုးတရားများသည် ရေးသား၍ကုန်နိုင်မည်မဟုတ်ချေ။ စာဖတ်သူနှင့် စာမဖတ်သူသည် အချိန်ကြာလာသည်နှင့်အမျှ ယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်နှင့် အမြင်သဘောထားများ ကွာဟသွားပါသည်။ စာမဖတ်သူသည် အကန်းနှင့်တူပြီး သူများပါးစပ်တွင်သာ လမ်းဆုံးနေကြသည်။ စာဖတ်သူများသည် ပြဿနာတစ်ရပ်ကိုမှန်ကန်စွာအဖြေရှာနိုင်ကြသည်။ ထို့အပြင်ဦးဆောင်နိုင်သူများလည်း ဖြစ်လာကြသည်။ စာဖတ်နာသောလူများဖြင့် ဖွဲ့စည်းထားသော လူ့အသိုက်အဝန်းသည် ငြိမ်းချမ်းစည်ပင်ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ စာအုပ်စာပေနှင့် ကင်းဝေးသောလူ့အသိုက်အဝန်းသည် ဒုစရိုက်မှုများ ထူပြောနေမည်ဖြစ်သည်။ ခြွင်းချက်အနေဖြင့် စာဖတ်ထားသော်လည်း လိုက်နာကျင့်ကြံမှုမရှိသည့် လူအချို့လည်း ရှိတတ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ စာဖတ်ခြင်းသည်အကျိုးကျေးဇူးများစွာ ရရှိစေသည်မှာငြင်းပယ်၍ မရသောပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့်စာဖတ်ခြင်းအလုပ်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ဖြစ်မြောက်အောင်အကောင်အထည်ဖော်သွားသင့်ပါသည်။

### ဘာသာရေးလုပ်ခြင်း

လူသားအားလုံးသည် သေခြင်းတရားဆီသို့ ဦးတည်သွားနေကြခြင်းဖြစ်သည်။ လူတစ်ဦးသည် သေဆုံးချိန်တွင် ပိုင်ဆိုင်မှုစနစ်ဥစ္စာများ၊ ဇနီး၊ ခင်ပွန်းနှင့်သမီး၊ သားများ၊ ရာထူး၊ အဆင့်များနှင့် ကျော်ကြားမှုများအားလုံးကို ထားခဲ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် တစ်ပါတည်းယူသွားနိုင်သောအရာကို ရှာဖွေသွားသင့်ပေသည်။ ထိုအရာသည်အခြားမဟုတ်ချေ။ ဒါန၊ သီလ၊ ဘာဝနာပင်ဖြစ်သည်။ မြတ်ဗုဒ္ဓကိုရည်မှန်းလျက် သောက်တော်ရေချမ်း၊ ဆွမ်း၊ ဆီမီးကပ်လှူခြင်း၊ ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ ပုတီးစိတ်၊ တရားထိုင်ခြင်းတို့ကို နေ့စဉ်မပျက်မကွက် ကြိုးပမ်းလုပ်ဆောင်သွားသင့်ပါသည်။ ဘာသာရေးသည် လုပ်လျှင်လုပ်နိုင်သလောက် မိမိအတွက် အကျိုးရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်တွင် ဘာသာရေးလုပ်ငန်းများကိုလည်း ထဲထဲဝင်ဝင် လုပ်ဆောင်သွားသင့်ပါသည်။



### မူးယစ်ဆေးဝါး၊ အရက်၊ ကွမ်း၊ ဆေးလိပ်တို့ကို ရှောင်ရှားခြင်း

မူးယစ်ဆေးဝါးသည် လူသားထုတစ်ရပ်လုံးကိုအညွန့်တုံးစေနိုင်သော ရန်သူဖြစ်သည်။ စိတ်ကြွဆေးပြားများအပါအဝင် မူးယစ်ဆေးဝါးပေါင်းစုံကို မှီဝဲသူများသည် ဘဝပျက်သွားကြသည်။ လက်တည့်စမ်းလိုသော လူငယ်များသည် မူးယစ်ဆေးဝါး၏ သားကောင်များဖြစ်တတ်ကြသည်။ မူးယစ်ဆေးဝါးသည် လုံးဝမစမ်းသပ်သင့်သော အရာဖြစ်သည်။ ထို့အပြင် အရက်၊ ဆေးလိပ်၊ ကွမ်းတို့သည်လည်း ကျန်းမာရေးကို ဆိုးကျိုးပေးသော အရာများဖြစ်ကြသည်။ တတ်နိုင်ပါက ရှောင်ရှားသွားသင့်သည်။ ထိုအရက်၊ ကွမ်း၊ ဆေးလိပ်တို့ကို မှီဝဲခြင်းသည် မိသားစုငွေယိုပေါက်ပင်ဖြစ်သည်။ ထို့ကြောင့် အဘက်ဘက်မှ ဆိုးကျိုးပေးသော မူးယစ်ဆေးဝါး၊ အရက်၊ ကွမ်း၊ ဆေးလိပ်တို့ကို ၂၀၁၇ ခုနှစ်အတွင်း လုံးဝရှောင်ရှားသွားသင့်ပါသည်။

### ပရဟိတပြုလုပ်ခြင်း

အကူအညီ လိုအပ်နေသူများကို ကူညီခြင်းသည် ပရဟိတလုပ်ငန်းပင်ဖြစ်သည်။ သဘာဝဘေးဒဏ်သင့်ပြည်သူများကို အရေးပေါ်လိုအပ်သည့် အကူအညီများ ဖြည့်ဆည်းပေးခြင်းသည် လွန်စွာမွန်မြတ်သော ပရဟိတလုပ်ငန်းဖြစ်သည်။ သာမန်အချိန်များတွင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်ခြင်းသည်လည်း ပရဟိတလုပ်ငန်းပင်ဖြစ်သည်။ သာဓကအနေဖြင့် စုပေါင်းသွေးလှူဒါန်းခြင်း၊ ချို့တဲ့ကလေးငယ်များအား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများလှူဒါန်းခြင်း၊ ရောဂါသည်များအား နှစ်သိမ့်ဆွေးနွေးခြင်းများဖြစ်သည်။ ငွေကြေးမကုန်ကျဘဲလုပ်နိုင်သော ပရဟိတလုပ်ငန်းများစွာရှိသည်။ သာဓကအနေဖြင့် သက်ကြီးရွယ်အိုများအား ခြေသည်း၊ လက်သည်းဖြတ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ရပ်ကွက်သန့်ရှင်းရေးလုပ်ခြင်းနှင့် အမှိုက်ကောက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ သတ်မှတ်သည့်နေရာများတွင် အမှိုက်သရိုက်များစွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့သည်လည်း ပရဟိတလုပ်ငန်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၇ ခုနှစ်တွင် ပြည်သူလူထုအား အကျိုးပြုစေမည့် ပရဟိတလုပ်ငန်းများကို တတ်နိုင်သမျှ လုပ်ဆောင်သွားသင့်ပါသည်။

### ဘာသာစကားသင်ကြားခြင်း

ဘာသာစကားသည် လူတစ်ဦးချင်း ထိတွေ့ဆက်ဆံရာတွင် များစွာအခရာကျလျက်ရှိသည်။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ တွင်ကျယ်စွာအသုံးပြုနေသောဘာသာစကားသည် အင်္ဂလိပ်စကားဖြစ်သည်။ အင်္ဂလိပ်စာသည် ဗျည်းနှင့်သရ စုစုပေါင်း ၂၆ လုံးသာရှိသဖြင့် သင်ယူရန်လွယ်ကူသည်။ တိုးတက်လိုသောလူငယ်များအနေဖြင့် မြန်မာစာ၊ မြန်မာစကားအပြင် အခြားဘာသာစကားတစ်ခုခုကို တတ်ကျွမ်းအောင်လေ့လာသင်ယူထားသင့်သည်။ အထူးသဖြင့်အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကိုသာ သင်ယူထားမည်ဆိုလျှင် များစွာအကျိုးရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်အတွင်း ဘာသာစကားတစ်ခုခုကို ကြိုးစားသင်ယူသွားသင့်ပါသည်။

ခြုံ၍တင်ပြရလျှင် ၂၀၁၇ ခုနှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်တစ်နှစ်ကုန်ဆုံးသွားပြီဖြစ်သောကြောင့် ကျွန်တော်တို့အားလုံး လက်ခံလိုက်ရသည့်အချက်သည် အသက်တစ်နှစ် ကြီးသွားခြင်းဖြစ်သည်။ ထိုသို့ အသက်ကြီးလာမှုနှင့်အတူ လိုက်ဖက်သောလုပ်ငန်းတာဝန်များ ချမှတ်ထားရန်လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်တို့အနက် ဦးစားပေးအလိုက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရည်မှန်းထားသင့်ပါသည်။ နှစ်ဟောင်းတွင် အကောင်အထည်ဖော်ခဲ့နိုင်ခြင်းမရှိသော လုပ်ငန်းများကို ဆက်လက်ဖော်ဆောင်ကာ နှစ်သစ်တွင် မိမိတိုးတက်အောင်မြင်မှုအတွက် ကြိုးပမ်းဆောင်ရွက်စဉ် တိုင်းပြည်နှင့်လူမျိုးအကျိုးကိုလည်း တစ်ပြိုင်တည်း စွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ။

ကြော်ငြာ

# ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်
# ဦးစီးပဓာနနာယက ဆရာတော်ကြီး
# အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တမုနိန္ဒ
# သက်တော်(၈၆)နှစ်၊ ဝါတော်(၆၆)ဝါ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ကန်မိန်းကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တမုနိန္ဒဆရာတော်ကြီးသည် (၁၃၇၈ခုနှစ်၊ ပြာသိုလဆန်း ၂ရက်) ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၀၀း၂၀နာရီတွင် ဘဝနတ်နန်းသို့စံမြန်းတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်အား လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်၊ သုခဝိဟာရဓမ္မာရုံကျောင်းတော်ကြီးတွင် အပူဇော်ခံထားရှိပြီး၊ (၁၃၇၈ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်) ၁၀-၁-၂၀၁၇ရက်တွင် စံကျောင်းချပူဇော်ကာ (ပြာသိုလပြည့်ကျော် ၈ရက်) ၁၃-၁-၂၀၁၇ရက်(သောကြာနေ့)တွင် သာဓုကီဠနပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ တပည့်သာဝကအားလုံးတို့နှင့် ရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေအားလုံးတို့အား ဖိတ်ကြားအပ်ပါသည်။

၁၃-၁-၂၀၁၇ရက် ဈာပနအခမ်းအနားတွင် ပင့်သံဃာတော်အပါး (၁၀၀၀)တို့အား ဆွမ်း၊ သင်္ကန်းလှူဖွယ်ဝတ္ထုများကို ဘဝနတ်ထံ ပျံလွန်တော်မူသောဆရာတော်ကြီးအား ရည်စူး၍ လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။

သာဓုကီဠနပူဇော်ပွဲကျင်းပရေးကော်မတီ၊
ကန်မိန်းကျောင်းတိုက်၊ လားရှိုးမြို့။


လိုနေသူကို ပေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA) IELTS တန်းခွဲသစ်လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ချိန်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Jan 7 စမည်။
4 SKILLS Level(1,2,3) တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
Young Learner များကို English to English မှန်ကန်စွာ ပြောဆို သင်ကြားပေးနိုင်သည့် အင်္ဂလိပ်စာဆရာ ဖြစ်လာစေဖို့
Certificate in Teaching English for Young Learners ၄၊လ အထူးလက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ အမှတ် ၁၈၊ ၅-လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 398118, 295798

ကျေးဇူးကြီးလှ မိ နှင့် ဖ။ ဘယ်အရာနှင့်မျှ နှိုင်းမရ။
မိဘဂုဏ် ကိုထွေး အဆင့်မြင့်စတီးဘလိတ်ခါးသွားဆူးကြိုးတပ်ဆင်ဖြန့်ချိရေး
အဆင့်မြင့် Steel ဘလိတ်ခါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ် အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျက် ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခမဲ့တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါပြီ။
ရန်ကုန်အရောင်းခန်းမ(၁)-အမှတ်(၁၂)အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး KBZဘဏ်ရှေ့(Capital Hyper Market)အနီး သာကေတမြို့နယ်။
ရန်ကုန်အရောင်းခန်းမ(၂)-အမှတ်(၁၂/၈၈၄)မင်းလုံလမ်းမကြီး၊ ရုပ်ကွက်(AYB)ဘဏ်ဘေးနှင့်(Capital super market)အနီး မြောက်ဒဂုံမြို့နယ်။
မှတ်ချက်-သံချေးမတက်ပါဟု ပြောဆိုကာ ပြည်တွင်းဖြစ် ပစ္စည်းများကို နိုင်ငံခြားဖြစ် ပစ္စည်းများဟု ပြောဆိုရောင်းချခြင်းမျိုးကို ကျွန်ုပ်တို့ လုံးဝ(လုံးဝ) မပြုလုပ်ပါ။
Ph : 09 - 5064145, 09-445064145,09-250058416,09-49276627,09-420707316

အစိုးရတာရားဝင် ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
SEOUL-Korea Language School
EPS - TOPIK
( Korea ဘာသာစကားအရည်အချင်းစစ် စာမေးပွဲ )
ပညာအရည်အချင်းမလို ဘဲ သင်လည်း Korea မှာ ပိုက်ဆံရှာဖို့သွားကြစို့ ။
♣ လတ ( 18) သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက် ။
♣ မြန်မာစကား ကျွမ်းကျင်စွာပြောနိုင်သော Korea လူမျိုး ဆရာKim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ ။
♣ Korea ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြား ပေးနေပါသည်။
♣ EPS ကိုတစ်ကြိမ်တည်းနဲ့ အောင်မြင်ခြင်ရင် ဒီသင်တန်းကို လှမ်းလာခဲ့ပါ။
ရုံးချိန်လွတ် အတန်းများရှိသည် ။ လူဦးရေ ကန့်သတ်ထားပါသည်။
တန်းခွဲသစ် 16 - 1 - 2017 ရက် နောက်ဆုံးထား၍ လက်ခံနေပါသည်။
"တွေဝေမနေဘဲ အခုင်ဆုံးဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်ပါ။"
လိပ်စာ - အမှတ် ( B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။
Ph: -09-770-79-79-79, 09-7958 32100, -09-3292-8585, 09-25982 8585.

လုံးချင်းအိမ်ငှားရန်ရှိသည်
အမှတ်(၁၈/B)၊ အဏ္ဏဝါလမ်း၊ သီရိကန်သာရိပ်မွန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၆၅၀၇၃၃
ဖုန်း-၀၉-၄၄၈၅၅၀၁၄၄

ODYSSEY
0973070193, 0973187799

ခရူသင်း (သမင်ဖြူ)
LEUCODERMA
ခရူသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ မွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ဈေးနှုန်းချိုသာစွာဖြင့် ကားနှင့် လုပ်သားအပါ စီစဉ်ပေးပါသည်။
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group

W.S.D Pile
Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com
Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507

## လွမ်းဆွတ်သတိရအမျှဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**သီရိပျံချီစည်သူ ဗိုလ်မှူးကြီးသိမ်းတုတ်(ငြိမ်း)(စစ်ကိုင်း)**

**(ကြည်း-၃၆၄၇) မျိုးချစ်မဟာတပ်မတော်အရေးတော်ပုံဂုဏ်ထူးဆောင်လက်မှတ်ရ**

**လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**

**အငြိမ်းစား သံအမတ်ကြီး**

ကျေးဇူးရှင်ဖခင်ကြီး၊ မိခင်ကြီးတို့ မိသားစုနှင့်ခွဲခွာသွားသည်မှာ ဖခင်ကြီး အနေဖြင့် ၅-၁-၂၀၁၇ရက်တွင် (၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ မိခင်ကြီး ဒေါ်ကြည်ကြည် အနေဖြင့် (၁၉)နှစ်ကျော်ခဲ့ပြီဖြစ်သော်လည်း မိသားစုများမှ နေ့စဉ်နှင့်အမျှ အောက်မေ့သတိရလျက်ရှိပါသည်။ ကျေးဇူးရှင်မိဘနှစ်ပါးအား နေ့စဉ်ရည်စူး၍ ပြုလုပ်လျက်ရှိသော ကောင်းမှုကုသိုလ်များနှင့် လစဉ်လဆန်း (၅)ရက်ရောက်တိုင်း မပျက်မကွက်ပြုလုပ်လျက်ရှိသောရည်စူးကုသိုလ်များနှင့်တကွ (၂)နှစ်ပြည့်တွင် လည်းပြုလုပ်သော ကုသိုလ်ဒါနများကို မိဘနှစ်ပါးတို့ ရောက်ရှိရာ မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ် ဆိုနိုင်ပါစေ။

ကျေးဇူးရှင်ဖခင်ကြီးနှင့်ကျေးဇူးရှင်မိခင်ကြီးတို့ရေ အမျှ . . အမျှ . . အမျှ . .

**ကျန်ရစ်သူညီ ညီမများ၊ သားသမီးမြေးများ**

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှဝေပေးခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်မိုး(ဖျာပုံ)

## (၅-၁-၂၀၁၅)-(၅-၁-၂၀၁၇)

ခွဲခွာသွားသည်မှာ ၅-၁-၂၀၁၇ရက်တွင် (၂)နှစ်ပြည့်သော်လည်း အောက်မေ့ သတိရလျက်ရှိပါသည်။ ဇနီးအားရည်စူး၍ ဖျာပုံမြို့နယ်၊ ငတောကျေးရွာတွင် (၁) ဘုန်းကြီးကျောင်းနှစ်ထပ်ကျောင်းဆောင်တစ်ကျောင်း၊ (၂)သိမ်အတွက် အလှူငွေ ကျပ်သိန်း(၁၀၀)၊ (၃) ဘုန်းတော်ကြီးသင်မူလတန်းကျောင်းတစ်ကျောင်း၊ (၄) ဉာဏ်တော်သုံးပေကြေးဆင်းတုတော်တစ်ဆူ၊ (၅) သမိန်ထောကျေးရွာတွင် သိမ်ဟောင်းပြုပြင်ခြင်း၊ (၆) မေခအိမ်ရာ မဇ္ဈာရုံတွင် ကြေးဆင်းတုတော် တစ်ဆူနှင့် နေ့စဉ်၊ လစဉ် ကုသိုလ်ကောင်းမှုများ ဆောင်ရွက်၍ အမျှပေးဝေလျက် ရှိပါသည်။

မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**ခင်ပွန်း-ဦးဆန်းထွန်း**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ပြည်တွင်းအခွန်များဦးစီးဌာနနှင့်မိသားစု**

## (၆)လပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

## ဦးသန့်စင်စိုး B.E (Electronic)

## (မိတ္ထီလာ)

## အသက်(၄၇)နှစ်

(၅-၇-၂၀၁၆) - (၅-၁-၂၀၁၇) ချစ်လှစွာသောသားလေး ကွယ်လွန်သည်မှာ (၆)လပြည့်ပြီးဖြစ်ပါသည်။ သားလေးအား ရည်စူး၍ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအဝဝအားအမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

**ဖေဖေ ဦးစိုးသိန်း**

**မေမေ ဒေါ်ခင်နှင်းရီ**

**မောင်နှမနှင့်တကွ တူ၊ တူမများ**

**ရန်ကုန်မြို့။**

သစ်တောနဲ့ သစ်ပင်

ချစ်ခင်တဲ့ လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး

**ဦးကျင်အေး[၁၂/သဃက(နိုင်)၀၄၀၇၉၂]နှင့် အများသိစေရန်**

ဦးကျင်အေး[၁၂/သဃက(နိုင်)၀၄၀၇၉၂]နှင့် ဒေါ်စန်းစန်းအေး(ခ)ဒေါ်ဂျိုးဖြူ[၁၂/ဒပန(နိုင်)၀၄၄၃၂၃]တို့သည် စိတ်သဘောထား မတိုက်ဆိုင်သည့်အတွက် ၂၈-၁၀-၂၀၁၀ရက်၌ ဒေါပုံမြို့နယ် တရားရုံးတွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဦးကျင်အေးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဒေါ်စန်းစန်းအေး(ခ)ဒေါ်ဂျိုးဖြူနှင့် လုံးဝမသက်ဆိုင်ကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးကျင်အေးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး(ခ)ဒေါ်ဂျိုးဖြူ**

**[၁၂/ဒပန(နိုင်)၀၄၄၃၂၃]**

**အမှတ်(၂၈၂/ခ)၊ သဘော်ကျင်း(၂)လမ်း၊ ဒေါပုံမြို့နယ်။**

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း အလှူ့ဒါယကာကြီး**

### ဦးမောင်စောအောင်

**(အ. မ. က-အုပ်၊ ငြိမ်း)**

**ရသေ့တောင်မြို့နယ်အသင်း၊ နာယက(ရန်ကုန်)**

### အသက် (၈၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၂၂)၊ သုံးလွှာ(B)နေ (ဦးစောလှဦး-ဒေါ်မစာမ)တို့၏သား၊ (ဦးမောင်ကျော်အေး-ဒေါ်ဦးစောမြ)တို့၏သားသမက်၊ ဒေါ်အေးကျော့ယဉ်၏ခင်ပွန်း၊ ဒေါ်ဦးစောနု၊ (ဒေါ်စောနုအေး)တို့၏မောင်၊ ဒေါ်စံနု၊ (ဦးကျော်ဝင်း)၊ ဦးကျော်ဇောတို့၏အစ်ကို၊ ဒေါ်သန်းသန်းဦး၊ ဦးစောအေးထွန်း-ဒေါ်ခင်သန်းနွဲ့၊ ဦးစောဝင်းထွန်း-ဒေါ်ဇာခြည်လွင်၊ မစောယုမော် (ခေတ္တ-U.S.A)တို့၏မွေးသဖခင်၊ ဗိုလ်ကြီးဒေါက်တာနိုင်ဝင်း-ဒေါက်တာစိုးမိုးသူဇာ၊ မစိုးမိုးကေသီ(ခေတ္တ-U.S.A)၊ မောင်မျိုးသီဟစိုး(M.B.B.S, 3rd years)၊ မောင်ကောင်းခန့်ကျော်၊ မချောစုလှိုင်၊ မောင်ခိုင်စောမျိုးသွေးတို့၏အဘိုးရှင်၊ မဝင့်ဝါဖူး၏အဖီးရှင်သည် ၃-၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် S.S.C အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ( နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### တစ်ဦးတည်းဖြစ်ကြောင်း

သာယာဝတီမြို့၊ တိုက်ကျောင်းလမ်းနေ အဖ ဦးစံမောင်၏သမီး မနွယ်ဖောလာစော(ခ)မတင့်တင့်နိုင် [၇/သဝတ(နိုင်)၁၃၉၃၉၃]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနွယ်ဖောလာစော(ခ)မတင့်တင့်နိုင်**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး(ငြိမ်း)၊ (၈၇)နှစ်

**(Govt-High School- အထက(၁) စစ်တွေဂုဏ်ထူးဆောင်ကျောင်းသူဟောင်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ်(၁၇/ခ)နေ ဒုတိယဝန်ကြီးချုပ်(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)၏ဇနီး၊ Govt-High School-အထက(၁) စစ်တွေ၏ ဂုဏ်ထူးဆောင်ကျောင်းသူဟောင်း ပါမောက္ခဒေါက်တာဒေါ်နန်းဦး(ငြိမ်း)သည် ၂-၁-၂၀၁၇ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထက(၁) စစ်တွေ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူဟောင်းများ**

**ရန်ကုန်မြို့**

### ဝမ်းနည်းကြေကွဲခြင်း

### ဦးဝမ်ကြည် (၇၂)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ အမှတ် (၂၅)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်နေ ဒေါ်နုနုယဉ်၏ခင်ပွန်း ဦးဝမ်ကြည် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန)သည် ၂-၁-၂၀၁၇ ရက်နေ့ နံနက် ၁၀း၃၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမော်သာထွေး၊ ဒုတိယဝန်ကြီး(ငြိမ်း)နှင့် ဇနီး**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

### ဦးဝမ်ကြည် (၇၂)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ အမှတ် (၂၅)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်နေ ဒေါ်နုနုယဉ်၏ ခင်ပွန်း ဦးဝမ်ကြည် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန)သည် ၂-၁-၂၀၁၇ ရက်နေ့ နံနက် ၁၀း၃၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းအမှုထမ်းများ**

**ရေအားလျှပ်စစ်အကောင်အထည် ဖော်ရေးဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

ဦးမင်းဇော်လွင် @ Manorhar (Intructor MMEATC) အသက် (၄၆)နှစ် (မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း ဝန်ဆောင်မှု သမဝါယမသင်တန်းကျောင်း)သည် ၁-၁-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**

**မြန်မာနိုင်ငံ ရေကြောင်း အင်ဂျင်နီယာအသင်း**

**ဝန်ဆောင်မှု သမဝါယမသင်တန်းကျောင်း**

### ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ထွေး(စာရေးဆရာမောင်တွေးထက်) (၄၉)နှစ်

**ဦးစီးအရာရှိ(ပြည်သူ့လွှတ်တော်ရုံး)**

**နေပြည်တော်စာပေဝိုင်းဦးဆောင်သူ**

**ဥက္ကဋ္ဌ၊ နေပြည်တော် မှုခင်းသတင်းထောက်များအသင်း**

ရန်ကုန်မြို့နေ ဒေါ်ခင်မို့မို့လွင်(ရန်ကုန်မြို့တော်စည်ပင်-စီမံဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မယုယဟန်ထွေး(ဒုတိယနှစ်-နိုင်ငံတကာဆက်ဆံရေး ပညာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဝေယံကောင်းထက်(စတုတ္ထတန်း-A၊ အထက-၆၊ ဗိုလ်တထောင်)တို့၏ဖခင် ဦးတင်ထွေးသည် ၃-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **နေပြည်တော် စာပေဝိုင်းတော်သားများ**

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**

### ဦးလှသိန်း(စစ်တွေ) အသက်(၈၈)နှစ်

**စစ်မှုထမ်းဟောင်း(ဆက်သွယ်ရေးတပ်) ဆောက်/လျှပ်(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၄၃) ပထမထပ်နေ (ဦးထွန်းစံဖြူ-ဒေါ်သန္တာညို)တို့၏သား၊ (ဦးစောမောင်-ဒေါ်မဖိတ်)တို့၏သားသမက်၊ ဒေါ်ညွန့်စိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစောရွှေ-ဒေါ်ဖြူဖြူလှ(U.S.A)၊ ဦးစံရွှေမောင်(C/O. W.T.M Co Ltd.)- ဒေါ်နုနုစံ၊ ဦးစံတင်-ဒေါ်အိအိခိုင်(U.S.A) ၊ ဦးဇော်ထွန်းဝင်း-ဒေါ်ငြိမ်းငြိမ်း၊ ဦးထွန်းထွန်းဦး J.S.M Co.,Ltd- ဒေါ်အေးမေ(LADY SMART STORE) ၊ ဒေါ်ဖြူဖြူသန်း(သစ်လွင်စတိုး)၊ ဦးထွန်းထွန်း-ဒေါ်ခင်ခင်ငြိမ်း၊ ဦးစိုးမိုးနိုင်-ဒေါ်အေးအေးမော်(U.S.A) ၊ ဦးမောင်မောင်ဦး(အကောက်ခွန်မှူး)-ဒေါ်မြင့်မြင့်မော်တို့၏ ချစ်လှစွာသော မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏အဘိုးရှင်သည် ၁-၁-၂၀၁၇(တနင်္ဂနွေနေ့) ည ၉း၃၀နာရီတွင် ဗဟိုစည် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [၇-၁-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မြင့်မြင့်ချစ် (ဘိုကလေးမြို့)

### အသက် (၈၉)နှစ်

ဘိုကလေးမြို့၊ ဘုရားကြီးလမ်းနေ ကဝိစက္ခုစာပုံနှိပ်တိုက် (ဦးချစ်-ဒေါ်ကြည်ကြည်)တို့၏ သမီးကြီး၊ (ဦးဘထွန်း-ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၅၀)၊ မြေညီထပ်နေ [ဦးအုန်းကြည် (BA, BCS ရုံးအဖွဲ့မှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)]၏ဇနီး၊ ဦးဇော်လင်းဦး (MD, MOS Lumber Products Co., Ltd)-ဒေါ်သူဇာချယ် (MD, မိုးမြချယ် Co.,Ltd)၊ ဒေါ်ခင်မူယာ (AGD Bank၊ လမ်းမတော်ဘဏ်ခွဲ)၊ ဒေါ်ခင်သူဇာ(Super Coffee mix) ၊ ဦးမောင်နု(Project Enginner, Johnson Control(s) Co., Ltd)-ဒေါ်ခင်မီမီအေး(Xpace Pte. Ltd-Singapore)တို့၏မွေးသမိခင်၊ မောင်သီဟလင်း (Singapore Marine Academy)၏အဘွားသည် ၃-၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ပိဋကတ်သုံးပုံ၊ ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်၊မုခ်ဦး၊ ပလ္လင်၊ နတ်လမ်း၊ ကုဋီ ဒါယကာကြီး**

### ဦးထွန်းလှိုင် (၈၅)နှစ်

**လက်ထောက်ဌာနခွဲမှူး (ငြိမ်း)၊ မထသ**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ (ဦးအောင်ကြီး-ဒေါ်ကျင်ယုံ)တို့၏သား၊ (ဦးမြစ်-ဒေါ်မြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း (၁)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(2/3D)နေ ဒေါ်ခင်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကိုကို-ဒေါ်ဝင်းဝင်းတင်၊ ဒေါ်အေးအေးမာ၊ ဦးခင်မောင်မောင်မြင့်၊ ဦးအောင်ကို-ဒေါ်အေးစန္ဒာဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ် ယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၇ (တနင်္လာနေ့)ညနေ ၄း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## (၁၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း(၂၀၀၄-၂၀၁၇)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

**ဦးဟန်မြတ်မော်(မြန်မာ့ရုပ်မြင်သံကြားဦးစီးအရာရှိ-ငြိမ်း)**

**တေးသံရှင်တက္ကသိုလ် ဟန်မြတ်မော်( နတ်မောက်)**

ကျေးဇူးရှင်ဆရာ ဦးဟန်မြတ်မော်ကွယ်လွန်ခဲ့သည်မှာ ၅-၁-၂၀၁၇ ရက်တွင် (၁၃)နှစ်တင်းတင်း ပြည့်ခဲ့သော်လည်း စက္ကန့်နှင့်အမျှ သတိရလျက်ရှိပါသည်။ သမီးတို့မိသားစု ပြုသမျှ ကုသိုလ်ကောင်းမှုများကို အမျှအတန်းပေးဝေရင်း ဆရာကောင်းရာ ဘုံဘဝမှ သာဓု ခေါ်နိုင်ပါစေ။ တစ်ခိုင်လုံးရွှေ၏ အနုပညာ အနှစ်(၃၀)ကျော်ခရီးကိုဖြတ်သန်းရင်း ဆရာ၏ ကျေးဇူးတရားများကို နေ့စဉ် ကျေးဇူးဆပ်သတိရလွမ်းဆွတ်လျက်ပါဆရာ------

**ချစ်ဇနီး/တပည့်** **တစ်ခိုင်လုံးရွှေအေးအေးမြင့်**

**(Interational Arch of Europe Award)**

**သားလေး-** **မောင်မြင့်မြတ်မောင်**

**B.Sc (Hons) Business IT University of Greenwich, UK**

**ညီမများ -** **ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်ခင်ခင်စု**

**တစ်ခိုင်လုံးရွှေ (Myanmar Culture Show)**

ဒေါ်တင်ညွန့် (၈၃)နှစ် (၂၄- ၇-၂၀၁၅)

ဒေါ်မေဝင်းကြည် (၆၂)နှစ် ( ၅- ၁-၂၀၁၆)

ဒေါ်ခင်စန်းကြည် (၅၇)နှစ် ( ၇-၁၂-၂၀၁၆)

ဆွေမျိုးမိတ်သင်္ဂဟများအပေါ် စင်ကြယ်စွာ ဆက်ဆံတတ်သော သားအမိ ကောင်းရာမွန်ရာ ဘုံဘဝကို ရောက်နေမှာပါ။ တစ်သက်လုံးလွမ်းဆွတ်တသနေရလျက်

**ကျန်ရစ်သူ**

## (၄)နှစ်ပြည့်အလွမ်း

ဒေါ်ဆွေဆွေသက်(ခ)ဒေါ်ညွန့်တင်(ရေးမြို့)

အသက်(၇၇)နှစ်

(၅-၁-၂၀၁၃)-(၅-၁-၂၀၁၇)

မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ယနေ့(၄)နှစ်တိုင်ခဲ့ပါပြီ။ (၄)နှစ်တာ ကာလအတွင်း မိခင်ကြီးအား ရည်စူး၍ မင်းကွန်းကျောင်း ဆရာတော်ကြီးများအား လစဉ် လပတ်ဆွမ်းကပ်ခြင်း၊ နဝကမ္မ အလှူငွေများ လှူဒါန်းခြင်း၊ နေလကမ္ဘာဆရာတော်ကြီးအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ နဝကမ္မအလှူငွေများ လှူဒါန်းခြင်း၊ (၁၅)ကြိမ်မြောက် ကထိန်ခင်းခြင်း၊ မိခင်ကြီး တည်ထားကိုးကွယ်ခဲ့သည့် ရေးမြို့ရှိ ဘုရားအားပြန်လည်ပြုပြင် မွမ်းမံခြင်း စသည့်လှူဒါန်းမှု အစုစုများနှင့် မိသားစုအားလုံး၏ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်သော လှူဒါန်းမှုများအားလုံးအတွက် မိခင်ကြီးအား အမျှပေးဝေပါတယ်။ မိခင်ကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

ကျေးဇူးရှင်မိခင်ကြီး အမျှ-အမျှ-အမျှ

မိခင်ကြီး ခွဲခွာသွားတာ (၄)နှစ်ကြာခဲ့ပေမယ့်လည်း နွေးထွေးသော မိခင်ကြီး၏မေတ္တာများအား အစဉ်တမ်းတ လွမ်းဆွတ်စွာဖြင့်-

**စိမ်းလဲ့ကန်သာမိသားစု**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား သုံးထောင်ကျော် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး ဟူသည့် အမျိုးသားရေးဦးတည်ချက်(၄) ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၇ ခုနှစ်

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ❖**



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

## မောင်တောမြို့၌ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် အထိမ်းအမှတ်ပျော်ပွဲ ရွှင်ပွဲများ ကျင်းပ

**မောင်တော ဇန်နဝါရီ ၄**

ရခိုင်ပြည်နယ်မောင်တောမြို့တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်၍ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို မြို့နယ်အားကစားကွင်းအတွင်း နံနက် ၇ နာရီခွဲက ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ဖတ်ကြားသည်။ ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း မြို့နယ်အတွင်းတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်မှု ဆုရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

ယင်းနောက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပရာ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ခြင်းလုံးခတ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ကလေးများ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၅၀၀ အပြေးပြိုင်ပွဲများကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ ညနေပိုင်းတွင် အားကစားပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ကိုမင်း(ကြေးမုံ)**



(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် မောင်တောမြို့ မြို့နယ်အားကစားကွင်းတွင် ဇန်နဝါရီ ၄ ရက်က ကျင်းပသည့် ကင်းမြီးကောက်အပြေးပြိုင်ပွဲတွင် ကလေးများ ပျော်ရွှင်စွာ ယှဉ်ပြိုင်နေကြစဉ်။

## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်ဖြစ်လာနိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသသို့ ဝင်ရောက်နိုင်ဖွယ်ရှိ

**နေပြည်တော် ဇန်နဝါရီ ၄**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် လာမည့်ဇန်နဝါရီ ၆ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသသို့ ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဘင်္ဂလားပင်လယ်အော်မှာဖြစ်နေတဲ့ လေဖိအားနည်းရပ်ဝန်းကို နောက် ၂၄ နာရီအတွင်း အားကောင်းမယ်လို့ ခန့်မှန်းထားတယ်။ လောလောဆယ်တော့ အားကောင်းမလာသေးဘူး။ မုန်တိုင်းငယ်ဖြစ်လာနိုင်ဖို့လည်း ဖြစ်နိုင်စွမ်းတော့များတယ်။ မြန်မာနိုင်ငံပေါ်ကို ဆောင်းရာသီမှာ တိုက်ခတ်တတ်တဲ့ အရှေ့မြောက်ဘက်ကလေတွေကလည်း အားကောင်းနေတယ်။ အဲဒီလိုဖြစ်နေတဲ့အခါမျိုးမှာ လေဖိအားနည်းရပ်ဝန်းတွေဖြစ်ပေါ်တာတွေရှိပါတယ်။ လေဖိအားနည်းရပ်ဝန်းအဖြစ်ကနေ မုန်တိုင်းငယ်ဖြစ်နိုင်တဲ့ အနေအထားတွေရှိတယ်။ လက်ရှိမှာလည်း မိုးတွေကရွာနေတာလေ။ လေဖိအားနည်းရပ်ဝန်းလည်းဖြစ်နေတယ်။ နောက်တစ်ရက်နှစ်ရက်လောက်မှာ မုန်တိုင်းငယ်အနေနဲ့ ဖြစ်ပေါ်လာဖို့ အလားအလာတွေရှိနေတယ်။ ခန့်မှန်းချက်တွေအရကတော့ အားကောင်းတဲ့မုန်တိုင်းငယ်အဖြစ် ရောက်ဖို့ရှိပြီး ၎င်းရဲ့အရှိန်ကြောင့် မြန်မာနိုင်ငံရဲ့ ဒေသတော်တော်များများမှာ မိုးရွာသွန်းမှုတွေဖြစ်နေပါတယ်။ အခုဖြစ်နေတဲ့ လေဖိအားနည်းရပ်ဝန်းကနေ မုန်တိုင်းငယ်ဖြစ်လာခဲ့ရင်တော့ မြန်မာနိုင်ငံတောင်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဘက်တွေမှာ မိုးရွာသွန်းမှုတွေ ပိုပြီးများလာနိုင်တယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍**



**ကားမျိုးစုံ**
Alphard, Hiace ၉/၁၁ယောက်စီး၊ အနိစတား၊ ၂၄/၃၃/၃၅/၄၅/၄၉ယောက်စီးများကိုခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249,095418126

**ကိုသန့်ဇင် CAR RENTAL**
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

လူတကာစွဲမက်တဲ့ ဖွဲ့ထက် စိန်ရွှေရတနာဆိုင်

## လားရှိုး-မန္တလေး အထက်မြန်မာပြည်တစ်ဝန်းတွင် အောင်မြင်နေသော "လူတကာစွဲမက်တဲ့" ဖွဲ့ထက်စိန်ရွှေရတနာဆိုင်ကြီး၏ သတင်းကောင်း ........

ဖွဲ့ထက်စိန်ရွှေရတနာဆိုင်ကြီး၏ ဆိုင်အမှတ်(၅)ကို ၊မဟာဗန္ဓုလလမ်း(၂၂×၂၃)လမ်းကြား၊ မောင်ခိုင်လမ်းထောင့်၊ ရန်ကုန်မြို့တွင် ၂၀၁၇ခုနှစ်မတ်လ(၉)ရက်တွင် စိန်၊ရွှေ၊ပလက်တီနမ် ရတနာပစ္စည်းအမျိုးပေါင်းများစွာပါဝင်သော ဗလာမပါကံစမ်းမဲ အစီအစဉ်ဖြင့် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိန်ရွှေရတနာချစ်သူ ကျေးဇူးရှင် မိဘပြည်သူများသို့ သတင်းကောင်းပါးလိုက်ပါသည်။

- စိန်ထည်ပစ္စည်းဆိုလျှင် ပြန်လဲ(၃%)၊ ပြန်သွင်း(၅%)....(အလျော့သီးသန့်မနုတ်ပါ)
- ပလက်တီနမ်ဆိုလျှင် (White Gold, 750 18K)တစ်မျိုးတည်းသာသုံးပြီး ပြန်လဲ(၁၂%) ၊ ပြန်သွင်း(၁၇%)
- ရွှေဆိုလျှင် အရည်အသွေးပြည့်မီပြီး ရောင်းဈေး၊ဝယ်ဈေးမခွာဘဲ အလျော့တွက်ယူပါက လက်ခမယူပါ၊ လက်ခယူပါက အလျော့တွက်မယူပါ?

ဆိုင်(၁) -မြို့မဈေး ၊လားရှိုးမြို့။ 082-26954 ဆိုင်(၂) -ဒိုင်းမွန်းပလာဇာမြေညီထပ်၊ မန္တလေးမြို့။ 09-6701126 ဆိုင်(၃)-လမ်း၃၀ နှင့်၈၄လမ်းထောင့်၊ မန္တလေးမြို့။ 02-68126 ဆိုင်(၄) -၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ မန္တလေးမြို့။ 09-402676687

## နှစ်သစ်ကူးအောင်မြင်ရေးဟောပြောပွဲ



ဆရာ ဦးကျော်ကျော်ရှိုင် (SMART)
ဥက္ကဋ္ဌ (SMART Group of Companies)
ဟောပြောမည့်ခေါင်းစဉ်
ပျော်ရွှင်မှု

LIFE & SUCCESS ORGANIZATION SEMiNAR

2017 NEW YEAR SUCCESS TALK

ကျင်းပမည့်ရက် - ၈-၁-၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ( ၁၀း၀၀ ) နာရီ
ကျင်းပမည့်နေရာ - ကုန်သည်စက်မှုအသင်းချုပ်၊ RUMFCCI ခန်းမ (ရန်ကုန်)။

ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ)
CEO & Founder (Myanmar's Land Institute)
ဟောပြောမည့်ခေါင်းစဉ်
မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အောင်မြင်ခြင်း



မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

CMHL Platinum Sponsors PARAMI ENERGY

Gold Sponsors VJV Flexible Access Spectrum OKM SUCCESS Property Consultant

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများမှစီစဉ်ကျင်းပသော

# Yangon ICT Fair 2017

၂၀၁၇-ခုနှစ် ၊ ဇန်နဝါရီလ (၆) ရက် မှ (၈) ရက် အထိ

MCIA Yangon MCPA Yangon

တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း ၊ ရန်ကုန်မြို့




## ဘယ်နေရာမဆို ဘာပဲလိုလို ?

## ရန်ကုန်လမ်းညွှန် 2017

ထွက်ပြီ

BOOK A B | WEBSITE | MOBILE

Everything U Need

HOT LINE : 01-8619277 | www.yangondirectory.com


M40,M50
MPT SMARTPHONE
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
FREE SIM WITH INTERNET
15 GB FOR M50 - 4.5 GB FOR M40
MPT
M40 4.0 inch
32,000 Ks
M50 5.0 inch
99,000 Ks
ဖုန်းဝယ်ယူစဉ်တွင် ပါရှိသည့် MPT SIM CARD ကို SIM 1 တွင် ထည့်သွင်းအသုံးပြုမှသာလျှင်
FREE INTERNET ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# လှိုင်မြို့နယ်ရှိအဆင့်မြင့်ကွန်ဒို

AFTER KEY လစဉ် 11 သိန်း

လ 100

ပေးပြီး ကွန်ဒိုဝယ်နိုင်ပြီ

10 ခန်းသာ ရောင်းမည်

APRIL-2017 အခန်းအပ်

7,8,JAN-2017
(၃)၊မဟာဆွေလမ်း၊
လှိုင်တွင်ရောင်းချပါမည်။

DEVELOPED BY
i GREEN










## zciftrnfrSef

မော်လမြိုင်မြို့၊ အမက(မူလွန်)၊ အောင်တော်မူ ပထမတန်းမှ မောင်ဖြိုးမင်းဦး၏ဖခင်အမည်မှန်မှာ ဦးနိုင်ဦး [၆/ရဖန(နိုင်)၀၆၂၃၆၉] ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး**




## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာ အနောက်(၁၁)လမ်း၊ အမှတ်(၅၆၆/က)နေ ဦးသက်နိုင်ဦး[၁၂/သကတ(နိုင်)၁၅၃၃၅၁]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်ဦးနှင့် မဝေလွင်ဦး[၇/ရတန(နိုင်)၁၁၉၇၂၁]တို့မှာ ၁၂-၁၁-၂၀၁၃ရက်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြပြီးနောက် ဦးသက်နိုင်ဦးမှာ နိုင်ငံခြားသင်္ဘောသို့ တက်ရောက်နေစဉ် မဝေလွင်ဦးမှာ အိမ်ထောင်ရေးဖောက်ပြန်မှုများ ပြုလုပ်ခဲ့သဖြင့် ဦးသက်နိုင်ဦးက မဝေလွင်ဦးအပေါ် ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၂၇၂/၂၀၁၆ဖြင့် လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှုအဖြစ် စွဲဆိုခဲ့ရာ တရားရုံးတော်မှလည်း စွဲဆိုသည့်အတိုင်း လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစေသည့် အနိုင်ဒီကရီချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ ဦးသက်နိုင်ဦးနှင့် မဝေလွင်ဦးတို့မှာ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်မှုမရှိတော့ကြောင်းနှင့်မဝေလွင်ဦး နှင့် စပ်လျဉ်း၍လည်း ဦးသက်နိုင်ဦးအနေဖြင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းနိုင် B.Sc,H.G.P အထက်တန်းရှေ့နေ(စဉ်-၁၇၆၀၅)**
**အမှတ်-၁၃၂(ပ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ဘုရင့်နောင်ဟံသာဝတီ (၃) လမ်း၊ အမှတ်(၅၇)နေ ဒေါ်မြင့်ခင်၏သမီးဖြစ်သူ မမေနွယ်လှိုင် [၁၀/ကထန(နိုင်)၀၈၈၄၅၅]ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝလုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်မြင့်ခင် [၁၀/ကထန(နိုင်)၀၁၃၇၁၃]

## အများသိစေရန် ကြေညာခြင်း

ဒေါ်ခိုင်မိုးဆန်း[၁၂/အစန(နိုင်)၁၈၀၄၃၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ ရွှေတဆုပ်လမ်း၊ အမှတ်(၁၈၆/၅၉) မြေကွက်ပေါ်ရှိ (၄)လွှာ၊ အဆောက်အအုံ၏ ဒုတိယထပ်(၃)လွှာ (ညာဘက်ခြမ်း)၊ ဧရိယာ ပေ (၃၅×၄၀) ရှိ တိုက်ခန်းကို ဒေါ်ခိုင်မိုးဆန်းမှ ၁၆-၂-၂၀၁၃ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအချိန်ထိ လက်ရောက်နေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ ၁၆-၂-၂၀၁၃ရက်စွဲပါ အရောင်းအဝယ်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းစာချုပ်အား ယနေ့မှစ၍ ဖျက်သိမ်းလိုက်ကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ တိုက်ခန်းရောင်းချသူ မြေပိုင်ရှင်တို့နှင့် စာချုပ်အသစ် ပြင်ဆင်ချုပ်ဆိုမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းကို ၁၆-၂-၂၀၁၆ ရက်စွဲပါစာချုပ်ဖြင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်မျိုး အထက်တန်းရှေ့နေ(စဉ်-၂၅၇၄၅)**
**အမှတ်(၈၂)၊ တော်ဝင်လမ်း၊ (၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၆၂ ၂၆၃၀၉၉**

**အိမ်ခန်းငှား/ရောင်းမည်**

ပေ (၁၂. ၅×၆၀)၊
ဆိပ်ကမ်းသာလမ်း(အလယ်)၊
(မြေညီထပ်)
ဖုန်း-၀၉-၄၅၇၄၉၈၈၀၀

## မြေကွက်များဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊
ဒဂုံအရှေ့မြို့နယ်များရှိ
မြေကွက်များ
ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
Ph: 09-260664480,
09-260664490

